www.burmeseclassic.com



# မြသားသွင်

အချစ်နှင့်သာ ဖြစ်တည်ပါသော

L လင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၉၆၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက် ၅၀၁၅၃၄၁၂၀၇

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ ၅၀၀

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ သြဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၀၀ ကျပ်

**ကွန်ပျူတာ**
**Dream City**

# အချစ်နှင့်သာ ဖြစ်တည်ပါသော

## မြသားသွင်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

## အခန်း (၁)

“အဆင်ပြေခဲ့ရဲ့လား မှုံ”

“ဟုတ်ကဲ့”

“အဆင်ပြေပါတယ် ဆရာကြီး၊ ဆရာကြီး ခိုင်းထားတဲ့အတိုင်း ကျွန်မ အားလုံးလုပ်ခဲ့ပါတယ်”

“ကလေးမရော ရတနာဒီပခြံကို မယ်မှုံနဲ့အတူ ပါလာခဲ့ရဲ့လား”

“ဟုတ်ကဲ့၊ ပါလာပါတယ် ဆရာကြီး၊ အစကတော့ ကလေးမက ရတနာဒီပခြံကို သူ မလိုက်ဖို့ငြင်းပါသေးတယ်”

“အင်း...တင်မမရဲ့သမီးပဲ မာနကတော့ တင်မမလိုပဲ သာမှာပေါ့”

သြဇာရိပ် လွှမ်းမိုးလွန်းသည့် ဦးကျော်စွာ၏အသံက



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသည့် အခန်းထဲ စိုးမိုးသွားရသည်။

"ကလေးမက သူ့အမေ တင်မမလို မာနကြီးတာ မှန်ပေမယ့် ဆရာကြီးတို့ သူ့အပေါ်မှာထားတဲ့ စေတနာကို နားလည်အောင် ကျွန်မ ကလေးမကို သေချာရှင်းပြတော့မှ ကလေးမလဲ ဆရာကြီးတို့ စေတနာကို နားလည်သွားပြီး ရတနာဒီပခြံကို သူလိုက်လာခဲ့တာပါ ဆရာကြီး"

စကားကို အပိုအလိုမရှိ သိုင်းသိုင်းဝန်းဝန်း မပြောတတ်ပေမယ့် စိတ်ရင်းမနောကောင်းကာ လူတစ်ဖက်သားကိုဖော်ရွေကူညီတတ်လွန်းသော အသားဖြူဖြူ ဝဝဖိုင့်ဖိုင့်နှင့် ခင်မင်နှစ်လိုဖွယ်ကောင်းသော ရတနာဒီပခြံ၏ အိမ်ထိန်းတော်မယ်မှုံ ခေါ် ဒေါ်ကြီးမှုံသည် ရတနာဒီပခြံ၏ အရှင်သခင် ဦးမေအောင်၏ ဦးရီးတော်လည်းဖြစ် ရတနာဒီပ၏ လူယုံနှင့် ဘဏ္ဍာထိန်းလည်းဖြစ်သော ဦးကျော်စွာကို လေးစားရသူ ပီပီ တရိုတသေ ပြောလိုက်လေသည်။

"အင်း...ကျုပ်ခုလို စီစဉ်တာကို မောင်မေအောင် ဘာမှမသိသေးဘူး၊ ရတနာဒီပခြံကို တင်မမရဲ့သမီး ရောက်နေတယ်ဆိုတာသာသိရင် မောင်မေအောင် စိတ်ဆိုးမှာ သေချာတယ်၊ ကျုပ်လဲ သူမကြိုက်တာ မလုပ်ချင်ပါဘူး၊ ဒါပေမဲ့





ကွယ်လွန်ခါနီး ကျုပ်ဆီက ကတိတောင်းသွားတဲ့ တင်မမရဲ့ ခင်ပွန်း ကျုပ်ညီကို နောက်ဆုံးပေးလိုက်တဲ့ ကတိစကားကိုတော့ ကျုပ် ဘယ်လိုမှ အပျက်မခံနိုင်ဘူး၊ ဒါကြောင့် ဒီကလေးမကို ရတနာဒီပခြံကို ခေါ်လိုက်ရတာပဲ၊ ကျုပ်စီစဉ်တာကို မယ်မှုံ နားလည်တယ် မဟုတ်လား"

ဦးကျော်စွာသည် စကားအရှည်ကြီး တစ်ခုကိုပြောပြီး အတွေ ငြိမ်သက်သွားလေသည်။

BURMESE CLASSIC .com

"ဒီကလေးမကို ရတနာဒီပခြံရဲ့ အသိုက်အမြုံအောက်မှာ ခေါ်ထားတယ်ဆိုတာကလဲ ကိုယ့်ကျင့်တရားနဲ့ စာရိတ္တပိုင်းကိုလဲ ကျုပ်သေချာ စုံစမ်းပြီး သဘောကျမှ ခေါ်လိုက်တာပဲ၊ အဲဒီအတွက် မောင်မေအောင်နဲ့ ကျုပ်စကားပြောရမယ်ဆိုတာ ကျုပ်သိတယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ မောင်မေအောင်လဲ သူ့ဖခင်ရဲ့ နောက်ဆုံးဆန္ဒကို ငြင်းဆန်မယ် မထင်ပါဘူး မယ်မှုံ"

တွေးတွေးဆဆ ပြောလိုက်ပါသည့် ဦးကျော်စွာ စကားကို ဒေါ်မယ်မှုံ ခေါင်းညိတ်၍ နားထောင်လိုက်သည်။

"ကလေးမကို ကြည့်ရတာကတော့ ရိုးရိုးအေးအေးပါ ဆရာကြီး၊ ပြီးတော့ သူလေးက သူ့အဘွားနဲ့ နေခဲ့ရလို့



www.burmeseclassic.com

www.burmeseclassic.com



လား မသိဘူး၊ နေတာထိုင်တာ ပြောတာဆိုတာက အစ သိမ်သိမ်မွေ့မွေ့နဲ့ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးမို့ မောင်မေအောင်အနေနဲ့ သိပ်ပြီး ပြောစရာရှိမယ် မထင်ပါဘူး ဆရာကြီး"

"အေးလေ ကျုပ်လဲ အဲလိုပဲ မျှော်လင့်တာပဲ၊ ဘယ်လိုဖြစ်မယ်ဆိုတာတော့ မောင်မေအောင် ပြန်လာတော့မှပဲ သိရတော့မယ်၊ ဒါနဲ့ ကလေးမလေးရော မယ်မှုံ"

"ရှိပါတယ် ဆရာကြီး၊ အခန်းအပြင်မှာ နေခဲ့ပါတယ် ကျွန်မ ဆရာကြီးကို အရင်လာတွေ့တာပါ၊ ဆရာကြီး ကလေးမကို ကျွန်မ ခေါ်လိုက်ပါ့မယ်"

"အင်း ဘာပဲဖြစ်ဖြစ် တင်မမသမီးဟာ ရတနာဒီပခြံကို ရောက်လာပြီဆိုမှတော့ မောင်မေအောင်နဲ့ ဒီကလေးမ မတွေ့ရခင် ကျုပ်တို့ဘက်က သူနဲ့တွေ့ပြီး ပြောစရာရှိတဲ့ စကား ကြိုပြောထားတာ ပိုကောင်းတာပေါ့ မယ်မှုံ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာကြီးနဲ့ တွေ့ရအောင် ကလေးမကို ကျွန်မ သွားခေါ်လိုက်ပါ့မယ်"

စကားသံနှင့် မရှေးမနှောင်းမှာပင် ဒေါ်မယ်မှုံသည် ဦးကျော်စွာရှေ့မှ တရိုတသေ ခါးတစ်ချက်ညွတ်ကာ အခန်း



BURMESE CLASSIC .com



ပြင်သို့ ထွက်လာခဲ့လိုက်သည်။

ဖျတ်ခနဲ ပွင့်လာသည့် တံခါးဖွင့်သံကြောင့် အတွေးများနှင့် အကြည့်လေးများ ငေးငိုင်နေရသော 'သိုက်' ၏ အကြည့်လေးများက အလိုလိုပင် အခန်းတံခါးဆီသို့ ရောက်ရှိသွားရသည်။

"လာ... မိန်းကလေး၊ ဆရာကြီးနဲ့ တွေ့လိုက်ဦး"

ရတနာဒီပခြံကို ရောက်ပါပြီဆိုကတည်းက ဒေါ်ကြီးမှုံမှလွဲ၍ ယခုချိန်ထိ ကျန်လူ တစ်ဦးတစ်ယောက်ကိုမျှ မမြင်မတွေ့ရသေးသော သိုက်မှာ ဆရာကြီးနဲ့ တွေ့လိုက်ပါဦးဆိုသည့် ဒေါ်ကြီးမှုံ စကားကြောင့် နဂို လှုပ်ရှားနေရသော ရင်ခုန်သံတွေက စိတ်လှုပ်ရှားမှု ကြောက်ရွံ့ အားငယ်မှုများကြောင့် ကိုယ့်ရင်ခုန်သံကိုပင် ကိုယ်ပြန်၍ မထိန်းချုပ်နိုင်တော့လောက်အောင် မြန်ဆန်လာရသည်။

ဘုရား... ဘုရား...

ရတနာဒီပမှာ 'သိုက်'ကို နွေးထွေးစွာ ကြိုဆိုမည့်သူမှ ရှိပါရဲ့လား မသိပါ။

ဆရာကြီးဆိုသူသည် ဘယ်သူဆိုတာ 'သိုက်' မသိပေမယ့် ဒေါ်ကြီးမှုံ ပြောစကားအရတော့ သိုက်အား ရတနာဒီပ



www.burmeseclassic.com

www.burmeseclassic.com



သို့ ခေါ်လွှတ်သူသည် အန်ကယ် ဦးကျော်နောင်၏ အစ်ကို ဦးကျော်စွာဆိုတာကိုတော့ သိုက် သိခဲ့ရပြီဖြစ်သည်။

ဒါဖြင့် ယခု 'သိုက်' တွေ့ရမည့် ဆရာကြီးဆိုသူသည် ဒေါ်ကြီးမှ 'သိုက်' အား ပြောပြပါသည့် ဘဘ ဦးကျော်စွာလား၊ ဒါမှမဟုတ် ရတနာ့ဒီပရဲ့ အရှင်သခင်လို့ သူ မသိထားသည့် ဦးမေအောင်ပဲလား ဆိုတာကိုတော့ဖြင့် သိုက် မသိတော့ပါ။

'သိုက်' သိသည့်က လောလောဆယ်ဆယ်မှာ သူမသည် အားငယ် ကြောက်ရွံ့မှုများကြောင့် ခြေဖျားလက်ဖျားများပင် အေးစက်လျက် ရင်မှာ စိုးထိတ်နေရခြင်းပင် ဖြစ်သည်။

သိုက်တစ်ယောက် ဒေါ်ကြီးမှ ဦးဆောင်ခေါ်ရာနောက်မှ ကြောက်ရွံ့ အားငယ်ရိပ်များ ဝိုင်းနေသော မျက်လုံးလေးများဖြင့်ကြည့်ရင်း လိုက်ပါလာခဲ့သည်။

ရတနာ့ဒီပခြံ၏ အပေါ်ထပ် ဧည့်ခန်းကျယ်ကြီးသို့ ရောက်သည်ဆိုရင်ပဲ ဧည့်ခန်းအလယ် ဆိုဖာထက်တွင် ထိုင်နေပါသော လူကြီး၏ တည်တည်စူးစူး အကြည့်ကြောင့် သိုက်ခမျာ ရင်ထဲကြောက်ရွံ့ တုန်လှုပ်သွားရကာ မျက်လွှာလေးတစ်စုံမှာလည်း အလိုလို ချမိလျက်သား ဖြစ်သွားရသည်။





တစ်ယောက်တည်း သိုက်ရင်ထဲ သိလိုက်သည်က ရတနာ့ဒီပခြံ၏ အိမ်ထိန်းလူယုံ ဘဘ ဦးကျော်စွာဆိုသည် သူမှာ သူမရှေ့က အမျိုးသားကြီးပါလာဆိုသည့် အတွေးကလည်း သိုက်ရင်ထဲ အလိုလို ဝင်ရောက်လာရသည်။

"တင်မမရဲ့သမီး သိုက်ဆိုတာ သူလေးပါပဲ ဆရာကြီး"

"အင်း... တင်မမရဲ့ သမီးပါလို့ ပြောစရာမလိုအောင် အလှထူးတာကတော့ တင်မမအတိုင်းပါပဲလား မယ်မှူ"

ဘုရားရေ...

လူအများအပေါ်မှာ လွှမ်းမိုးနိုင်လွန်းသည့် အသံရှင် ဘဘ ဦးကျော်စွာ၏ စကားသည် ဘာကိုရည်ရွယ်ပြီးများ ပြောတာပါလိမ့်...

သိုက်သည် မေမေ့သမီးမို့ မေမေ့ ခြေရာအတိုင်း လာခဲ့သည်လို့ ဆိုလိုက်သည်များလား...

ဟင့်အင်း...

သိုက်ဟာ မေမေ့သမီးဆိုတာ မှန်ပေမယ့် မေမေလိုတော့ မဖြစ်စေရပါ။ သိုက်သည် မေမေနှင့် ရုပ်ရည် ဘယ်လောက်တူတူ သိုက်၏ဘဝ သိုက်၏စိတ်ဓာတ်ကိုတော့ မေမေနှင့် လားလားမျှ မတူစေရဆိုတာ သိုက်ရင်မှာ ခိုင်မာစွာ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

ထိုဆုံးဖြတ်ချက်ကြောင့်လည်း သိုက်သည် မေမေ့အရိပ် မေမေ့ အငွေ့အသက်များနှင့် လွတ်ကင်းရာမှာ နေခဲ့ပါသော်လည်း ယခု မေမေမရှိတော့သည့် အချိန်မှာမှ သိုက်သည် ရတနာဒီပခြံကို ရောက်ရှိလာရသည့်အဖြစ်။

တကယ်တော့ သိုက်အဖြစ်က တွေးလေရင်နာစရာကောင်းလေ၊ သူမဘဝကို သူမ နာကြည်းကြေကွဲရလေဖြစ်သည်။

မေမေသက်ရှိ ထင်ရှားရှိခဲ့တုန်းကတောင် သိုက်သည် မေမေ့အရိပ်မှာ မခိုလှုံပါဆိုသော ဆုံးဖြတ်ချက်နှင့် ကိုယ့်ကိုယ်ကိုမှန်သည် ယုံကြည်စွာဖြင့် ခေါင်းမာမာနှင့် နေခဲ့သမျှ ယခုတော့ဖြင့်...

"ဟင်း..."

အတွေးနှင့် သက်မတွေကိုသာ သိုက်သည် ရင်မှာ ကျိတ်ကာကျိတ်ကာ ချနေမိသည်မှာ ဘဘ ဦးကျော်စွာ သူမကို ဘာပြောလိုက်သည်ဆိုတာပင် သိုက် သတိမထားမိလိုက်ပါ။

ထိုအခါ...





ဒေါ်ကြီးမှုံသည် သိုက်အား ကြည့်လာပြီး–

"ကလေးမကို ဆရာကြီး မေးနေတယ်၊ ကလေးမရဲ့ အဘွား ဘယ်တုန်းက ဆုံးသွားတာလဲဆိုတာ"

"ရှင်..."

"ဟို... ဟုတ်ကဲ့၊ အဘွား... အဘွားဆုံးတာ တစ်လပဲရှိပါသေးတယ် ဘဘ"

သိုက်နှုတ်မှ မရည်ရွယ်ပါပဲ သူမရှေ့က အမျိုးသားကြီးကို ဘဘဟု စိတ်ကနေ လိုလိုချင်ချင် ခေါ်မိသွားရ၏။

သူ့အား ဘဘဟု ခေါ်လိုက်ပါသည့် သိုက်၏စကားကို ဦးကျော်စွာသည် သဘောကျသလို ဆေးတံကြီးခဲလျက်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး–

"အေးလေ... သွားသူက သွားပြီဆိုပေမယ့် ကျန်ခဲ့တဲ့ ကလေးမအနေနဲ့ ဘာမှ အားငယ်စရာ မလိုပါဘူး၊ မင်းအမေ တင်မမနဲ့ ဘဘတို့ရဲ့ ရတနာဒီပ မိသားစုရဲ့ ပတ်သက်မှုကို မင်းလဲ သိနေတယ်ဆိုပေမယ့် ဘဘတို့ စိတ်ထဲမှာတော့ တင်မမရဲ့သမီး မင်းဟာ ဘဘတို့ရဲ့ မိသားစုလိုပဲ သဘောထားတယ်၊ ဒါကြောင့်လဲ ဘဘတို့က မယ်မှုံကို လွှတ်ပြီး မင်းကို ရတနာဒီပခြံကို ခေါ်လိုက်ရတာပဲ၊ ဘဘတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



စေတနာကို မင်းနားလည်ရဲ့လား ကလေးမ”

“ရှင်...”

“ဟုတ်... ဟုတ်ကဲ့ပါ ဘဘ”

သိုက်မှာ မဝံ့မရဲ ဟန်လေးနှင့်ပင် ခေါင်းညွှတ်လေသည်။

“ဒါနဲ့ ကလေးမ နာမည်ဘယ်လိုခေါ်လဲ”

“သိုက်...”

“သိုက်ပါ ဘဘ”

“ဟေး... ဘယ်လို ‘သိုက်’ ဟုတ်လား”

သိုက်နာမည်ကို ကြားတာနှင့် မျက်မှောင်တွန့်သွားရသော ဘဘ ဦးကျော်စွာကို ကြည့်ပြီး သိုက်သည် သူမ ဘာများမှားသွားပြီးလဲဆိုသော အတွေးဖြင့် မျက်နှာလေးငယ်ကာ မဝံ့မရဲလေး မော့ကြည့်တော့–

“သိုက် နာမည်က တစ်မျိုးပါလား၊ ကလေးမ မင်းကို ဒီနာမည် ဘယ်သူပေးထားတာလဲ”

“သိုက်ကို ဘွားဘွားက ဒီနာမည်လေး ပေးသွားတာပါ ဘဘ၊ ဟို... အဲ... ဘာဖြစ်လို့ပါလဲ ဘဘ”

“အင်း...ဘာဖြစ်တယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ခေါ်





ရတာ တမျိုးဆန်းနေလားလို့ပါ၊ အေးလေ ဘာပဲဖြစ်ဖြစ်ပေါ့ ကလေးမဟာ ခုချိန်ကစပြီး ရတနာဒီပခြံကြီးရဲ့ မိသားစုဝင်တစ်ယောက်ဖြစ်သွားပြီမို့၊ ရတနာဒီပရဲ့ မိသားစုဝင်တစ်ယောက်အနေနဲ့ ဘာမှ အားငယ်စရာမလိုဘူး၊ ကိုယ့်အိမ်ကိုယ်ရာလို လွတ်လွတ်လပ်လပ် စိတ်မှာ သဘောထားပြီး နေနိုင်တယ်၊ ဒီစကားဟာ မင်းအမေ တင်မမနဲ့ ဘဘရဲ့ညီ ကျော်နောင်သာ သက်ရှိ ထင်ရှားရှိသေးရင် မင်းကို ဘဘလိုပဲ ဒီစကား ပြောမှာပါပဲ၊ ဒါကြောင့်မို့ မင်းစိတ်ထဲမှာ ဘာမှ အားငယ်စရာမလိုဘူးလို့ပဲ ဘဘ ပြောချင်တယ်”

ဆိုလိုချင်သည် စကားကို တိုတိုနှင့် လိုရင်းရှင်းအောင် ပြောတတ်သည့် ဘဘ ဦးကျော်စွာ စကားသည် ရှင်းလွန်းသဖြင့် နားထဲတွင် နားထောင်ရတာ တစ်မျိုးကြီးဖြစ်နေသည် ဆိုပေမယ့် ဘဘ စကားထဲတွင် သိုက်အပေါ် စေတနာစကားများ ပါသည်ဆိုတာ သိသာနေရသည်။

“မယ်မှူ”

“ရှင်... ဆရာကြီး”

“ကလေးမလေးကို ရတနာဒီပခြံနဲ့ ရင်းနှီးသွားအောင် မယ်မှူပဲ ကလေးမနဲ့ပတ်သက်ပြီး အစစအရာရာ တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၊ ပြီးတော့ ကလေးမအတွက် နေထိုင်ရေးကိုရော စီစဉ်ပြီးပြီလား”

“ဟုတ်ကဲ့၊ ကျွန်မ အားလုံး စီစဉ်ပြီးပါပြီ ဆရာကြီး”

“ကလေးမအတွက် ဘယ်အခန်း ပြင်ဆင်ပေးထားလဲ မယ်မှူ”

“အောက်ထပ် ညာဘက်ထောင့်စွန်းမှာရှိတဲ့ အခန်းကို ကလေးမအတွက် အားလုံး အသင့်ပြင်ထားပါတယ် ဆရာကြီး”

“ဟဲ့... မယ်မှူ၊ ကလေးမကို ဘယ့်နှယ် အောက်ထပ်မှာထားရတာလဲ၊ အပေါ်ထပ်မှာ အခန်းလွတ်တွေ အများကြီး ရှိနေတာ သူ့အတွက် အပေါ်ထပ်မှာ ပြင်ပေးလိုက်ပါ။ အပေါ်ထပ်မှာ ပြင်ပေးလို့ ဖြစ်ပါ့မလား ဆရာကြီး၊ ဟိုလေ... ဟို... မောင်မေအောင်က...”

“တော်စမ်း မယ်မှူ၊ မောင်မေအောင်ဟာ ဒီရတနာဒီပ ခြံကြီးရဲ့ အရှင်သခင်ဆိုပေမယ့် သူဒီလို ကိစ္စမျိုးကအစ လိုက်ပါတာမျိုးတော့ ကျုပ်မကြိုက်ဘူး မယ်မှူ၊ ပြီးတော့ ခု ကိစ္စဟာ ကျုပ်စီစဉ်တဲ့ကိစ္စ၊ ကျုပ်စီစဉ်တဲ့ ကိစ္စကို မောင်မေအောင်ဟာ သူဘယ်လောက် မကြိုက်နေပါစေ ဖျက်တတ်တဲ့





ကလေး မဟုတ်ဘူးဆိုတာ မယ်မှူလဲ သိနေတာပဲ မဟုတ်လား”

“ဟုတ်... ဟုတ်ကဲ့၊ သိပါတယ် ဆရာကြီး”

“အေး... သိရင် ကျုပ်ပြောတဲ့အတိုင်း ကျုပ်စီစဉ်တဲ့အတိုင်း ကလေးမအတွက် အခန်းကို အပေါ်ထပ်မှာ မယ်မှူ စီစဉ်ပေးလိုက်ပါ”

တည်တင်းသော မျက်နှာကြီးနှင့် စကားအဆုံးဝယ် ဆေးတံကြီးခဲလျက် အခန်းထဲမှ လှည့်ထွက်ရန် ဦးကျော်စွာ ပြင်လိုက်တော့ သိုက်သည် ဘဘ ဦးကျော်စွာနှင့် ဒေါ်ကြီးမှူ စကားတို့ကို နားထောင်နေရာက ယခုမှ သတိဝင်လာသူ တစ်ယောက်နှယ် ပြူးပြူးပျာပျာလေး ဖြစ်သွားရပြီ–

“သိုက်... သိုက် တစ်ခုပြောပါရစေ ဘဘ”

သိုက်စကားကြောင့် လှမ်းရန်ပြင်နေသည့် ဦးကျော်စွာ ခြေလှမ်းများအလိုလို ရပ်တန့်သွားရသည်။

“ဘဘစကားကို သိုက် ရောက်ရောက်ချင်း ငြင်းဆန်တယ်လို့တော့ မထင်ပါနဲ့ ဘဘ၊ သိုက်အပေါ် ဘဘတို့ရဲ့ စေတနာထားတာကိုလဲ သိုက် သိပါတယ်၊ ဒါပေမဲ့ သိုက်... သိုက်အတွက် ဒေါ်ကြီးမှူ ပြင်ဆင်ပေးထားတဲ့ အောက်ထပ်က



www.burmeseclassic.com

www.burmeseclassic.com



အခန်းမှာပဲ နေပါရစေ ဘဘ၊ သိုက်ကို... သိုက်ကို ဘဘ ဒီတစ်ခုတော့ လိုက်လျှောပေးပါနော်”

ဦးကျော်စွာမှာ သိုက်၏စကားကို ဆုံးအောင် နားထောင်ပြီးသည်နှင့် ခေါင်းကိုခါယမ်းကာ–

“မဟုတ်သေးပါဘူးကွယ်၊ ရတနာဒီပရဲ့ အရှင်သခင် ဦးကျော်နောင်ရဲ့ ဇနီးမယားအဖြစ်နဲ့နေသွားတဲ့ တင်မမရဲ့ သမီးဟာ သိမ်ငယ်တဲ့ ဘဝမျိုးနဲ့ သူခေါင်းချသွားတဲ့ ရတနာဒီပခြံကို သူ့ရဲ့သမီးဖြစ်တဲ့ မင်းရောက်နေတာကိုသိရင် သူ့စိတ်ကောင်းနိုင်မှာ မဟုတ်သလို ကျုပ်တို့ဟာလဲ တင်မမ အပေါ် တာဝန်မကျေရာ ရောက်လိမ့်မယ်၊ ဒါကြောင့် မင်းတောင်းဆိုတာကို ကျုပ်မလိုက်လျှောပါရစေနဲ့ ကလေးမ”

“အို...”

ပြောပြီး ဘယ်သူ့ကိုမှလည်း မကြည့်တော့ပါသည့် ဦးကျော်စွာ စကားကြောင့် သိုက် မျက်နှာလေး ပျက်သွားရ၏။

အဘယ်ကြောင့်ဆိုရသော်...

သိုက်သည် ရတနာဒီပခြံကို သူမ အနေနှင့် မလွဲသာလို့ လာနေရပေမယ့် ရတနာဒီပခြံ၏ အရှင်သခင်သဖြစ် ရှိ





နေတော့မည့် ဦးမေအောင်ဆိုသည့် လူကြီးကိုတော့ နာမည်ကြားတာနှင့် သိုက်သည် လူချင်း မမြင်မတွေ့ဘူးပေမယ့် ဘာကြောင့်မှန်း မသိ ကြောက်လန့်နေမိသည်။

ထို့ကြောင့်လည်း သိုက်သည် သူမ ကြောက်လန့်ပါသည့် ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်နှင့် အပေါ်ထပ်တွင် အတူနေရမည့်အဖြစ်ကို ကြောက်ရွံ့စွာ ရင်မောစိတ်လေးနှင့်ဖြင့် ငြင်းဆန်လိုက်ပေမယ့် ဘဘ ဦးကျော်စွာသည် ခွင့်မပြုခဲ့ပါ။

ထိုအခါ...

သေချင်လောက်အောင် စိတ်ညစ်သွားရသူက သိုက်မိန်းမချောလေးပင် ဖြစ်သည်။

မှန်၏။

သိုက်သည် ဦးမေအောင်နှင့် မဆုံချင် မတွေ့ချင်ပါ၊ သို့သော် ဒီပုံအတိုင်းဆိုပါကလည်း သူမအနေနှင့် ဦးမေအောင်အား မမြင်ချင် မတွေ့ချင် မဆုံချင်လို့မရပါ။

သိုက်အတွက် အခန်းသည် ဦးမေအောင်ရှိသည့် အပေါ်ထပ်မှာပင် ရှိနေမည်ဆိုသောအခါ သိုက်နှင့် ဦးမေအောင်၏ ဆုံတွေ့မှုသည် ဘယ်လိုပင် သူမဘက်က ရှောင်နေပါစေ၊



www.burmeseclassic.com

www.burmeseclassic.com



သူမအနေဖြင့် ရှောင်လွှဲလို့ မရနိုင်အောင် ရှိလာတော့မည် ဖြစ်သည်။

ဒီအဖြစ်ကို သိုက်သည် ရင်မဆိုင်ချင်သလို ရင်ဆိုင်ရန်အတွက်လည်း မစဉ်းစားရဲပါ။

သိုက် သိုက်တစ်ယောက် ဦးမေအောင်ကို နာမည်ကြားတာနှင့် အမုန်းပင် ကြောက်လန့်နေမိသည်ပဲလေ။

"မောင်မေအောင်ဟာ ဘဘရဲ့တူ စိတ်ရင်းစေတနာကောင်းတဲ့ ကလေးတစ်ယောက်ပါ၊ ဒါပေမဲ့ မောင်မေအောင်နဲ့ ပတ်သက်ပြီး ကလေးမကို ဘဘ တစ်ခုတော့ တောင်းပန်ထားချင်တယ်၊ အဲဒါကတော့ တခြားမဟုတ်ပါဘူး၊ မောင်မေအောင် ကလေးမအပေါ် ဘယ်လိုပဲ ပြောဆိုဆက်ဆံပါစေ၊ ကလေးမဘက်က မောင်မေအောင်အပေါ်မှာ အထူး ခွင့်လွှတ်သည်းခံပြီး သူ့ကို နားလည်ပေးလိုက်ပါလို့ပဲ ဘဘက ကလေးမကို ကြိုပြီးတော့ တောင်းပန်ထားချင်တယ်၊ ဘယ်နှယ့်လဲ ကလေးမ ဘဘကို ဒီကတိပေးနိုင်ပါ့မလားကွယ်"

"ရှင်... ဟို... သိုက်... သိုက်..."

သိုက်သည် ရုတ်တရက်တော့ဖြင့် ဘဘ ဦးကျော်စွာကို သူမအနေဖြင့် ဘယ်လို ပြန်ဖြေရမှန်း မသိပါ။





မသိတာထက် ရှင်းရှင်းပြောရလျှင် သိုက်သည် ဘဘ ဦးကျော်စွာ စကားကြောင့် ဦးမေအောင်ကို ပို၍ ကြောက်ရွံ့ထိတ်လန့်သွားရသည်ဆိုလျှင် ပို၍ မှန်ပေလိမ့်မည်။

ဘုရား... ဘုရား...

ဒီပုံစံနဲ့ သိုက်သည် သူ့ရှိရာ ရတနာဒီပခြံမှာ နေလို့ဖြစ်ပါ့မလားဆိုသည့် စိုးရိမ်မှုအတွေးကလည်း သိုက်ရင်ထဲ မဖိတ်ခေါ်ပါပဲ သူ့အလိုလို ဝင်ရောက်လာရသည်။

ဦးမေအောင်သည် ဘယ်လိုလူမျိုးဆိုတာ သိုက် မသိသမယ့် တစ်သက်လုံး အတူနေလာခဲ့သည့် ကိုယ့်တူ၏ စိတ်ခတ်ဘယ်လိုဆိုတာ အသိဆုံးဖြစ်သည့် ဘဘ ဦးကျော်စွာထံမှ သိုက်အား ဦးမေအောင်နဲ့ ပတ်သက်ကာ ကြိုပြီး တောင်းပန်ထားသည်ကတော့ သိုက်အတွက် အခြေအနေ မကောင်းနိုးရိမ်ဖွယ်ရှိနေသည် မဟုတ်လား။

"ကလေးမ ဘဘ ပြောတာကြားရဲ့လားကွယ့်"

ရုတ်တရက် ဦးမေအောင်နှင့် ပတ်သက်သည့်စကားကို မျှော်လင့်ဘဲ ကြားရသဖြင့် ငေးငိုင် တွေဝေသွားရသော သိုက်သည် ဘဘ ဦးကျော်စွာ စကားကြောင့် ပျက်ယွင်းသွားရသည့် သူမ မျက်နှာလေးကို ချက်ချင်းပင် ပြင်လိုက်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သိုက် ကြားပါတယ် ဘဘ"

"ဒါဆို ဘဘတောင်းတဲ့ကတိကိုရော ကလေးမ ပေးနိုင်ရဲ့လား"

"ဟုတ်ကဲ့၊ သိုက် ကြိုးစားပါ့မယ်လို့ ကတိပေးပါမယ် ဘဘ"

"အေးကွယ် ကလေးမကို ရောက်ရောက်ချင်း ဘဘ ဒီစကားကိုပြောရတာ စိတ်မကောင်းပါဘူး၊ ဘဘအနေနဲ့ ပြောလဲမပြောချင်ပါဘူး၊ ဒါပေမဲ့ တချို့ကိစ္စတွေက ကြိုပြီး ဆင်ခြင်ထားရင် ကောင်းမယ်ထင်လို့ ကလေးမကို ဘဘ အခုလို ကတိစကားတောင်းရတာ ဘဘကို နားလည်ပါကွယ်"

"ဟုတ်ကဲ့ပါ ဘဘ၊ သိုက် ဘဘကို နားလည်ပါတယ်"

ဝင်းဝင်းမှုန်မှုန် အိအိစက်စက်နှင့် သိုက်၏မျက်နှာ နုနုထွေးထွေးလေးကို ဦးကျော်စွာသည် စိတ်မကောင်းသလို ကရုဏာသက်စွာ ကြည့်မိသွားရသည်။

သိုက်မှာ ရတနာဒီပခြံကို လာမိတာ မှားပြီလားဟု သော နောင်တအတွေးဖြင့် မျက်ဝန်းအိမ်တွင် မျက်ရည်ကြည် လေးများပင် ရစ်ဝဲခိုအောင်းချင်လာရသည်။





ဘွားဘွား သိုက်၏ချစ်သော ဘွားဘွားသာ ရှိနေဦးမည် ဆိုပါက သိုက်သည် ယခုလိုအဖြစ်နှင့် သိမ်ငယ်စွာ ရှိနေလိမ့် ည် မဟုတ်ပါ။

ယခုတော့ ချစ်သော ဘွားဘွားကလည်း သိုက်အနား တွင် မရှိတော့၊ သိုက်နှင့်အတူ အားလုံးကို ကျောခိုင်းကာ လောကကြီးထဲမှ ထွက်ခွာသွားပြီဖြစ်သည်။

ဘွားဘွားမရှိပေမယ့် သိုက်အနားတွင် မေမေ ရှိနေ ည့်လားဆိုတော့လည်း...

"ဟင်း... မေမေရယ်..."

မေမေ့အား သိုက်သည် စိတ်ထဲမှနေ ခပ်ညည်းညည်း လေး ရေရွတ် တမ်းတလိုက်မိသည်။

မေမေ...

သိုက်အား ပစ်ခွာသွားခဲ့ပါသော မေမေသည်လည်း ယခုအခါ ဘယ်ဘုံဘဝ ရောက်ရှိ၍နေသည် မသိတော့ပါ။

သေချာသည်ကတော့ မေမေသည် သိုက်အပေါ် မိခင် တစ်ယောက်အနေဖြင့် သူ့တာဝန်တွေ မကျေခဲ့ရသမျှ နောင်တ များနှင့် သမီးဖြစ်သူ သိုက်အပေါ် တောင်းပန်စကားတွေနှင့် တာဝန်ကျေချင်နေမည်လား။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်တွေကို သိုက်မသိတော့ပေမယ့် ခုချိန်မှာတော့ သိုက်သည် မေမေ့အရိပ် မေမေ့ အငွေ့အသက်နှင့် မကင်းသည့် မေမေ တွယ်တာ မက်မောလှပါသည်ဆိုတဲ့ ရတနာဒီပခြံထဲကို သိုက်တစ်ယောက် ရောက်ရှိနေသည့်အဖြစ်ကို မေမေ ရောက်ရာဘုံဘဝက သိပါလေတော့။

သိုက်သည် မေမေ့အား သတိရစိတ် တမ်းတ လွမ်းမောစိတ်နှင့် မျက်ရည်များကို မျက်တောင်ရှည်ကြီးနှင့် ပုတ်ထုတ် သိမ်းဆည်းလိုက်သည်။

"မောင်မေအောင်ဟာ သူ့အဖေနဲ့ တင်မမဆုံးတယ်ဆိုတဲ့ အကြောင်းကို သိတာကလွဲလို့ သူဟာ သူ့အဖေရဲ့ နောက်ဆုံး မျက်နှာကိုတောင် မြင်ခွင့်ရရှာတဲ့ ကလေး မဟုတ်ပါဘူး၊ ဘဘရဲ့ညီ မောင်မေအောင်ရဲ့အဖေ တင်မမနဲ့ လက်မထပ်ခင်ကတည်းက မောင်မေအောင်ဟာ နိုင်ငံခြားကို ပညာတော်သင်အဖြစ်နဲ့ သွားနေလို့ ကလေးမရဲ့မိခင် တင်မမကို သူ့အဖေ ပို့လိုက်တဲ့ ဓာတ်ပုံထဲကလွဲပြီး အပြင်မှာ တစ်ယောက်နဲ့ တစ်ယောက် မြင်တွေ့ဖူးကြတဲ့ သူတွေလဲ မဟုတ်ဘူး၊ သူဟာ မကြာခင် နိုင်ငံခြား ပညာတော်သင် ခရီးကနေ ပြန်လာတော့မယ့် အချိန်မှာမှ လောကကြီးထဲက စွန့်ခွာသွား





တယ်ဆိုပြီး ကြေကွဲနေတဲ့ ကလေးတစ်ယောက်မို့ ကလေးမ သူ့အပေါ် အတတ်နိုင်ဆုံး နားလည် ခွင့်လွှတ်ပေးပါလို့ ဘဘ ထပ်ပြောပါရစေ"

ဘဘရယ်...

သိုက်သည် နာကျင်ရသော ရင်အစုံဖြင့်သာ စိတ်မှာ ခေါ်လိုက်မိတော့သည်။

ဦးမေအောင်က သူ့ဖခင်အတွက် ကြေကွဲနေပါတယ်ဆိုတော့ သိုက်ကရော မိခင်အတွက် ကြေကွဲ ဝမ်းမနည်းရတော့ဘူးတဲ့လား...

မေမေသည် သိုက်အပေါ် ငယ်စိတ်နှင့် ဘယ်လိုပင် ဥပေက္ခာပြု ရက်စက်စိမ်းကားခဲ့ပါစေ၊ သိုက်အတွက်ကတော့ မိခင်ဟာ မိခင်ပဲမို့ မေမေဆုံးပါးသွားရခြင်းအပေါ် သိုက် နှလုံးသားများ နင့်သည်းကြေကွဲ ထိခိုက်ရပါသည်။

ထိုခံစားမှုက သိုက်အတွက် ဘာနှင့်မှ အစားထိုးလို့ ရသည့် ခံစားမှုဖြစ်သည်။

တစ်ချိန်က မေမေသည် သိုက်အပေါ် ငယ်စိတ်နှင့် ဘယ်လိုပင် စိမ်းကားရက်စက် ပစ်ခွာကာ သမီးဖြစ်သူ သိုက်အပေါ်မှာ တာဝန်မကျေခဲ့ပေမယ့် နောက်ဆုံးမှာတော့ မေမေသည်



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်တဲ့ သိုက်အပေါ်မှာ သံယောဇဉ် ငြိတွယ်နက်ရှိုင်းလွန်းရှာမက မေမေ့ရင်ထဲ သိုက်သည် ထာဝစဉ်ရှိနေသည်ကိုလည်း မေမေသည် သူ့နည်းသူ့ဟန်နှင့် သူ့ရင်ထဲက အချစ်များကို ဖော်ပြသွားလေသည်ပဲလေ။

မေမေရယ် ဘဝ... ဘဝတွေရှိခဲ့ရင် သိုက်တို့ မိသားစုလေး ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ မတွေ့ပါရစေနဲ့လို့ သိုက် ဆုတောင်းပါတယ်ရှင်...

တစ်စစီ ပြိုကွဲခဲ့ရသည့် ဆိုးဝါးလွန်းသည့် သူမတို့ မိသားစုဘဝလေးကို သိုက်သည် ရင်မှာ မတွေးနိုင်တော့အောင် နာကျင်မှုများဖြင့် ခံစားမှုများ ပြင်းထန်လာရသည်မို့ နှုတ်ခမ်းဖူးဖူးလေးကို သွားချွန်ချွန်လေးများဖြင့် ဖိကိုက်လိုက်သည်မှာ နှုတ်ခမ်းတွင် သွေးများပင် စို့တက်လာရသည့်အထိ ဖြစ်သည်။

သြော်... မိဘအတွက် ကြေကွဲဝမ်းနည်း ခံစားရတာချင်း အတူတူတောင်မှ ပိုက်ဆံရှိသည့်လူနှင့် မရှိသည့်လူ၏ ခံစားမှုက ကွဲပြားသေးသည်တဲ့လားကွယ်...

လူကို မမြင်ရသေးပေမယ့် ကိုယ့်ကိုယ်ကိုသာ သိတတ်လွန်းသည့် အတ္တကြီးလွန်းသော ဦးမေအောင်ဆိုသည့် သူ့ကို သိုက် ကြောက်ရွံ့မှုတို့နှင့် မုန်းတီးနာကျင် ခံပြင်းစိတ်





များကပါ ရင်မှာအလိုလို ဝင်ရောက်လာရသည်။

သိုက်သည် ဆင်းရဲနွမ်းပါးတာ တစ်ခုတည်းနှင့် သူပိုင်ဆိုင်သည့် ဒီအရိပ်တွင် လာရောက် ခိုလှုံနေသည့်သူတော့ဖြင့် မဟုတ်ပါပေ။

ငွေကြေး မချမ်းသာသော်လည်း ဘွားဘွား ထားခဲ့သည့် အမွေအနှစ်လေးက သိုက်ကို လုပ်ကိုင်စားသောက်နေနိုင်ပေမယ့် သိုက်သည် သေဆုံးခါနီး နောက်ဆုံး မှာသွားခဲ့သည့် အမေ့ဆန္ဒကို မငြင်းဆန်ချင်၊ မငြင်းဆန်ရက်တာ တစ်ခုတည်းနှင့် ရတနာဒီပခြံကို သူမ ရောက်လာရခြင်း ဖြစ်သည်။

ဒါကို ဦးမေအောင်ဆိုတဲ့ သူသိပါလေစ၊ သိုက် မထင်ပါ။

ဦးမေအောင်ဆိုတာ သူမဘဝထဲ လူမရောက်ခင် နာမည်ကြိုရောက်ကာ ရင်မှာနာကျင် မုန်းတီးနေရသည့် သူဖြစ်သည်။

သို့သော်...

သိုက်သည် ဦးမေအောင်ကို ဘယ်လိုပဲ နာကျင်မုန်းတီးပါသည်ပြောပြော၊ သိုက်ဆိုတာက ယခုအချိန်တွင် သူပိုင်ဆိုင်သည့် ရတနာဒီပခြံထဲကို မှီခိုသူတစ်ယောက်အဖြစ်နှင့် ရောက်ရှိလာရသူဖြစ်သည်မို့ သိုက်အနေဖြင့် သူ့ဆန်စားမှတော့ ရဲ



www.burmeseclassic.com

www.burmeseclassic.com



ရတော့မည်ဖြစ်သည်။

ဦးမေအောင်အပေါ်တွင် သိုက်သည် သူမဘက်က အတတ်နိုင်ဆုံး သည်းခံမည် ဖြစ်ပေမယ့် သူ့ဘက်က အတိုင်းအတာတစ်ခု ကျော်လာရင်တော့ သိုက်သည် ထိုအခါ သူမကိုယ်သူမ သေချာတော့မည် မဟုတ်ပါ။

ဘဘ ဦးကျော်စွာကို သိုက်သည် ကတိ စကားပေးထားသည်ဆိုပေမယ့် သူ့ဘက်ကနေ သိပ်လွန်လာလျှင်ဖြင့် သိုက်ဆိုတာကလည်း မာနမဲ့သည် အဆိပ်မရှိတဲ့ သူတစ်ယောက်တော့ မဟုတ်ပါ။

ဆူးဆိုတာ သူ့ကို လာထိရင်တော့ဖြင့် ဆူး ဆူးခံရတတ်သည်ဆိုတာကိုတော့ သိုက်သည် ဦးမေအောင် သိအောင် ပြောရမည်ဖြစ်သည်။

"ကဲ... ကဲ... ကလေးမလဲ ခရီးပန်းလာရောပေါ့၊ မယ်မှုံ ကလေးမအတွက် အခန်းကို ကောင်မလေးတွေနဲ့ အမြန်ပြင်ခိုင်းပြီး ကလေးမကို နားပါစေတော့၊ ကဲ...ကလေးမ မယ်မှုံနဲ့ လိုက်သွား၊ ဒီမှာနေရတာ ဘာမှအားမနာနဲ့၊ လွတ်လွတ်လပ်လပ်သာနေ ဟုတ်လား"

ဒေါ်ကြီးမှုံသည် ဘဘ ဦးကျော်စွာကို ခါးလေးညွတ်





ကာ အခန်းထဲမှထွက်တော့၊ သိုက်သည်လည်းဘဘ ဦးကျော်စွာကို အကြည့်လေး ခပ်ဝဲဝဲကြည့်ကာ တရိုတသေပုံစံဖြင့် ခါးလေးညွတ် ခေါင်းလေးငုံ့လျက် ဒေါ်ကြီးမှုံနှင့်အတူ ပါလာခဲ့ရသည်။

"နာမည်က သိုက်နော်"

"ဟုတ်ကဲ့ ဒေါ်ကြီးမှုံ"

ဒေါ်ကြီးမှုံ အမေးစကားကို သိုက်သည် ခေါင်းလေးညွတ်ပြလိုက်သည်။

"ကဲ... သိုက် ဒေါ်ကြီးမှုံနဲ့ လိုက်ခဲ့၊ သိုက်အတွက် အခန်းကို ဒေါ်ကြီးမှုံ လိုက်ပြမယ်"

"ဟုတ်ကဲ့"

ဖြူဖြူ ဝဝဖိုင့်ဖိုင့်နှင့် ဒေါ်ကြီးမှုံ မျက်နှာသည် အပြုံးအရယ်နည်းပေမယ့် လူတစ်ဖက်သားကို စာနာကူညီတတ်တာ ဖော်ရွေ သဘောကောင်းပုံရသည်။

ယခုလည်း သိုက်ကို ရင်းရင်းနှီးနှီးပင် နာမည်ခေါ်လျက် သူမ နေရမည့်အခန်းကို သူကိုယ်တိုင် လိုက်ပို့လေတယ်။

ရတနာဒီပခြံကြီးသည် အပြင်ပန်းက ကြည့်တာနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



သေသပ် ခန့်ညားကာ ကျက်သရေရှိသည်မဟုတ်၊ ရတနာဒီပ၏ တိုက်ကြီးထဲကို ရောက်ပြန်တော့လည်း ချမ်းသာကြွယ်ဝသူများပီပီ ရတနာဒီပ တိုက်ကြီးတစ်ဆောင်လုံးကို နောက်ဆုံးပေါ် ခေတ်မီ အသုံးအဆောင် ပစ္စည်းများဖြင့် လှပစွာ ပြင်ဆင်ထားပုံကလည်း တိုက်ကြီးထဲကို ဝင်လိုက်တာနှင့်ပင် မြင်ရသူဘဝင်ကို ကြည်နူးချမ်းမြေ့ အေးချမ်းသွားစေရသည့် အဖြစ်။

အောက်ထပ်မှာပင် ထိုသို့ လှမြင်ကောင်းအောင် ပြင်ဆင်ထားသည်လာဆိုတော့ မဟုတ်သေးပါ။

ရတနာဒီပ၏ အပေါ်ထပ်တွင်လည်း အောက်ထပ်နည်းတူ မြင်ရသူများ မျက်စိကျလောက်အောင် အဆင့်တန်းရှိရှိ ပြင်ဆင်ထားပုံက အိပ်မက်နန်းတော်ကြီး တစ်ခုထဲကိုပင် ရောက်ရှိနေသလိုလို။

သည်အတွေး သည်စိတ်ကူးနှင့် အပြင်အဆင်များသည် ဘယ်သူ့စိတ်ကူး ဘယ်သူ့အတွေးလဲဆိုတာ မေးစရာမလိုပါ။

အကြောင်းမှာ...

ရတနာဒီပတွင် နောက်ဆုံး လက်ကျန်မျိုးဆက်ဖြစ်သည့် ရတနာဒီပ၏ အရှင်သခင် ဒေါက်တာ ဦးမေအောင်





၏ စိတ်ကူး ဉာဏ်စွမ်းများသာ ဖြစ်ပါသည်။

မှန်သည်။

ဦးမေအောင်သည် လူငယ်သော်လည်း စည်းစနစ် အလွန်ကြီးက စည်းကမ်းရှိလျက် အဆင့်အတန်း မြင့်မြင့်နေတတ်သူဆိုတာ သူပိုင်ဆိုင်ရာ ရတနာဒီပ တိုက်ကြီးကို ကြည့်တာနှင့် သိသာနေရပြီဖြစ်သည်။

"လာ... သိုက်နေရမယ် အခန်းက ဒီအခန်းပဲ"

စေ့ပိတ်ထားသော အခန်းကို ဒေါ်ကြီးမှုံသည် ပြောရင်းက ဝင်လိုက်တော့ သိုက်သည်လည်း ဒေါ်ကြီးမှုံ နည်းတူ နောက်မှနေ ဝင်လာခဲ့သည်။

"ဒီအခန်းက လေသာဆောင်နဲ့ ကပ်ရက် ထောင့်စွန်းအခန်းလေ၊ ဒီအခန်းကနေ ကြည့်ရင် ရတနာဒီပခြံကြီး တစ်ခြံလုံးကို ဆီးမြင်သလို လေဝင်လေထွက်လဲ ကောင်းတဲ့အခန်းပဲ၊ ဒီအခန်းကို မောင်မေအောင်က သိပ်သဘောကျတာ အစက မောင်မေအောင် ဒီအခန်းမှာ နေသေးတယ်၊ ဒါပေမဲ့ သူ့ဆေးစာအုပ်တွေနဲ့ ဒီအခန်းက နည်းနည်းကျဉ်းလို့ဆိုပြီး တခြားအခန်းကို ပြောင်းသွားတယ်လေ၊ သိုက်အခန်းရဲ့ ဘေးက အခန်းက မောင်မေအောင် အခန်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... မြတ်စွာဘုရား... ကယ်တော်မူပါ"

သိုက်နေရမယ့် အခန်းနှင့်ကပ်လျက် အခန်းက သိုက်မုန်းပါသည်ဆိုတဲ့ ဦးမေအောင်ရဲ့ အခန်းဆိုပါလား

ဘုရား... ဘုရား...

ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ...

သိုက်သည် ဦးမေအောင် အခန်းနှင့်ကပ်ပြီးတော့ မနေချင်ပါ။ ရတနာဒီပ တိုက်ကြီးမှာအခန်းတွေ ဒီလောက်အများကြီး ရှိပါရက်နှင့် ဘာကြောင့်များ သိုက်သည် ဦးမေအောင် အခန်းနှင့်ကပ်လျက် အခန်းကိုမှ လာနေရတယ်လို့ပင်...

အတွေးနှင့် သိုက်သည် မျက်ခုံးလှလှလေး ကုပ်သွားရသည်။

သိုက်သည် တွေးရင်းက ရင်မှာသိချင်စိတ်များ ပြင်းပြလာရသည်မို့–

"ဒေါ်ကြီးမှုံ..."

သိုက်ခေါ်သံကြောင့် ဒေါ်ကြီးမှုံ၏ အကြည့်များက သိုက်ထံ ရောက်ရှိလာကာ–

"ဘာလဲ သိုက် ဘာပြောမလို့လဲ"

"ဟို... ဟို... တခြားမဟုတ်ပါဘူး၊ ဒေါ်ကြီးမှုံ သိုက်...





သိုက် တခြားအခန်းမှာ နေလို့ရမလားလို့ပါ"

"ဟင်... ဒီအခန်းက ဘာဖြစ်လို့လဲကွယ့်"

ဒေါ်ကြီးမှုံမှာ သိုက်စကားကို နားမလည်သလို ပြန်မေးတော့ သိုက်သည် ဒေါ်ကြီးမှုံကို ဘာပြန်ပြောရမှန်း မသိပါ။

သိုက်အနေဖြင့် ဦးမေအောင်နှင့် အခန်းချင်းကပ်လျက်မှာ မနေချင်လို့ပါ ပြောရအောင်ကလည်း သိုက်ဆိုတာက ရတနာဒီပခြံကို ယခုမှ ရောက်ရှိခဲ့သူ...

ပြီးတော့ သိုက်သည် မှီခိုသူ တစ်ယောက်အနေဖြင့်တဲ့... သည်တော့ သိုက်လိုလူက ရတနာဒီပခြံရဲ့ အရှင်သခင် ဦးမေအောင်နှင့် အခန်းချင်းကပ်လျက် မနေချင်သည့်အကြောင်း သူမသည် ဘယ်လိုအင်းအားနှင့် ဒေါ်ကြီးမှုံကို ပြောရမည် မသိတော့ပါ။

သို့သော် မပြောလို့ကလည်းမဖြစ်၊ ထို့ကြောင့် သိုက်သည် ရင်ထဲမှာရှိသည်ကို ဟန်မဆောင်နိုင်သူ ဟန်မဆောင်တတ်သူပီပီ၊ ကြည်စင် နောက်မှောင်သော မျက်ဝန်းလှလှလေးနှင့် ကလေးတစ်ယောက်လို ဒေါ်ကြီးမှုံအား ကြည့်လိုက်ပြီး–

"အို... ဘာမှမဖြစ်ပါဘူး ဒေါ်ကြီးမှုံ၊ သိုက် ဦးမေအောင်နဲ့ အခန်းချင်းကပ်လျက် နေရမှာ စိတ်မှာ မဝံ့မရဲဖြစ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သိုက်၏ စကားကို ဒေါ်ကြီးမှုံသည် ရုတ်တရက် နား လည်ပါသော်လည်း နောက်တော့ ဒေါ်ကြီးမှုံသည် သိုက်စကား ကို တဖြည်းဖြည်း သဘောပေါက်လာဟန်နှင့် ပါးစုံမို့မို့ကြီး များ မြင့်တက်သွားအောင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက် ပြီး–

"အဲဟင်း... ဟင်း... ဟင်း... သိုက်ရယ်၊ ဒေါ်ကြီးမှုံ မှာ ဘာများလဲလို့ကွယ်၊ တကတည်း ညည်းလေးဟာ တကယ့် ကလေးလေးလိုပါပဲလား၊ သိုက် ဒီနေ့ရာမှာတော့ ညည်းဟာ ညည်း အမေ တင်မမနဲ့ နည်းနည်းမှမတူပါပဲလား အေး... ယောကျ်ားတစ်ယောက်နဲ့ အခန်းချင်း ကပ်လျက်နေရမှာကို ညည်းလေး သေမတတ် ကြောက်ရွံ့နေပုံက ငါရယ်ချင်တိုက် တာပဲပါ အေ..."

ပြောလည်းပြော ဒေါ်ကြီးမှုံသည် ရယ်လည်းရယ်နေ တော့ သိုက်တစ်ယောက် မျက်နှာလေး မထားတတ်အောင် ရှက်ရွံ့ အနေခက်သွားရပြီး။

"ဒေါ်ကြီးမှုံကလဲ သိုက်ပြောတာ အဲလို သဘောမဟုတ် ပါဘူးနော်"

"အမယ်လေး အေ ...ငါတို့လဲ ယေ်ရာက ကြီးလာတာ





၊ ညည်းလေး ပါးစပ်ဟလိုက်တာနဲ့ ညည်းစိတ်ထဲ ဘာ ရှိတယ်ဆိုတာ ကျုပ်တို့သိပြီးသားပါတော်၊ ကဲ... ညည်းလေး ထင်သလို ဘာမှစိုးရိမ်မနေနဲ့ သိုက်၊ မောင်မေအောင်ဟာ သိုက်ထင်သလို လူစားမျိုး မဟုတ်ဘူးကွယ့်၊ သူဟာ သူ့ဂုဏ် သူ့ပညာနဲ့ ပစ္စည်းဉစ္စာ ကြွယ်ဝချမ်းသာပေမယ့် မိန်းမဆို သူ့မှာ မူးလို့တောင်ရှူစရာမရှိ စိတ်ဝင်စားတဲ့သူမျိုး မဟုတ် ဘူး၊ သူစိတ်ထဲမှာတို့မိန်းမတွေကို ရှိတယ်လို့တောင် ထင်တဲ့ လူမျိုး မဟုတ်ဘူး"

ဒါကြောင့်မို့ သိုက် ဒီကိစ္စနဲ့ ပတ်သက်ပြီး စိတ်ချလက်ချ သာနေ၊ ဘာမှမပူနဲ့ ဟုတ်လား"

သူ့အထင်နှင့် သူထင်ရာ စွတ်ပြောသော ဒေါ်ကြီးမှုံ စကားကြောင့် သိုက်ရင်ဝယ် မခံချင်စိတ်လေး ခိုဝင်လာရ၏။

ဟွန်း... သူက ဘာမို့လို့ သိုက်တို့ မိန်းမတွေကို ရှိ သည်မထင်ရတာလဲ...

"အလကားလူကြီး သူ့ကိုယ်သူ ငါတော်တယ်၊ ငါတတ် တယ်ဆိုပြီး ဘဝင်မြင့်နေတဲ့ သူမျိုးထင်ပါရဲ့၊ မုန်းလိုက်တာ နော်... ဒီလိုလူမျိုးတွေပဲ မုန်းစရာကောင်းတာ။"

သိုက်သည် ဦးမေအောင်အား လူချင်းမမြင်ဖူးသေးပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်မှာ သူ့အပေါ် ကြည့်မရချင်သလိုလို မုန်းမိသလို
နှင့် သူနှင့် ပတ်သက်ပြီးမှ ပြစ်တင်ဝေဖန်မိတော့သည်။

ထို့အတူ…

သိုက်စိတ်ထဲတွင် သူဘယ်တော့ ပြန်လာမည်ကို
ချင်လာသည်မို့

"အဲဒီ ဦးမေအောင်က ဒီကို ဘယ်တော့ ပြန်လာ
လဲ ဒေါ်ကြီးမှူ"

"အင်း… မောင်မေအောင် ပြန်လာဖို့က ရက်သိပ်မ
တော့ဘူး သိုက် ပြန်လာခါနီးပြီ၊ ရှေ့တစ်ပတ်လောက်
ပြန်ရောက်မလားပဲ၊ ဘာဖြစ်လို့လဲ သိုက်"

"ဟင့်အင်း… ဘာမှ မဟုတ်ပါဘူး ဒေါ်ကြီးမှူ၊ သိုက်
သိချင်လို့ပါ"

"အေးကွယ်… မောင်မေအောင် ပြန်လာလို့ သိုက် ဒီ
ရောက်နေတယ်ဆိုတာသာ သိရင် သူအံ့သြသွားမှာ သေ
တယ်"

"ရှင်… ဘာဖြစ်လို့လဲဟင် ဒေါ်ကြီးမှူ"

"ဟင်…"

"ဩော်… ဘာ… ဘာမှ မဟုတ်ပါဘူးကွယ်၊ ကဲ…





ကဲ… သိုက်လဲ ခရီးပန်းထားတယ် နားတော့ ဟုတ်လား"

သိုက်၏ အမေးစကားကို မျက်စိ မျက်နှာပျက်ပျက်နှင့်
ဘာမှပြန်မဖြေတော့ဘဲ သိုက်အား အနားယူခိုင်းကာ အခန်း
ထဲမှ မပြောမဆို လှည့်ထွက်သွားသည့် ဒေါ်ကြီးမှူ၏ နောက်
ကျောပြင်ကြီးကို ကြည့်ပြီး သိုက်တစ်ယောက် ရင်ထဲတွင်
အတွေးပေါင်းများစွာနှင့် ကျန်ခဲ့ရလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ရတနာဒီပတိုက်ကြီး၏ ဆင်ဝင်အောက်သို့ ငြိမ့်ခနဲ ထိုးရပ်သွားသည်။ နောက်ဆုံးပေါ် အကွာရာနံပါတ်နှင့် ခဲသား ရောင် ကားလေးထက်မှ ဆင်းလာပါသော လူကို သိုက်သည် ရတနာဒီပတိုက်ကြီး၏ တစ်နေရာမှနေ မျက်နက်ဝန်း လုလု လေးနှင့် ရူးရူးစိုက်စိုက်လေး ကြည့်မိသွားရသည်။

ကြည့်ရင်းက သိုက်သည် ရင်တွေ အဆမတန် ထခုန် မြန်လျက် စိတ်တွေ လှုပ်ရှားနေရတော့သည်။

အဘယ်ကြောင့်ဆိုရသော်

ဒီနေ့သည် ရတနာဒီပ၏ အရှင်သခင်လေးဖြစ်တဲ့ ဦးမေအောင် တစ်ယောက် နိုင်ငံခြား ပညာသင်တော် ခရီး ကနေ ပြန်လာသောကြောင့် ဖြစ်သည်။

ဦးမေအောင်ကို ဘဘ ဦးကျော်စွာသည် သူကိုယ်တိုင်





လေဆိပ်တွင် သွားရောက်ကြိုလေ၏။

မနေ့ကတည်းက ဘဘ ဦးကျော်စွာသည် သိုက်အား ဦးမေအောင် ပြန်လာတော့မည့်အကြောင်းနှင့် သိုက်ကို ခုတ်တရက် မှာတော့ ဦးမေအောင်နှင့် မဆုံပေးသေးလိုကြောင်း နောက်မှ သိုက်ကို ဦးမေအောင်နှင့် အေးအေးဆေးဆေး တွေ့ ဆုံပေးမည် ဖြစ်တာမို့ ယခု လောလောဆယ်တော့ သူပိုင်ဆိုင် ရာ ရတနာဒီပတွင် ရောက်နေသော သိုက်ကို ဦးမေအောင်နှင့် မဆုံတွေ့စေရန် ခဏ ရှောင်နေပေးရန် အကြောင်းကို သိုက် ကို မှာထားသည်မို့ သိုက်သည် သူမကို ဦးမေအောင် မမြင် စေရန် ကိုယ်လေးကို ကွယ်လျက်က ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်ကို တိုက်ကြီး၏ တစ်နေရာမှနေ တိတ်တဆိတ် လူမသိအောင် ကြည့်နေခြင်းဖြစ်၏။

ဘဘ ဦးကျော်စွာသည် သိုက်ကို ဘာအဓိပ္ပာယ် ဘယ် လိုအကြောင်းကြောင့်နှင့် ဦးမေအောင်နှင့် မတွေ့မိချင်သေး မှန်း သိုက် မသိပေမယ့်၊ သိုက်သည် ယခုလို ရတနာဒီပ အရှင်သခင်ဖြစ်သူ ဦးမေအောင်မသိဘဲ တိတ်တဆိတ် ရတနာ ဒီပ ခြံကြီးထဲ ရောက်ရှိနေရသည့်အပြင် အခုလို သူမကို ဦးမေအောင် မမြင်တွေ့စေရန် ရှောင်နေရသည့် သူမအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကို သူမလည်း သိမ်ငယ်ခြင်းမြားစွာနှင့် ကြေကွဲထိခိုက်နေရသည်။

အော်... သိုက်ဘဝသည် သိမ်ငယ်လွန်းရသည်ပဲလေ...

ကိုယ့်ကို အိမ်ကြီးရှင် ကြည်ဖြူသည် မကြည်ဖြူသည် မသိပါဘဲ အိမ်ကြီးရှင် ရတနာဒီပ၏ အရှင်သခင် မရှိခိုက်မှာ သူပိုင်ဆိုင်ရာ ရတနာဒီပ တိုက်ကြီးပေါ် ရောက်ရှိနေရသည့် သိုက်အဖြစ်က တကယ်တော့ ရှက်ဖွယ် ရင်နာဖွယ်ဖြစ်သည်။

သိုက်ဆိုတာက ကိုယ့်အားကိုယ်မကိုးနိုင်၍ ရတနာဒီပ တိုက်ကြီးပေါ်ကို အားကိုး မှီခိုလိုစိတ်နှင့် ရောက်ရှိနေသည် မဟုတ်ပါလို့ ဘယ်လိုပင် သိုက်ပြောပြော အခြေအနေက သိုက်အတွက် ထိုအဖြေကာပင် ရောက်နေရ၏။

မေမေ့ နောက်ဆုံးဆန္ဒ၊ ဘွားဘွား၏ သိုက်အပေါ် စိတ်ချနိုင်သည့် ထွက်သက်နှင့်အတူ မှာကြားသွားသည့် စကားများကြောင့်သာ သိုက်သည် ရတနာဒီပ ခြံကြီးထဲ ရောက်ရှိနေရသည့်ကို ဘယ်သူတွေက သိနိုင်မှာတဲ့လဲကွယ်။

အရွယ်ရှိသည့် မိန်းမပျိုလေး တစ်ယောက်အတွက် လုံခြုံနွေးထွေးမည် နားခိုစရာအရိပ်ကို ဘွားဘွားနှင့် မေမေသည် သိုက်အတွက် နောက်ဆုံး ရွေးချယ်ပေးသွားသည်က ယခု





သိုက် ရောက်ရှိနေရပါသည့် ရတနာဒီပပင် ဖြစ်နေရသည် မဟုတ်ပါလား...

ဘာပဲပြောပြော သိုက်အဖို့မှာတော့ ရတနာဒီပ ခြံကြီးသည် သိုက်ကို လုံခြုံမှုများစွာ ပေးပါသည်။

ထို့အတွက်လည်း သိုက်သည် ဘဘ ဦးကျော်စွာကို ကျေးဇူးတင်ရပါ၏။ ဘဘသည် သိုက်ကို ရတနာဒီပသို့ ခေါ်ကာ အရိပ်ပေးထားသည်ဆိုပေမယ့် တကယ်တမ်း သိုက်ကို ရတနာဒီပတွင် လက်ခံဖို့ ဆုံးဖြတ်ပေးမည့်သူမှာ ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်သာ ဖြစ်လေသည်ကိုတော့ သိုက်သည်လည်း ရိပ်မိနေရပြီ ဖြစ်သည်။

သို့သော်...

သိုက်သည် ဘဘ ဦးကျော်စွာကို ကျေးဇူးတင်ရပါသည်။ ဘဘသည် သိုက်အပေါ်မှာ မေမေ၏ သမီးဆိုပေမယ့် သူမရင်း၊ သမီးရင်းပမာ ကောင်းလွန်းသူလည်း ဖြစ်သည်။

ရတနာဒီပကို သိုက် ရောက်ရှိပါပြီဆိုကတည်းက သိုက်ကို ဘဘသည် သိုက်အား တဖွဖွပြောကာ အားပေးနှစ်သိမ့်တတ်သူဖြစ်သည်။

သိုက်အပေါ်မှာ ထားသည့် ဘဘ၏ ဖခင်ဆန်သော



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာမျိုးဖြင့် ကြင်နာ နွေးထွေးခြင်းများ မြင်ရတော့ သိုက်သည် ငယ်စဉ်ကတည်းက ကင်းဝေးခဲ့ရသည့် ဖခင်၏မေတ္တာကို တမ်းတမိလာရသည်။

ဖေဖေ… ဖေဖေဟု သိုက်သည် အားရပါးရ ခေါ်လိုက်ချင်ပေမယ့် သိုက်ဘဝတွင် အဖေဆိုတာ ငယ်စဉ် သူမသိတတ်သည့် အချိန်မှာကတည်းက ပျောက်ကွယ်ခဲ့ရသူဖြစ်သည်။

မှန်သည်။

သိုက် လသားသမီး အရွယ်မှာပင် ဖေဖေ ကွယ်လွန်ခဲ့သည်ကိုတော့ သိုက်အား ဘွားဘွားပြောပြ၍ သိုက် သိပြီးဖြစ်ပါသည်။

သို့ပေမယ့်…

သိုက်သည် သူမ မမြင်လိုက်ရသည့် ဖခင်ကို တမ်းတရင်း တစ်ခါတစ်ရံတော့လည်း ဖခင်တစ်ယောက်၏ မေတ္တာကို တမ်းတမ်းတတကြီး တောင့်တနေမိသူလည်း ဖြစ်သည်။

ထိုသို့ ဖခင်မေတ္တာကို တောင့်တနေမိပါသည့် သိုက်သည် ယခုလို သူမကို ဖခင်ဆန်သော မေတ္တာမျိုးဖြင့် ဘဘဦးကျော်စွာသည် ကြင်နာနွေးထွေးခြင်း ဂရုစိုက်မှုများကြောင့်





သိုက်သည် သူမဘဝတွင် ဖခင်တစ်ယောက် အစားထိုးရောက်ရှိလာရသလို စိတ်မှာ ခံစားနေရသူလည်း ဖြစ်သည်။

ဘဘ ဦးကျော်စွာတစ်ယောက် သိုက်အပေါ်မှာ သမီးရင်း တစ်ယောက်လို ဘယ်လိုပင် ကောင်းကောင်း ရတနာဒီပရဲ့ အရှင်သခင်ဖြစ်သူ ဦးမေအောင်က သိုက်အပေါ်မှာ ဘဘဦးကျော်စွာ ကောင်းသလိုမျိုး ကောင်းမှာတဲ့လား…

ထိုအတွေးက သိုက်ရင်ကို များစွာ နှိပ်စက်စပြုလာရပြီဖြစ်သည်။

သူ… ဦးမေအောင် သိုက်ကို သူပိုင်ဆိုင်ရာ ရတနာဒီပခြံကြီးထဲမှာမှ နေခွင့်ပေးပါ့မလား…

စိုးရိမ်ခြင်း အတွေးများနှင့် သိုက်မျက်နှာ လှလှလေးသည် ဟန်မဆောင်နိုင်အောင် ပျက်လာရသည်။

ဘာပဲပြောပြော သိုက်အတွက် ရတနာဒီပ ခြံကြီးသည် သူမဘဝ လုံခြုံမှုကိုပေးသည်မို့ ရတနာဒီပ မိသားစုကိုတော့ သိုက် ကျေးဇူးမမေ့ပါ။

ထိုအထဲတွင် ဦးမေအောင် တစ်ယောက်လည်း အပါအဝင် ဖြစ်ပါလိမ့်မည်။

သိုက်သည့် ဦးမေအောင်ကို မမြင်မတွေ့ဖူးသလို



www.burmeseclassic.com

www.burmeseclassic.com



ဦးမေအောင်ဆိုတာ ဘယ်လို လူလဲဆိုတာ မသိသေးပေမယ့် သိုက်သည် ဦးမေအောင်ကို ကြောက်ရွံ့ ထိတ်လန့်မှုတွေနှင့် ရင်မှာ ကျေးဇူးတင်နေရသူလည်း ဖြစ်သည်။

ဒါကို ဦးမေအောင်ဆိုသည့် အိမ်ကြီးရှင် လူကြီးမှ သိပါရဲ့လား မသိပါ။

သိုက် ကြည့်နေစဉ်မှာပင် ကားပေါ်မှ ဘဘနှင့်အတူ ဆင်းလာသည့် ဦးမေအောင်ဆိုတဲ့ လူကြီးကို သိုက်သည် တိုက်ကြီး၏ တစ်နေရာမှ ကိုယ်လေး ခပ်ကွယ်ကွယ် ရပ်လျက်က သူမ အကြည့်လေးများက သူ့ထံ နောက်တစ်ကြိမ် ရောက်ရှိသွားရပြန်၏။

သိုက် ပထမဦးဆုံး သတိထားမိသည်ကား စူးရှတည်ကြည် လေးနက်လွန်းသည့် အဓိပ္ပာယ် တစ်မျိုးဆောင်နေပါသော မျက်ဝန်းများပင် ဖြစ်သည်။

ကြည်စင် နက်မှောင်ကာ စူးရှတောက်ပလွန်းသည့် မျက်ဝန်းအစုံက အရာရာကို ကြိုသိတွေးတော စဉ်းစားတတ်သူ တစ်ယောက်လို မျက်ဝန်းအစုံက တည်ကြည် စူးရှလွန်းသည်မို့ သိုက်သည် သူ့မျက်ဝန်းများကို သတိမထားဘဲ မနေနိုင်အောင် ရှိသွားရသည်။





မြင့်သောအရပ်နှင့် ယောကျ်ားသားပေမယ့် ဖြူဝင်းပြည့်သော အသားအရေနှင့် မျက်ခုံးထူထူ နှာတံပေါ်ပေါ် ပိရိတိကျ သေသပ်သော နှုတ်ခမ်းအစုံနှင့် ယောကျ်ားပီသကာ ချစ်လျစ်သော ကိုယ်ဟန်ကို ပိုင်ဆိုင်ထားသော သူသည် ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်ဆိုတာ ဘယ်သူမှ အသိမပေး မပြောပါဘဲ သိုက်အလိုလိုသိနေရသည်။ ဦးမေအောင်တွင် ရှိနေပါသည့် ထူးခြားသည့် ဆွဲဆောင်မှု တစ်မျိုးကြောင့်ပင် ဖြစ်ပါလိမ့်မည်။

ဦးမေအောင်၏ မျက်ဝန်းကပင် သူများနှင့်မတူ ထူးခြားသည် မဟုတ်ပါ။ ပြုံးယောင်သန်းနေပါသည့် တင်းတင်းစေ့ထားပါသော ပိရိတိကျ သေသပ်သည့် နှုတ်ခမ်းအစုံကလည်း မြင်ရသူအဖို့ တစ်မျိုး ထူးခြားနေရလေ၏။

ပြောရလျှင်တော့ သူ ဦးမေအောင်ဆိုသည့် လူကြီးသည် ယောကျ်ားပီသကာ တည်ကြည်ချောမော ခန့်ထည်သော လူတစ်ယောက်ပင် ဖြစ်လေသည်။

အစက သိုက်သည် ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်ဆိုသည် သူ့ကို ဒီလောက် ငယ်ရွယ်လိမ့်မည် မထင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အထူးကိုဆိုသော ဂုဏ်နှင့်အညီ ဦးမေအောင်ဆိုသည် သူ့ကို သိုက်သည် အသက်အရွယ် အနည်းငယ် ကြီးမားသည့် လူတစ်ယောက်လို့ စိတ်ကူးနှင့် ထင်ခဲ့သူဖြစ်သည်။

သို့သော်...

တကယ်တမ်းမှာတော့ ဦးမေအောင်သည် သိုက် ထင်သလို မဟုတ်ခဲ့ပါ။

အသက်သုံးဆယ် စွန်းစွန်းလေးသာ ရှိဦးမည့် ဦးမေအောင်သည် ယောကျာ်းပီသကာ တည်ကြည်ချောမောသော ရုပ်သွင်နှင့် လူငယ်တစ်ယောက် ဖြစ်နေသည်က သိုက်ကို အထင်နှင့်အမြင် တခြားစီ ဖြစ်စေရလေ၏။

သိုက် ဒေါ်ကြီးမှုံ့ထံမှ သူ့အကြောင်းကို သိရသလောက်တော့ ဦးမေအောင်သည် အရာရာကို တိကျပြတ်သားစွာ ပြောဆို လုပ်ကိုင်သူဖြစ်သလို စည်းစနစ်လည်း အလွန်ကြီးကာ မိန်းကလေးများနှင့် ကင်းရှင်းလွန်းသူ တစ်ယောက်ဖြစ်သည် ဆိုတာကိုတော့ ဒေါ်ကြီးမှုံ့ထံမှ သိုက် သိခဲ့ရပြီဖြစ်သည်။

မိန်းမမုန်းသမား တစ်ယောက် မဟုတ်ပေမယ့် မိန်းကလေးများနှင့် ကင်းရှင်းပါသည်ဆိုသော ဦးမေအောင်သည် ဒေါ်တင်မမရဲ့ သမီး သိုက်ဆိုသည် သူမကို သူပိုင်ဆိုင်





ရာ ရတနာဒီပ ခြံကြီးမှာ လက်ခံဖို့မှ စဉ်းစားမှာတဲ့လား...

"ဟင်း..."

ရင်မောစွာ သိုက် သက်ပြင်းမော တစ်ချက်ကို ချလိုက်သည်။

သိုက်အဖြစ်က ဘာကိုမှ ကြိုတင် တွက်ထားလို့ မရသေးပါလားဆိုသော အတွေးဖြင့် သူမဘဝကို သူမ အားမလို အားမရ အတွေးများနှင့် ဆွတ်ကျင်စွာ ရင်မှာ နင့်သည်းသွားသည်။

"ဒေါ်ကြီးမှုံ့ နေကောင်းတယ်နော်"

ဩရှရှနှင့် ကြည်လင် ပြတ်သားလွန်းသော အသံက သိုက် နားထဲထိုးဖောက် ရောက်ရှိလာရသည်။

မှန်သည်။

ဦးမေအောင်သည် သူ့အား တိုက်ပေါက်ဝ ထွက်ကြိုနေပါသည့် ဒေါ်ကြီးမှုံ့ကို နှုတ်ခမ်း တည်းတင်းစေ့လျက် အပြုံးဖြင့် နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

"ကောင်းပါတယ် မောင်မေအောင်၊ ဒါနဲ့ပဲ မောင်မေအောင်ရော လမ်းခရီးမှာရော လာရတာ အဆင်ပြေရဲ့လား"

"အဟွန်း...အဆင်ပြေပါတယ် ဒေါ်ကြီးမှုံ့၊ ဒေါ်ကြီးမှုံ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် လက်ဆောင် ကျွန်တော် ဝယ်လာခဲ့တယ်၊ နောက်
ပေးတာပေါ့၊ ခု ကျွန်တော်သောက်ဖို့ တစ်ခုခု စီစဉ်ပေး
ဒေါ်ကြီးမှုံ၊ ကျွန်တော် အခန်းမှာ ရှိနေမယ်"

ဖြောင့်မတ်သော ကိုယ်ဟန်၊ တည်ကြည်သော မျက်နှာ
ထားနှင့် ဦးမေအောင်သည် သူပြောချင်သည့် စကားကိုပြော
ကာ အပေါ်ထပ် သူ့အခန်းရှိရာသို့ ခြေလှမ်းကျဲကြီးများနှ
တက်သွားတော့၊ ဘဘ ဦးကျော်စွာသည်လည်း ဦးမေအော
နှင့်အတူ နောက်မှနေ အပေါ်ထပ်သို့ တက်လိုက်သွားလေတော
၏။

သိုက်မှာ သူမ တစ်ခါမှ မမြင်မတွေ့ဖူးပါသည
ဦးမေအောင်၏ မျက်နှာကို ကြာကြာ ကြည့်ခွင့်မရလိုက်ပါ

ဦးမေအောင် ဘယ်လို လူဆိုတာ အကဲခတ်ခွင့် မ
လိုက်သေးခင် ဦးမေအောင်သည် သူမ မျက်ဝန်းထဲမှ ပျော
ကွယ်သွားရပြီး ဖြစ်သည်။

"အင်း... သူ့ပုံစံ ကြည့်ရတာ တည်တင်း ပြတ်သား
ရထယ်၊ ပြီးတော့ သူ့မျက်နှာပေါ်မှာလည်း ခံစားချက်တ
မျိုး ငါတွေ့လိုက်ရသလိုပဲ...

"သူ ဘယ်သူ့ကို နာကြည်းနေတာလဲ၊ သူ့ကြည့်ရတာ





တစ်ယောက်ယောက်ကို ခံပြင်း နာကြည်းနေတဲ့ပုံစံ...

"သူ... သူငါ့ကို ဒီရတနာဒီပမှာ နေခွင့်ပေးပါ့မလားပဲ။
ဆမေ့ သမီးဆိုတဲ့ အသိနဲ့များ ငါ့ကို ဒီကနေ မောင်းထုတ်နေ
မလား... အိုလေ... ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ ကံအတိုင်း ဘုရားပဲ
တရတော့မှာပေါ့လေ..."

သိုက်သည် လူမမြင် သူမမြင် သူမကိုယ်လေးကို ကွယ်
ဖက်လျက်က သူမရှေ့ရေးကို သူမ ရင်မောစွာ တွေးဖြစ်လိုက်
လေသည်။

သိုက်အတွက်တော့ ယခုအချိန်တွင် ဘာတွေ ဘယ်လို
ဖြစ်မည်ဆိုတာထက် ကံတရားကိုသာ အားကိုးရတော့မည်
မဟုတ်ပါလား။

ရတနာဒီပ၏ တိုက်ကြီးထဲရှိ ဦးမေအောင် အခန်းထဲမှာ
တော့ ဦးကျော်စွာသည် ယောကျ်ားပီသကာ ခန့်ညားချောမော
လွန်းသည် တူချောဖြစ်သူ ဦးမေအောင်ကို စကားတွေ ပြော
ဆိုရင်းက–

"မောင်မေအောင်ကို အန်ကယ် တစ်ခု ပြောစရာရှိ
တယ်"

"ဘာများလဲ အန်ကယ်၊ ဘာစကားများမို့ အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ခွင့်တောင်းနေရတာလဲ”

ဦးမေအောင်သည် တည်ကြည်သောမျက်ဝန်း လေးနက်သော အကြည့်တို့ဖြင့် အန်ကယ် ဦးကျော်စွာကို ကြည့်ရင်းက မေးလိုက်တော့ ဦးကျော်စွာတစ်ယောက် တူဖြစ်သူ ဦးမေအောင်၏ မျက်နှာချောချောကြီးကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီး–

“တခြားတော့ မဟုတ်ပါဘူး မောင်မေအောင်၊ မောင်မေအောင်အဖေနဲ့ တင်မမ အကြောင်းပါ”

“အန်ကယ်ကို ကျွန်တော် တစ်ခု တောင်းပန်ပါရစေ။ ဖေဖေ့ အကြောင်းကလွဲပြီး ခုလောလောဆယ်မှာ ကျွန်တော် ဘယ်သူ့အကြောင်းမှ မကြားချင်သေးဘူး အန်ကယ်”

ဦးမေအောင် စကားကြောင့် ဦးကျော်စွာထံမှ စကားသံသည် တိတ်သွားရကာ၊ ခေတ္တ ငြိမ်သက်သွားလေသည်။

ဦးမေအောင်သည် ဦးကျော်စွာကိုလည်း မကြည့်ပါပဲ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ယူလျက် မီးညှိဖွာရှိုက်ရင်းက အံကို တင်းခနဲ တစ်ချက်ကြိတ်လိုက်ပြီး–

“ဖေဖေ့ရဲ့ နောက်ဆုံးအချိန်မှာ ဖေဖေ့နားမှာ ကျွန်တော် မရှိတာဟာ ရင်အနာဆုံးပါပဲ အန်ကယ်”





ဦးမေအောင်၏ အသံက သူ့ကိုယ်သူ ဖြေမဆည်နိုင်စွာ ကျင် ကြေကွဲနေရလေသည်။

”ဖြစ်ပြီးတာတွေ့လည်း ဖြစ်ပြီးပြီမို့ တရားနဲ့သာ ဖြေပါလို့ မောင်မေအောင်ကို အန်ကယ် ပြောချင်တယ်ကွယ်”

“ကျွန်တော် ဘယ်လို ဖြေနိုင်မှာလဲ အန်ကယ်၊ ဖေဖေရဲ့ နောက်ဆုံးထွက်သက်ဟာ ညင်ညင်သာသာနဲ့ ပြီးဆုံးသွားဘယ်ဆိုရင် ကျွန်တော် ဖြေနိုင်ပါတယ် ခုတော့...”

ပြောရင်းက ဦးမေအောင်သည် တစ်စုံတစ်ယောက်ကို ကျင် ခံပြင်းရသလိုမျိုး လက်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်လျက်က အံကို ကြိတ်ထားလိုက်သည်မှာ မေးကြောကြီးများပင် ထောင်ကားလျက် မျက်ဝန်းအစုံမှာ နီရဲစိုစွတ်လာရသည်။

ဦးကျော်စွာမှာ တူဖြစ်သူ ဦးမေအောင်ကို စိတ်မကောင်းစွာ စိုက်ကြည့်ရင်းက–

“ကံတရားအတိုင်းပဲပေါ့ မောင်မေအောင်ရယ်၊ ဘယ်သူက ဒီလိုဖြစ်လာမယ် ထင်မှာလဲ၊ မင်းဖေဖေရဲ့ နောက်ဆုံးအချိန်ကို မမီလိုက်ပေမယ့် မင်းဖေဖေ နောက်ဆုံးမှာခဲ့တဲ့ စကားကို မောင်မေအောင် ဖြည့်ဆည်းပေးရင်လဲ မင်းဖေဖေ အခါမှာ မင်းတာဝန်ကျေရာ ရောက်ပါတယ် မောင်မေ



www.burmeseclassic.com

www.burmeseclassic.com



အောင်"

ဦးကျော်စွာသည် ထိုစကားကို တွေးတွေးဆဆ ချိန်ချိန်ဆဆနှင့် ပြောလိုက်လေသည်။

"ဖေဖေရဲ့နောက်ဆုံး စကားဆိုတာ ဘာလဲ အန်ကယ်"

"အန်ကယ် မောင်မေအောင်ကို မညာချင်ပါဘူး၊ ပြီးတော့ မောင်မေအောင် ဖေဖေ အန်ကယ်ရဲ့ ညီအပေါ်မှာလဲ အန်ကယ် ကတိမပျက်ချင်ဘူး..."

"အဲဒါက ဘာလဲဆိုတော့ မောင်မေအောင် ဖေဖေဟာ သူ့မဆုံးခင် အန်ကယ်ကို ကတိတစ်ခု တောင်းသွားတယ်၊ တင်မမရဲ့ သမီးလေးကို ရတနာဒီပ ခြံကြီးထဲမှာ ခေါ်ပြီးတော့ စောင့်ရှောက်လိုက်ပါဆိုတဲ့ စကားပဲ မောင်မေအောင်"

အန်ကယ် ဦးကျော်စွာ စကားအဆုံးဝယ် ဦးမေအောင် ကိုယ်ကြီးမှာ ဆတ်ခနဲ တွန့်သွားရသလို သူ့အကြည့်များက လည်း အန်ကယ် ဦးကျော်စွာထံ မယုံကြည်နိုင်သလို ရောက်ရှိလာရပြီး။

"ဘယ်လို အန်ကယ်၊ ဘာပြောလိုက်တယ်၊ ဖေဖေဟာ သူမဆုံးခင်မှာ ဒေါ်တင်မမရဲ့ သမီးကို ရတနာဒီပမှာ ခေါ်ပြီး စောင့်ရှောက်ဖို့ အန်ကယ်ကိုမှာခဲ့တယ် ဟုတ်လား၊ အန်ကယ်"

"ဟုတ်တယ် မောင်မေအောင်၊ မင်းဖေဖေဟာ အန်ကယ်





ကို အဲဒီကတိ စကားတောင်းခဲ့တယ်၊ အန်ကယ်လဲ အန်ကယ် ညီကို အဲဒီ ကတိပေးခဲ့တယ်"

"အန်ကယ် ဆိုလိုတာက..."

ဦးမေအောင်သည် အန်ကယ် ဦးကျော်စွာ ဘာကိုဆိုလိုချင်သည်ဆိုတာကို မေးလိုက်တော့ ဦးကျော်စွာသည် ဦးမေအောင်အား ကြည့်လာပြီး–

"မင်းဖေဖေရဲ့ နောက်ဆုံးမှာခဲ့တဲ့ စကားအတိုင်း တင်မမရဲ့ သမီးကို အန်ကယ်တို့ စောင့်ရှောက်ရမှာပေါ့ မောင်မေအောင်ရယ်၊ ဒါမှ မင်းဖေဖေအပေါ်မှာ အန်ကယ် တာဝန်ကျေရာကျသလို မောင်မေအောင့်ဖေဖေ့အပေါ်လဲ သူ့ရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းရာကျမယ် မောင်မေအောင်"

အန်ကယ် ဦးကျော်စွာ စကားကို ဦးမေအောင်သည် ခေါင်းမညိတ် ခေါင်းမခါနှင့် မျက်ခုံးကြီး ခပ်ပြေပြေတွန့်လျက် နားထောင်ရင်းက–

"ဖေဖေ ခုလို အဖြစ်ဆိုးမျိုးနဲ့ ဆုံးရတာဟာ အဲဒီ ဒေါ်တင်မမဆိုတဲ့ မိန်းမကြောင့်ပဲ မဟုတ်လား အန်ကယ်၊ ဒေါ်တင်မမသာ ဖေဖေ့ဘဝထဲကို မဝင်လာရင် ဖေဖေဟာလဲ ခုလို အဖြစ်ဆိုးမျိုးကြုံရမှာ မဟုတ်ဘူး၊ ခုတော့ ဖေဖေဟာ မိန်းမရဲ့ စကားကို နားထောင်ပြီး ပဲခူးကို သွားဖို့လို့ ခုလို



www.burmeseclassic.com

www.burmeseclassic.com



ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးခဲ့ရတာ အန်ကယ်လဲ သိနေတာပဲ လေ”

ဦးမေအောင်သည် သောက်လက်စ စီးကရက်ကို အဆုံး သတ်လျှက် ပြောလိုက်သည်။

“မောင်မေအောင် ပြောတာလဲ ဟုတ်ပါတယ်၊ ဒီအဖြစ် ကြောင့်လဲ တင်မမဟာ နေရာမှာတင် ပွဲချင်းပြီး ကွယ်လွန် သွားခဲ့ပေမယ့်၊ မောင်မေအောင် ဖေဖေကတော့ ဆေးရုံရောက် တဲ့အထိ အန်ကယ်တို့ အသက်မီလိုက်ရပါသေးတယ် မောင်မေ အောင်၊ ဒါကြောင့် အန်ကယ် မင်းဖေဖေရဲ့ နောက်ဆုံးဆန္ဒ ကို ဖြည့်ဆည်းဖို့ ကြိုးစားသလို မောင်မေအောင်လဲ အန်ကယ် လိုပဲ မင်းဖေဖေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးပါလို့ အန်ကယ် တောင်းပန်ချင်တယ်”

အန်ကယ် ဦးကျော်စွာ၏ စကားအဆုံး ဦးမေအောင်သည် တွေဝေသွားရသည်။

ဖေဖေ့အသက်ကို သူမမီလိုက်ပေမယ့် ဖေဖေရဲ့နောက် ဆုံး မှာခဲ့ပါသည်ဆိုသော စကားကိုတော့ သူဖြည့်ဆည်းပေး ချင်ပါသည်။

ဖြည့်ဆည်းရန်လည်း သူကြိုးစားမည် ဖြစ်သည်။

သို့သော်…





ခဂ်သည်က သူ့အတွေးထဲတွင် ဖေဖေ အခုလို အဖြစ် ဆိုးနှင့် ဆုံးခဲ့ရခြင်းသည် ဒေါ်တင်မမကြောင့်ဟုသော စိတ် အတွေးနှင့်အစွဲက ရင်မှာ ဖြစ်ပေါ်နေရသည်မို့ ဦးမေအောင် သည် ဖေဖေ့ဆန္ဒကို ဖြည့်ဆည်းပေးချင်ပါသော်လည်း ဒေါ်တင် မမအပေါ် အပြစ်မြင်နေသော စိတ်ကြောင့် ထိုစကားကို သက်ခံရန်အတွက်မှာ သူ့အတွက် ခက်ခဲနေရခြင်း ဖြစ်သည်။

ပြီးတော့ သူလက်ခံရမည့် ဒေါ်တင်မမ၏ သမီးဆိုသူ ကလည်း ဘယ်လိုပုံစံ ဘယ်လိုအနေအထားနှင့် အကျင့်စာရိတ္တ ကရော ဘယ်လိုဆိုတာကို ဦးမေအောင်မသိ…

သူကြားရသလောက်ကတော့ ဒေါ်တင်မမှသည် မိန်းမ လည်တစ်ဦး ခပ်ရှုပ်ရှုပ်နေတတ်သူ တစ်ဦးလို့ ဖေဖေနှင့်ပတ် သက်ကာ သူလှမ်း၍ စုံစမ်းခိုင်းထားသည့် သူငယ်ချင်းထံမှ ဒေါ်တင်မမ အကြောင်းသိခဲ့ရသည့်မို့ ယခု သူလက်ခံရမည့် ဒေါ်တင်မမ၏ သမီးသည် ဒေါ်တင်မမလိုပင် ခပ်လည်လည်၊ ခပ်ရှုပ်ရှုပ်ဖြစ်မှာ သေချာ၏။

“ဒေါ်တင်မမကို ကျွန်တော် စိတ်ထဲမှာ မကျေလည် သေးတာတော့ အမှန်ပဲ အန်ကယ်၊ ဒါကြောင့် ခုလောလော ဆယ်မှာတော့ အဲဒီကိစ္စကို ခဏ ဘေးဖယ်ထားကြရအောင် အန်ကယ်၊ နောက်မှ အန်ကယ်နဲ့ ကျွန်တော် ဒီကိစ္စကို ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့"

သူ့လက်ပေါ်မှာတင် ကြီးပြင်းခဲ့ရသော လူရိုးလူဖြောင့် သမားကြီး မောင်မေအောင်သည် ရင်မှာရှိတာကို ဟန်မဆောင် တတ်သူပီပီ ယခုလည်း သူ့စိတ်ထဲရှိသည့်အတိုင်း ပွင့်လင်းစွာ ပြောလိုက်တာကို ဦးကျော်စွာ နားလည်စွာနှင့်ပင်–

"ကောင်းပြီ မောင်မေအောင်၊ မင်းလဲ ခရီးရောက်မဆိုက် ဒီစကားကို ကြားရတာ စိတ်ရှုပ်သွားမှာပဲ၊ အန်ကယ် တောင်း ပန်တယ်ကွာ၊ မောင်မေအောင် ပြောသလိုပဲ ဒီကိစ္စကိုအန်ကယ် တို့တူဝရီး နောက်မှ ဆက်ဆွေးနွေးကြတာပေါ့၊ ကဲ... ခုတော့ မောင်မေအောင် နားလိုက်ပါဦး၊ ခဏနေမှ နေ့လယ်စားစားရင် အန်ကယ်တို့ ပြန်ဆုံကြတာပေါ့"

ပြောပြီး ဦးကျော်စွာသည် တံခါးကိုဖွင့်လျက် အခန်းထဲ မှ ထွက်သွားလေသည်။

ဦးကျော်စွာ ထွက်သွားသည်နှင့် ဦးမေအောင်သည် ခုတင်ပေါ်သို့ ကိုယ်ကို ပစ်လှဲလိုက်သည်နှင့် သူ့အတွေး သူ့ မျက်ဝန်းထဲတွင် ဖေဖေ့၏ပုံရိပ်တို့က တရေးရေး ပေါ်လာ ရလေ၏။

ဖေဖေ... ဖေဖေရယ်ဗျာ... သားပြန်အလာကိုတောင် မစောင့်နိုင်ဘဲ လောကကြီးထဲက ထွက်သွားတာဟာ သား





အပေါ် ရက်စက်ရာကျလွန်းပါတယ်၊ ဖေဖေ ဒီလို အဖြစ်ဆိုး မျိုးနဲ့ ကြုံရမယ်မှန်းသိရင် သား ဖေဖေ့အနားက ခွဲသွားမှာ မဟုတ်ပါဘူး ဖေဖေရယ်... ခုတော့ဗျာ...

"ဟူး... "

ဖခင်ဖြစ်သူ၏ အဖြစ်ဆိုးအတွက် ရင်မှာ နာကျင် ဆါက်ကွဲလျက် ခံစားမှုတွေ မွန်းကျပ် သိပ်သည်းနေရပါသော ဦးမေအောင်သည် ယောကျာ်းလေးမို့ အော်ဟစ်ကာ မငိုမိပေ သော့်လည်း ရင်မှာတော့ဖြင့် ဖခင်ဖြစ်သူအတွက် ဖြေမဆည် နိုင်သည့် သောကများဖြင့် ခံစားနေရသည်မို့ အံကို တင်းတင်း ကြိတ်ရင်းက စေသီသော မျက်ဝန်းဖြင့် သက်ပြင်းမော တစ် ချက်ကို ခပ်ပြင်းပြင်း ရှိုက်ထုတ်ပစ်လိုက်တော့သည်။

ဩော်... လောကတွင် အစားထိုးမရနိုင်သော ဖေဖေ သည် သားဖြစ်သူ သူ့အပေါ်တွင် နှုတ်ဆက်ဖော်မရဘဲ လောကကြီးထဲက တိတ်တဆိတ် ထွက်ခွာသွားခဲ့ရပြီ မဟုတ် ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

“ဘဘ ပြောတာကို ကလေးမ နားလည်ပါတယ်နော်”

“ဟုတ်ကဲ့၊ သိုက်... သိုက်... နားလည်ပါတယ် ဘဘ”

သိုက်သည် ထိုစကားကို အားယူကာ ပြောလိုက်ရပေမယ့် သူမရင်ထဲတွင်တော့ ဝမ်းနည်းကြေကွဲ စိတ်ထိခိုက်လွန်းသောကြောင့် နှလုံးသားလေးပင် တဆတ်ဆတ် တုန်ခါနေရသည်။

တစ်ဆက်တည်း သိုက်သည် မျက်ဝန်းအိမ်တွင် ဝေ့သီအိုင်ဖွဲ့လာသည့် သူမ မျက်ရည်များကို ဘဘ ဦးကျော်စွာ မမြင်နိုင်စေရန် ခေါင်းလေးငုံ့ သိမ်းဆည်းနေသည့်တိုင် မျက်ရည်များက သိမ်းဆည်း၍ မရနိုင်အောင် ရှိနေရသည်။

ဦးကျော်စွာမှာ သိုက်ရင်ထဲ ဘယ်လို ခံစားနေရသည်ကို သိပါသည်။ သို့၍လည်း ဒီကလေးမ အပေါ်တွင် သူစိတ်မ





ကောင်း ဖြစ်နေရခြင်း ဖြစ်သည်။

“အေးကွယ်၊ ဘဘလဲ ကလေးမကို ဒီစကား မပြောချင်ပါဘူး၊ ဒါပေမဲ့ ခက်တာကလဲ မပြောလို့ မဖြစ်ပြန်ဘူး၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် မောင်မေအောင်နဲ့ ပတ်သက်ပြီး ကလေးမ ဒီစကား သိမှဖြစ်မယ်လို့ ဆုံးဖြတ်ပြီး ဘဘ ဒီစကား ပြောလိုက်ရပေမယ့် ဘဘလဲ ကလေးမအတွက် စိတ်ကောင်းပါဘူးကွယ်”

“ဘဘရယ်...”

ပြောလိုက်ပါသည့် ဦးကျော်စွာအသံက ကရုဏာအပြည့်ပါလွန်းသည်မို့ သိုက်သည် ဘဘအား မော့မကြည့်မိစေရန် စိတ်ကို ထိန်းချုပ်ရင်းက ရင်မှာ ခပ်တိုးတိုး ခေါ်လိုက်မိသည်။

“သိုက်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့ ဘဘ၊ သိုက် ဘဝကို သိုက် နားလည်ပါတယ်၊ သိုက်ကို ဘဘတို့ ခုလို လက်ခံပေးထားတာကိုပဲ ဘဘတို့ကို သိုက်က ကျေးဇူးတင်လှပါပြီရှင်”

“ကလေးမရယ်...”

ခေါင်းလေးငုံ့ရင်းက အသံတိမ်တိမ်လေးဖြင့် ပြောလိုက်သော သိုက်ကို ဦးကျော်စွာ သနား ကရုဏာစိတ်တို့ဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်းက–

“မောင်မေအောင်ဟာ လူယဉ်ကျေး တစ်ယောက်ပါ ကွယ်၊ ခုဟာကလဲ သူ့စိတ်မှာ အခန့်မသင့်တုန်း သူ့ကို သမီးဘက်က ခဏ ရှောင်ထားနိုင်အောင်လို့ ဘဘက ကြံပြီး သမီးကို သတိပေးတာပါ”

ယုံပါသည်...

ဘဘ ဦးကျော်စွာ၏ စေတနာကို သိုက် အကြွင်းမဲ့ ယုံပါ၏။

အကြောင်းကား...

ဘဘသာ သိုက်အပေါ် စေတနာ မထားခဲ့ပါလျှင် သိုက်သည်လည်း ဒီနေ့ဒီအချိန် ရတနာဒီပသို့ ရောက်နေမည် မဟုတ်ပါ။

“သိုက် ဘဘ စကားကို နားလည်ပါတယ်၊ ဦးမေအောင် သိုက်ကို မမြင်မတွေ့အောင်လဲ သိုက်ဘက်က တတ်နိုင်သလောက် ရှောင်နေပါ့မယ် ဘဘ”

“ဒါကလဲ ခဏပါပဲ သမီးရယ်၊ မောင်မေအောင် အဆင်ပြေတဲ့ တစ်နေ့ မောင်မေအောင်နဲ့ သမီးကို ဘဘတွေ့ပေးမှာပါ၊ ခုတော့ လောလောဆယ်က သမီး ဒီမှာရှိနေတာ





ကို မောင်မေအောင် မသိစေချင်တဲ့ သဘောပါပဲ၊ ဒါကြောင့်မို့ သမီး ခဏ သည်းခံလိုက်ပါကွယ်”

သိုက်သည် ဘဘ ဦးကျော်စွာကို ခေါင်းလေး ညိတ်ပြသည်ကလွဲလို့ သူမ ဘာမှမပြောနိုင်ပါ။

ပြောရန်လည်း သိုက်တွင် ခွန်အားမရှိတော့...

သိုက်ဆိုတာက ရတနာဒီပ ခြံကြီးထံကို သူ၏ အရှင်သခင် မဖိတ်ခေါ်ပါပဲ ရောက်ရှိသူတစ်ဦးမို့ သိုက်တစ်ယောက် သူမဘဝကို သူမ နားလည်ရမည်သာ...

“ကလေးမ ရတနာဒီပကို ရောက်နေတဲ့အကြောင်း မောင်မေအောင် မသိစေချင်သေးတာကလွဲလို့ မောင်မေအောင် ရှိတဲ့အချိန် အလုပ်သွားတဲ့ အချိန်မှာတော့ ရတနာဒီပမှာ ကလေးမ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်”

“ဟုတ်ကဲ့ပါ ဘဘ”

“ပြီးတော့ ကလေးမကို ဘဘတစ်ခု ပြောရဦးမယ်၊ မောင်မေအောင်ဟာ စိတ်ထားနူးညံ့ပြီး စိတ်ရင်းကောင်းတဲ့ သူဆိုပေမယ့် တစ်ခါတစ်ရံ သူစိတ်မှာမတွေ့လို့ စိတ်ဆိုးတဲ့ အခါများရှိခဲ့ရင် ကလေးမက မသိသလို ဘာသိဘာသာ နေနေလိုက်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ အခုရက်ပိုင်းမှာ မောင်



www.burmeseclassic.com

www.burmeseclassic.com



မေအောင်ဟာ သူ့ဖေဖေအတွက် သူအတော့်ကို စိတ်မကောင်း ဖြစ်နေပုံရတယ်"

ဦးကျော်စွာသည် သိုက်အား ပြောသာပြောနေရပါသည် သူကိုယ်တိုင်က သိုက်အတွက် စိတ်မကောင်း ဖြစ်နေပုံရပါ၏။

ကိုယ့်အရိပ်မှာ လာရောက် မှီခိုနေသည့် မိန်းကလေး တစ်ဦးကို ယခုလို စကားမျိုး ပြောနေရသည်ကပင် လွန်နေပြီမှန်းလည်း ဦးကျော်စွာ သိပါသည်။

သို့သော်...

မပြောလို့ကလည်း မဖြစ်ပြန်ပါ။

မောင်မေအောင် အကြောင်းကို ဦးကျော်စွာက အထူး အသိဆုံးဖြစ်တာမို့ ကလေးမ မောင်မေအောင်နှင့် ထိပ်တိုက် မတွေ့ရသေးခင် သူသည် သိုက်အား ဒီစကားများဖြင့် ကြို တင် သတိပေးထားခြင်း ဖြစ်သည်။

ဒါမှသာ သိုက်သည် မောင်မေအောင်ကို သူမဘက်က ကြို၍ ရှောင်ရှားနိုင်မည် ဖြစ်သည်။

သိုက်သည် ဦးကျော်စွာ ပြောသမျှ စကားများကိုသာ ခေါင်းလေးငုံ့လျက် နားထောင်နေရှာပါသည်။





ရင်ထဲမှာတော့ သူမ အဖြစ်အတွက် သိမ်ငယ်ခြင်းများ နှင့် ကြေကွဲနာကျင် ထိခိုက်နေရ၏။

ကြည့်လေ...

မိဘများ ဆုံးပါးတာချင်း အတူတူတောင် သိုက်သည် မေမေ့အတွက် ရင်မှာ တိတ်တဆိတ် ကြေကွဲရမည့်အဖြစ်...

ဦးမေအောင်သည် သူ့ဖခင်အတွက် သူအတော် ခံစား နေရပါသည်ဆိုတော့ မေမေ့သမီးဖြစ်သည့် သိုက်သည် မေမေ့ အတွက် မခံစား မကြေကွဲ မနာကျင်ရတော့ဘူးတဲ့လား...

ဟင့်အင်း...

မဟုတ်သေးပါ... သိုက်သည် မေမေ့အတွက် ရင်မှာ နာနာကျင်ကျင် ကြေကွဲ ထိခိုက်ခံစားနေရပေမယ့် ဂုဏ်ရည် နိမ့်ပါးသည့် မျက်နှာမွဲသည့်ဘဝမှာ သိုက်သည် ကိုယ့်ခံစား ချက်ကို လူမမြင်သူမမြင် ကျိတ်ကြေကွဲ ခံစားနေရသည့်အဖြစ် ကို ဘယ်သူတွေက နားလည် ခံစားပေးနိုင်မှာတဲ့လဲ...

ကံကြမ္မာရယ်...သိုက်အပေါ် ဘာကြောင့်များ ဒီလောက် ဆောင် ရက်စက်ရတာလဲကွယ်...

မေမေ့အတွက် ခံစားကြေကွဲလို့မှ မဆုံးသေး၊ သူသာ ခံစားတတ်သည် သူသာ ကြေကွဲ နာကျင်ရပါသည်လို့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ထင်မှတ်နေသော ဦးမေအောင်ကို သိုက်သည် တစ်အိမ်တည်းမှာ အတူရှိနေပါရက်နှင့် မမြင်မတွေ့ရလေ အောင် ရှောင်နေရမည်ဆိုသောအခါ သိုက်သည် ရတနာဒီပ ကို လာမိတာ မှားပြီဟူသော အသိက ရင်ထဲအလိုလို ဝင် ရောက်လာရ၏။

မေမေ့နောက်ဆုံး ဆန္ဒပါဟူသော စကားနှင့်အတူ ဘွားဘွားမရှိရင် ရတနာဒီပကို သွားဖြစ်အောင် သွားနေပါဟု ဆိုသော ဘွားဘွားနှုတ်မှ တဖွဖွမှာခဲ့ပါသည့် စကားကြောင့် သိုက် ရတနာဒီပ ခြံကြီးထဲကို ရောက်လာရသည်ဆိုလျှင် မမှားပါ။

ဘွဲ့တစ်ခုရထားသော သိုက်သည် တည်ငြိမ်သောအရွယ် ဆုံးဖြတ်နိုင်စွမ်းရှိသော ဉာဏ်ဖြင့် ဘဝတစ်ခုကို အနှောင့် အယှက် ကင်းကင်းနှင့် ရပ်တည်နိုင်သည်ကို သိုက်ကိုယ်သိုက် သိပါသည်။

သို့ပေမယ့်...

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ မေမေနှင့် ဘွားဘွားစကား ကို သိုက် မငြင်းဆန်ရက်သည်မို့ မေမေ့နောက်ဆုံး ဆန္ဒနှင့် အတူ ဘွားဘွား၏ စကားကို မြေဝယ်မကျ နားထောင်ရင်





သိုက်တစ်ယောက် ရတနာဒီပသို့ ရောက်ခဲ့ရသည်ပဲလေ–

တကယ်ဆို သိုက်ရင်ထဲတွင် ယနေ့ထက်တိုင် မေမေ နှင့် ပတ်သက်လို့ ခံစားမှုတွေက ဖြေသိမ့်နိုင်စွမ်း မရှိသေး ပါ။

ဖေဖေဆိုတာကို သိုက်သည် မမြင်တွေ့ဖူးခဲ့စဉ်မှာပင် ဖေဖေသည် သိုက်ဘဝထဲက မရှိတော့သလို မေမေသည်က သည်း သိုက် လူမှန်းသိသည့် အချိန်မှာကတည်းက သိုက် အနားကနေ ထွက်ခွာသွားခဲ့သူ ဖြစ်သည်။

ထိုသို့ မိဘမေတ္တာရိပ်က လွတ်ကင်းနေရသည့် သိုက် ဘဝလေးတွင် ဘွားဘွားသည် သိုက်ဘဝ၏ တံတိုင်းကြီးဖြစ် ခဲ့ရလေ၏။

ဘွားဘွားသာ သိုက်ဘဝ၊ ဘွားဘွားသာ သိုက်ကမ္ဘာ ဖြစ်ခဲ့ရသော သိုက်သည် မေမေ မေတ္တာကိုလည်း မျှော်လင့်နေ ခဲ့သူ တစ်ယောက်ဖြစ်သည်။

ထိုအတွေး အသိစိတ်တို့နှင့်ပင် သိုက်သည် ဘွားဘွား လက်ထဲတွင် အရွယ်ရောက် ကြီးပြင်ခဲ့ရလေသည်။

သို့တိုင်...

သိုက် မျှော်လင့်ခဲ့သည် မေမေကတော့ သိုက်ဘဝထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိမလာခဲ့တော့ပါ။ ဘယ်အရပ် ဘယ်ဒေသတွင် မေမေ ရောက်နေသည်ကိုလည်း သိုက် မသိခဲ့ရ။

ဖေဖေဆုံးပြီး အရွယ်ရှိသေးသော မေမေသည် တစ်ပင်လဲ တစ်ပင်ထူဆိုပေမယ့်၊ သိုက်ကိုတော့ မေမေသည် သူ့ဘဝထဲတွင် ရှိသည်ဟုပင် ထင်မှတ်ပုံမရတော့ဘဲ ဘွားဘွားလက်ထဲမှာပင် သိုက်ကို စိတ်ချလက်ချ ထားခဲ့သည်မှာ သိုက်ဆယ်တန်းအောင်၍ နောက်ဆုံးနှစ်ရောက်သည့်တိုင် ဖြစ်သည်။

မေမေ့မေတ္တာကို ခဏလေး ရခွင့်ရခဲ့တယ် ဆိုရင်တောင်မှ ကျေနပ်နေမည့် သိုက်အတွက် မထင်မှတ်သည့် တစ်နေ့မှာတော့ သိုက်ဘဝထဲ မေမေသည် ပြန်လည် ရောက်ရှိလို့လာခဲ့ပြန်၏။

အရွယ်ရောက်နေသော သိုက်ကို မေမေ မြင်သည်နှင့် သမီးဟု အသိအမှတ်ပြု ခေါ်လိုက်ပေမယ့်၊ သိုက်သည် မေမေကို မြင်ပေမယ့် လူက မတုန်မလှုပ်နှင့် ရင်ထဲ ဘာခံစားချက်မှမရှိသည့် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားရသည်က ဘာကြောင့်မှန်းလည်း သိုက်ကိုယ်သိုက် မသိခဲ့ပါ။

တကယ်ဆို မေမေသည် သိုက်ဘဝ၊ သိုက် နှလုံးသား





တွင် အချိန်ကြာမြင့်စွာ တောင့်တနေသူတစ်ဦး ဖြစ်သည်။

သို့သော်...

တကယ်တမ်း မေမေ့ကို မြင်လိုက်ပါတော့လည်း သိုက်နှလုံးသားများသည် ထိုခံစားမှုများနှင့် ဆန့်ကျင်လျက် အေးကော်သွားခဲ့ရသည်။

မှန်သည်။

သိုက်သည် ပစ္စည်းဥစ္စာ ခနများဖြင့် ပြည့်စုံကြွယ်ဝလှပနေသော မေမေ့ကိုသာ သူမသည် မမှိတ်မသုန် မျက်ဝန်းများဖြင့် ငေးစိုက်ကြည့်မိနေရ၏။

မေမေ... သူမရှေ့တွင် ရှိနေပါသည့် ဒီအမျိုးသမီးကြီးသည် သူမအား ပစ်ခွာသွားသည့် သူမ၏ မေမေသည်တဲ့လား...

ကြည့်စမ်းပါဦးတော့...

ဘယ်လောက်များ အံ့သြဖို့ ကောင်းလိုက်သည်လဲဆိုတာ...

နှစ်ပေါင်းများစွာ ပစ်ထားရက်သည့် ဒီအမျိုးသမီးကြီးကို သိုက်သည် သူမ၏ မေမေပါဟု အသိအမှတ်ပြုခေါ်ရမည်တဲ့လား...

ဟင့်အင်း...



www.burmeseclassic.com

www.burmeseclassic.com



သိုက် နှလုံးသားများ ဒီလောက်ထိ မနူးညံ့နိုင်သေးလှပါ၊ သိုက်သည် မေမေ့မေတ္တာ ဖေဖေ အကြင်နာများကို အရမ်း မျှော်လင့်ခဲ့ရသည်မှန်ပေမယ့်၊ တကယ်တမ်း မေမေ့ကို တွေ့ရပြန်တော့လည်း သိုက်သည် ဘာကြောင့် ဒီလိုများ ဖြစ်သွားရတာပါလိမ့်။

သိုက်ကိုယ်တိုင်လည်း နားမလည်နိုင်တော့ပါ။ မတွေ့ရစဉ်တုန်းက မေမေ့ကို အရမ်း မျှော်လင့်ခဲ့ရပေမယ့် တကယ်တမ်း သူမ မျှော်လင့်ခဲ့သည့် မေမေကို တွေ့ရပြန်တော့လည်း သိုက်သည် သူမ ထင်သလို ရင်မှာ မပျော်ပိုက်နိုင်ခဲ့ပါ။

ဒါဟာ သိုက်သည် မေမေအပေါ် နာကြည်းမှုဖြင့် ကြေကွဲ ခံစားနေရခြင်းသာ ဖြစ်ပါလိမ့်မည်။

မေမေဆိုတာ သိုက်ကို ငယ်စဉ်ကတည်းက ပစ်ခွာသွားရက်သူ အဖြစ် နှလုံးသားမှာ စွဲထင်နေရပေမယ့် မေမေ့မေတ္တာကိုလည်း သိုက်သည် မျှော်လင့်တကြီး လိုလား တောင့်တမိပြန်သောအခါ သိုက်ရင်ထဲ ဝေဒနာ ခံစားမှုပေါင်းများစွာနှင့် ခံစားမှုတွေ ရှုပ်ထွေးသွားခဲ့ရလေသည်။

ထို့ကြောင့်လည်း သိုက်သည် မေမေ့ကို ခပ်ခွာခွာနေလျက် ဆက်ဆံခဲ့ပါသည်။





သိုက်ရင်ထဲက ခံစားမှုကို မေမေသည်လည်း နားလည်သဘောပေါက်ပုံရပါ၏။ သိုက်နှင့် တွေ့ခါစက သိုက်ကို မေမေသည် သူ့အရိပ်အောက်တွင် သူနှင့်အတူ လာနေရန်နှင့် သိုက်အပေါ် သူတာဝန်မကျေခဲ့ရသမျှ ပြန်လည်ပေးဆပ်ရန် သူ့အမှားကို သူတောင်းပန်ကာ သိုက်ကို ခေါ်ခဲ့ပေမယ့် သိုက်သည် ခေါင်းညိတ်ခြင်းလည်း မရှိသလို ခေါင်းခါခြင်းလည်း မရှိခဲ့ပါ။

ကြာတော့ မေမေသည် သိုက်ရင်ထဲက ခံစားချက်နှင့် သိုက် အခြေအနေကို နားလည်လာပုံနှင့် သူနှင့်အတူ နေဖို့ရာ သိုက်ကို မပြောတော့ပါ။

သို့ပေမယ့်... မေမေသည် သိုက်ရှိရာသို့ မကြာခဏ လာရောက်တတ်သူ ဖြစ်သည်။ သူလာတိုင်းလည်း သိုက်အတွက်ဟုဆိုကာ ပစ္စည်းများ တစ်ခုမဟုတ် တစ်ခုပါလာတတ်ပေမယ့် သိုက်သည် မေမေ့ဆီက ဘာပစ္စည်းကိုမှ မက်မောခြင်း မရှိခဲ့ပါ။

သိုက် မျှော်လင့်သည်က မေမေထံမှ ဖြူစင်အေးမြသော မိခင်မေတ္တာကိုပင် ဖြစ်ပါသည်။

ဘွားဘွားထံမှ မေမေနှင့် ပတ်သက်က သိုက် သိရသ



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ မမေသည် ငွေကြေးပြည့်စုံ ချမ်းသာကြွယ်ဝ သည့် လူတစ်ဦးနှင့် အိမ်ထောင်ကျနေသည်ဆိုသော အကြောင်း နှင့် ထိုလူတွင် သိုက်ထက် လေးငါးခြောက်နှစ်ကြီးသော သားတစ်ယောက်ရှိသည့်အကြောင်း သူ့သားကိုတော့ မမေ မမြင်ဖူးသေးကြောင်းနှင့် ယခုအခါ သူ့ခင်ပွန်းသည်၏ သား သည် နိုင်ငံခြားတွင် ဆေးပညာနှင့်ပတ်သက်သည့် ပညာ တော်သင် သွားနေကြောင်းကိုပါ သိုက် သိခဲ့ရသော်လည်း သိုက်သည် မမေနှင့် ပတ်သက်ကာ ဒီထက်ပို၍ စိတ်ဝင်စား သိရှိခဲ့ခြင်း မရှိခဲ့ပါ။

မမေ့ကို သိုက်သည် စိတ်နာနေခြင်း မဟုတ်တော့ ပေမယ့်၊ မမေအပေါ်မှာ သိုက်သည် လိုက်လိုက်လျောလျော မရှိခဲ့သေးပါ။

ဒါကလည်း သိုက်ကို အပြစ်ပြော၍ မရပါ။ သိုက်အ တွင် မမေဆိုတာက သိုက်နှင့် နှစ်ပေါင်းများစွာ အနေဝေး ကွာခဲ့သူမို့ သိုက်သည် ရုတ်တရက်မှာတော့ မမေနှင့် စိမ်း နေသည်က အမှန်ဖြစ်သည်။

သို့သော်...

တကယ်တမ်း သိုက်သည် မမေနှင့် ရင်းနှီးတော့





အချိန်မှာတော့ မမေသည် သိုက်နှင့်တကွ အားလုံးကို ကျော ခဲ့ကာ ပြန်မလာနိုင်တော့သည့် နှုတ်ဆက်ခြင်းဖြင့် ဆုံးပါး သွားခဲ့သည်မှာ သိုက် ဘယ်လိုမှ မယုံကြည်နိုင်ခဲ့ပါ။

မနေ့ကမှ သိုက်ကို လာတွေ့ခဲ့သေးသော မမေသည် နောက်နေ့မှာ ဆုံးသွားခဲ့သည့်ဆိုတဲ့ အကြောင်းသိသိချင်း သိုက်သည် ထိုအဖြစ်ကို ရုတ်တရက် လက်မခံနိုင်အောင် ရှိ နေခဲ့ရသည်။

သိုက် နည်းတူ ဘွားဘွားသည်လည်း လက်မခံနိုင်ခဲ့ ပါ။ သို့ပေမယ့်၊ သည်အဖြစ်အပျက်ကြီးက အိပ်မက်မဟုတ် ဘယ် လက်တွေ့အဖြစ်မို့ လက်မခံလို့ကလည်း မဖြစ်ပြန်။

မမေ့ ရုပ်အလောင်းကို သိုက်သည် ဆေးရုံတွင် ကိုယ့် မျက်မြင် တွေ့ခဲ့ရသောအခါ ထိုနေရာမှာပင် သိုက် သတိ လစ်သွားခဲ့ရတော့သည်။

ဘွားဘွားသည် သူ့ချွေးမဖြစ်တဲ့ မမေ ဆုံးပါးသွား ခြင်းအပေါ် ရင်မှာ တနုံ့နုံ့ တမြည့်မြည့် ခံစားရသည်လား သိပါ။

ထိုစိတ်နှင့်ပင် အိပ်ရာထဲ ဗုန်းဗုန်းလဲကာ မမေဆုံး ပြီး သိပ်မကြာခင်မှာပင် ဘွားဘွားသည်လည်း သိုက် ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ထဲက အပြီးအပိုင် ထွက်ခွာသွားလေသည်။

ထို့အတွက်...

ရွှေဟောင်ကြီး ပြိုလဲခဲ့သူက သိုက်ဖြစ်သည်။

ယောကသည် သူတစ်ယောက်တည်း မလာတတ် မေမေ ဆုံးပြီးလို့မှ မကြာသေး၊ ဘွားဘွားကပါ သိုက်ဘဝထဲက ထာဝရ ပျောက်ကွယ်သွားရသောအခါ သိုက်သည် အသိန ကိုယ်လွတ်ထွက်သွားမတတ် ရူးသွပ်စွာ ခံစားလိုက်ရသည်

သိုက်သည် သူမဘဝ ဘာတွေဘယ်လို ဖြစ်ကုန်ပြီလဲ တာ မသိတော့ပါ။

သိုက်ဘဝထဲက ပျောက်ကွယ်ခဲ့သော မေမေသည် ရုတ်ဂေရက် မထင်မှတ်သည့် အချိန်တွင် သိုက်ဘဝထဲ ပြန်လည် ရောက်ရှိလာသလို သိုက် မထင်မှတ်သည့် အချိ မှာပင် မေမေသည် သိုက်ဘဝထဲက ထာဝရ ပျောက်ကွယ်သွ ပြန်၏။

သိုက်ဘဝထဲက မေမေ တစ်ယောက်တည်း ထွက်ခွ သွားသည်လားဆိုတော့ မဟုတ်ရပြန်။

သိုက်နှင့် လက်ပွန်းတတီး ငယ်စဉ်ကတည်းက မေ ရပါသော ဘွားဘွားသည်လည်း သိုက်ဘဝထဲက ထာ





ပျောက်ကွယ်သွားသည့်အခါ နုနယ်သည့် သိုက် နှလုံးသား သည် ထိုသောကအတွက် ခံနိုင်ရည် ဘယ်လိုမှ မရှိတော့ဘဲ ရင်မှာ ဒဏ်ရာဒဏ်ချက်များဖြင့် ကြေမွ အက်ကွဲခဲ့ရသည်။

ဘွားဘွား မကွယ်လွန်မီ သိုက်အား သူ့မရှိသည့် အချိန်တွင် ရတနာဒီပသို့ သွားနေရန်ကိုလည်း သိုက်အတွက် စိတ်မချသလို တဖွဖွ မှာကြားခဲ့လေ၏။

သိုက်အား ဘွားဘွား ဘာကြောင့် ဒီလို မှာခဲ့ရသည်လဲ ဆိုတာကို သိုက် နောက်မှ သိခဲ့ရသည်။

မေမေသည် သူ့မဆုံးမီ နောက်ဆုံး လာတွေ့သည့်နေ့က သိုက်ကို သူ ရတနာဒီပတွင် ခေါ်ထားချင်သည့် အကြောင်းနှင့် ဘာကယ်လို့ သူ တစ်စုံတစ်ရာ ဖြစ်ခဲ့ပါရင်လည်း သိုက်ကို ရတနာဒီပ၏အရိပ်အောက်တွင်သာနေစေချင်သည့်အကြောင်း ဘွားဘွားကို မေမေ ပြောခဲ့သည်ဆိုသော စကားကြောင့် ဖြစ်လေသည်။

ဘွားဘွား နည်းတူ မေမေသည် သူ၏ ခင်ပွန်းသည် ကိုလည်း သိုက်နှင့် ပတ်သက်ကာ ထိုအတိုင်း မှာခဲ့သည်က မေမေသည် သူ့ကိုယ်သူ ကြိုသိနေ၍လား မသိတော့ပါ။

ဘာပဲပြောပြော သိုက်သည်ကတော့ သိုက်အပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့သည့် မေမေ၏နောက်ဆုံး ဆန္ဒနှင့်အတူ ကွယ်လွန်ခါနီး သိုက်အား စိတ်မချသလို မှာခဲ့သည့် ဘွားဘွား၏စကားအပြင် ဘဘ ဦးကျော်စွာ၏ ညီဖြစ်သူအပေါ် နောက်ဆုံးပေးခဲ့သည့် ကတိစကားကြောင့် သူမသည် ရတနာဒီပ ခြံကြီးထဲကို ရောက်ရှိနေရုံမက ရတနာဒီပ၏ အရိပ်ကိုပင် ခိုလှုံနေခဲ့ရပြီဖြစ်သည်။

သို့တိုင်...

တကယ်တမ်းမှာတော့ သိုက်သည် သူမ ထင်ခဲ့သလို ရတနာဒီပတွင် သူမဘဝလေး အဆင်ပြေပြေနှင့် ရှိမနေခဲ့ပါ။

ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်၏ အရှင်သခင် ဦးမေအောင်၏ သိုက်နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက် မရရှိသေးခင်မှာပင် သိုက်သည် ရတနာဒီပ ခြံကြီးထဲ ရောက်ရှိနေရခြင်းအပေါ် ယခုအခါ သိုက်သည် သိမ်ငယ်စွာဖြင့် သူမဘဝကိုသူမ အိမ်ကြီးရှင် မမြင်ရလေအောင် ပုန်းလျှိုးဖွက်လျှိုးနေပေးရမည့်အဖြစ်...

သည်အဖြစ်ကို ဘွားဘွားနှင့် မေမေသာသိလျှင် သိုက်အတွက် ဘယ်လောက်များ ရင်နာလိုက်မည်လဲ မသိပါ။

သိုက်အတွက်ကတော့ ရင်မှာ ဝမ်းနည်း ကြေကွဲရ





များထက် သူမဘဝကိုသူမ ရင်ဆိုင်ရန် သူ့ဆန်စားမှတော့ နေတော့မည်ဟူသော ဆုံးဖြတ်ချက်နှင့် ရတနာဒီပ၏ အရှင်သခင် ဦးမေအောင် အလိုအတိုင်း သူ့စိတ်ကြိုက်နေပေးရုံသာ ရှိတော့သည်ပဲပေါ့။

"ကလေးမ ဘာတွေတွေးနေတာလဲ၊ ဘဘ ပြောတာကိုရော ကြားရဲ့လား"

"ရှင်..."

သူမဘဝကို သူမ နာကျင်ကြေကွဲရမှုများနှင့် အတွေးများလွန်နေရသော သိုက်သည် ဘဘ အသံကြားပါမှ သူမသည် အတွေးစိတ်က နိုးထသွားရသည်နှယ် ဖြစ်သွားရသည်။

"ဘဘ သိုက်ကို ဘာပြောလိုက်တာလဲဟင်..."

သိုက်သည် မျက်တောင်လေး တဖျတ်ဖျတ်ခတ်ရင်းက ဘဘ ဦးကျော်စွာအား မေးလိုက်သည်။

"သြော်... တခြား မဟုတ်ပါဘူး၊ ရတနာဒီပမှာ ကလေးမ နေရထိုင်ရတာရော အဆင်ပြေရဲ့လားလို့ မေးတာလေ"

ရတနာဒီပတွင် ဦးမေအောင် ပြန်မရောက်ခင်အထိ သိုက်သည် နေထိုင်ရတာ အစစ အဆင်ပြေပါသည်ဟုသာ



www.burmeseclassic.com

www.burmeseclassic.com



ဘဘ ဦးကျော်စွာအား ပြောလိုက်ချင်ပါတော့သည်။

အဘယ်ကြောင့်ဆိုသော်...

ယခု ဦးမေအောင် ပြန်ရောက်လာမှ သိုက်သည်လည်း ရတနာဒီပတွင် နေထိုင်ရေး ကျဉ်းကျပ်သွားရသည့်အဖြစ် သူမကို မမြင်အောင် သူ့ကို ရှောင်နေဖို့ကိုလည်း သိုက် ကြိုးစားရမည်ဖြစ်သည်။

သည်အဖြစ်ကို သိုက် ဘယ်လောက်ကြာကြာ ရင်ဆိုင် နိုင်မှာတဲ့လဲ။ သိုက်ဆိုတာ ရတနာဒီပတွင် ခိုကပ်နေရသည့် မိန်းကလေး တစ်ယောက်ဆိုပေမယ့် သူမတွင် မာနကတော့ ရှိပါသေးသည်။

ထို့အပြင် သူ့အရိပ်တွင် လာရောက်ခိုလှုံနေပါသော ဆွေမရှိမျိုးမရှိ၊ ဘာဂုဏ်ခနမှ မရှိသည့် သူမရင်ထဲတွင်လည်း ခံစားတတ်သည့် နှလုံးသားနှင့် နာကျင်ခြင်း ဝေဒနာများ သည်ဆိုတာ ဦးမေအောင် သိနိုင်မှာတဲ့လား...

ညှိုးကျသွားရသော သိုက် မျက်နှာလေးကို ဦးကျော်စွာ သည် ကြည့်ရင်းက–

“ကလေးမကြည့်ရတာ ဘဘတို့ရဲ့ ရတနာဒီပမှာနေ တာ မပျော်ဘူးနဲ့တူတယ် ဟုတ်လား”





ဘဘပြောတာ မှန်လိုက်တာဟု သိုက်သည် စိတ်ထဲက နေ ပြောနေရပါသော်လည်း တကယ်တမ်းမှာတော့ သိုက် သည် ထိုစကားကို ဘဘအား မပြောပြဖြစ်ပါပဲ...

“သိုက် ပျော်နိုင်အောင် ကြိုးစားပါ့မယ် ဘဘ”

အိမ်ကြီးရှင်များ၏ အလိုကျဖြစ်စေရန် မာန်မာန ဒေါသ ခိုပ်များ ကင်းစင်လျက် ပကတိ တည်ငြိမ်စွာ ပြောလိုက်ပါ သည့် သိုက် ပုံစံလေးက အရမ်းကို ရိုးရှင်းလျက် အပြစ်ကင်း စင်းလွန်းနေရသည်။

ထို့အတူ ...

သူမ ဆန္ဒထက် သူများ၏ဆန္ဒကို ဦးစားပေးကာ သိုက် ပျော်နိုင်အောင် ကြိုးစားပါမည်ဟု ပြောလိုက်ပါသည့် စကား သံလေးက တစ်ဖက်လူ၏ ရင်ကို နင့်သည်း ထိခိုက်သွားစေ ရသည်ကို ဒီကလေးမ သိမည်မဟုတ်ပါ။

“အေးကွယ်၊ ဘာပဲဖြစ်ဖြစ် ကလေးမကိုတော့ ရတနာ ဒီပခြံမှာ ပျော်အောင်နေစေချင်တယ်၊ ကလေးမ ဒီမှာနေရတာ မပျော်ဘူးမှန်းသိရင် သွားလေသူ ကလေးမရဲ့ မေမေလဲ စိတ် ကောင်းမှာ မဟုတ်သလို ဘဘလဲ ဘဘညီအပေါ်မှာ တာဝန် မကျေရာရောက်တယ်၊ ဒါကြောင့် မောင်မေအောင်နဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကလေးမ ခဏ သည်းခံစိတ်မွေးပြီး ပျော်အောင်နေပါ လို့ပဲ ဘဘ ပြောချင်တော့တယ်"

သိုက်သည် ဘဘ ဦးကျော်စွာ စကားကို နားထောင်ရုံ သက်သက်အဖြစ်နှင့် ခေါင်းလေးငုံ့ကာ တိတ်ဆိတ်နေရသည်။

သို့တိုင်...

သူမ ရင်ထဲတွင် စကားများစွာ ပြောချင်နေရသည် မဟုတ်ပါလား...

"မောင်မေအောင် ခဏနေရင် အပြင်က ပြန်ရောက်လာလိမ့်မယ်၊ သူ့မရောက်ခင် ကလေးမ ကိုယ့်အခန်းထဲမှာ ကိုယ်ခဏ သွားနေလိုက်ပါ၊ မောင်မေအောင် ရတနာဒီပက သူ့အလုပ်သမားတွေနဲ့ တွေ့ပြီးပြီဆိုရင်တော့ ဘဘ မယ်မှုကို ကလေးမဆီ အခေါ်လွှတ်လိုက်မယ်၊ ခုတော့ ဘဘ ပြောသလို ကလေးမ ကိုယ့်အခန်းထဲ ကိုယ်ပြန်နေလိုက်ပါကွယ်"

"ဟုတ်ကဲ့ ဘဘ၊ သိုက် ဘဘ ပြောတဲ့အတိုင်း နေပေးပါ့မယ်"

သိုက်သည် မျက်လွှာလေးချကာပြောရင်း ဘဘ ဦးကျော်စွာရှေ့ကနေ ခေါင်းလေးငုံ့လျက် ထွက်လာခဲ့လိုက်





သည်။

ဘဘ ဦးကျော်စွာသည် ထိုစကားများကို သိုက်အား အပေါ်ထပ် ညှော်ခန်းမှာပင် ခေါ်၍ ပြောခြင်းဖြစ်သည်။

ဘဘ ဦးကျော်စွာ အနားက လှည့်ထွက်လာခဲ့ရသော သိုက်သည် သူမ ခြေလှမ်း လှမ်းလိုက်လေတိုင်းမှာပင် မှားပြီး... မှားပြီးဟူသော အသိက သူမ ဝင်သက်ထွက်သက်နှင့် အတူ ရင်မှာ နာနာကျင်ကျင် ရေရွတ်နေမိတော့သည်။

သူမ အခန်းထဲ မရောက်မချင်း အနိုင်နိုင် ထိန်းလာခဲ့ရသော မျက်ဝန်းအိမ်လေးမှ ဝေ့သီနေရသော မျက်ရည်စများသည်လည်း သူမ အခန်းလေးထဲသို့ ရောက်သည်ဆိုရင်ပဲ ပါးပြင်ထက် တလိမ့်လိမ့်နှင့် ကျဆင်းလာသည်မှာ ရှိုက်သံလေးများပင် ထွက်၍သွားရသည်။

"ဆိုးလိုက်တာ... ဆိုးလိုက်တဲ့ ငါ့အဖြစ် ဒီအဖြစ်တွေ ဘွားဘွားကို သိစေချင်လိုက်တာ၊ ဘွားဘွားရယ်... သိုက် ဘွားဘွားကို သိပ်သတိရတာပဲရှင်၊ သိုက်အနားမှာ ဘွားဘွားသာ ခုချိန် ရှိသေးခဲ့ရင် သိုက် ဒီလို အဖြစ်တွေနဲ့ သိမ်ငယ်မှာ မဟုတ်ဘူးဆိုတာ သိုက်သိတယ်၊ ခုတော့ ဘွားဘွားရယ် အဟင့်... ဟင့်... ဟင့်..."



www.burmeseclassic.com

www.burmeseclassic.com



သိုက်သည် သူမအဖြစ်ကို သူမ ဝမ်းနည်းကြေကွဲစွာ တွေးရင်းက သွားလေသူ ဘွားဘွားကို ရင်မှာ တမ်းတမ်းတတကြီး ခေါ်ညည်းရင်း ရှိုက်ကာရှိုက်ကာ ငိုလိုက်မိတော့သည်။

ကြည့်ပါဦး...

သိုက်အဖြစ်က ဘယ်လောက်များ ရင်နာဖို့ ကောင်းလိုက်သည်လဲဆိုတာ...

ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်တောင် ရောက်တော့မည်ဆိုတာနှင့် သူမကို သူ့ မမြင်မတွေ့ရလေအောင် ကိုယ့်အခန်းထဲတွင် ကိုယ် တိတ်တဆိတ် ရှောင်ပုန်းနေရမည့် အဖြစ်က သိုက် နှလုံးသားများမှ မကြေကွဲလျှင် ဘယ်သူလာ၍ ကြေကွဲမှာတဲ့လဲကွယ်...

သိုက်သည် ဆိုးဝါးလွန်းသည့် သူမ အဖြစ်အတွက် ဖြေမဆည်နိုင်သော နောင်တသောက အတွေးများနှင့် ပါးပြင်နနုထက် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျရင်း မျက်ဝန်းလေးများ မှေးမှိတ်သွားရတော့သည်။

* * *



## အခန်း (၄)

မျက်ဝန်းအစုံ ဖျတ်ခနဲ ပွင့်လာသည်ဆိုရင်ပဲ ဦးမေအောင်သည် ရုတ်တရက်တော့ဖြင့် သူ့ကိုယ်သူ ဘယ်သူ ဘယ်ရောက်နေသည်ဆိုတာကို စဉ်းစား၍ မရပါ။

သို့သော် မျက်ဝန်း အကြည့်များက သူနှင့် ရင်းနှီးနေသည့် အခန်းကို သတိထားမိတော့မှ ဦးမေအောင်သည် ရတနာဒီပတွင် သူရောက်နေပါသေးဆိုတာကို သတိရသွားရသည်။

ရတနာဒီပဆိုသော အသိက ဝင်လာတော့ ဦးမေအောင်သည် ဖေဖေကို သတိရသွားရလေသည်။

ဖေဖေ ကွယ်လွန်ခြင်းအပေါ် ဦးမေအောင်သည် ယခုထက်တိုင်း သူ့အသိထဲက လက်ခံနိုင်ခြင်း မရှိသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ...

ဖေဖေ့အတွက်လည်း ဦးမေအောင် နင့်နင့်သည်းသည်း ခံစားရပါသည်။ မိခင်ကြီးမရှိတော့ပေမယ့် သူ့ကို ငယ်စဉ်ကတည်းက မိခင်မေတ္တာရော ဖခင်မေတ္တာကိုပါ ပေါင်းစပ်လျက် ပြုစုစောင့်ရှောက်ခဲ့ပါသော ဖေဖေသည် ယခု သူ့အနားတွင် မရှိတော့ပါ။

တကယ်ဆို ဖေဖေသည် သူ ငယ်စဉ်၊ ဖေဖေ အရွယ်ရှိစဉ်ကတည်းက အိမ်ထောင်ပြုမည်ဆိုလျှင် ပြု၍ရပါသည်။

သို့တိုင်...

ဖေဖေသည် နောက်အိမ်ထောင် မပြုခဲ့ပါ။ ပြုရန်လည်း သူ့တွင် စိတ်ကူးမရှိခဲ့...

သည်လိုမျိုး နောက်အိမ်ထောင်ပြုရန် စိတ်ကူးမရှိခဲ့သည့် ဖေဖေက အသက်အရွယ်ကြီးပါမှ သူနိုင်ငံခြားတွင် ပညာတော်သင်သွားနေသည့် အခိုက်မှာ ဒေါ်တင်မမဆိုသော အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုလိုက်သည်ဆိုသော သတင်း သူ့ကို အံ့သြသွားစေရသည်။

မေမေ ဆုံးပြီးကတည်းက နောက်အိမ်ထောင်မပြုတော့ပါဟု ဆုံးဖြတ်ခဲ့သော ဖေဖေကို ဒီလိုမျိုး အသက်အရွယ်ကြီး





ပါမှ အိမ်ထောင်သစ် ထူထောင်ရန် သိမ်းသွင်းနိုင်ခဲ့သော ဒေါ်တင်မမဆိုသည့် အမျိုးသမီးကြီးကို ဦးမေအောင် ချီးကျူးရမလို ဖြစ်နေရသည်။

ဘာပဲပြောပြော တစ်ယောက်တည်း အထီးကျန်ဆန်နေသော ဖေဖေ ယခုလို သူ့ဘဝ၏ ခရီးဖော် ဒေါ်တင်မမနှင့် အိမ်ထောင်ပြုလိုက်သည်ကို ဦးမေအောင် ကျေနပ်ပါသည်။

မှန်တာပြောရလျှင် အရွယ်ရှိနေသေးသော ဖေဖေ့အတွက် ကျန်ရှိနေသော အချိန်များကို ဦးမေအောင်သည် တစ်ယောက်တည်း အထီးကျန်ဆန်ဆန် မကုန်ဆုံးစေချင်ပါ။

ဖေဖေ့အနားတွင် နေ့ဆေးပေးမီးယူ ဖေဖေ့အား ပြုစုပေးမည့် အနီးကပ်တစ်ယောက် လိုအပ်သည်ကို ဦးမေအောင် နားလည်ပါ၏။

နားလည်၍လည်း ဦးမေအောင် ဖေဖေ နောက်အိမ်ထောင်ပြုခြင်းကိစ္စကို သူသည် ဘာမှ မကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

ဖေဖေ့ကို စိတ်ချမ်းသာစေချင်ကာ ဖေဖေ့ စိတ်နှလုံးများကို ကြည်နူး ကြည်မွေ့စေချင်ခဲ့သော ဦးမေအောင်သည် သူ ပညာတော်သင် ခရီးမှ ပြန်လာရန် သိပ်မကြာတော့သည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာပင် ဖေဖေ၏ အဖြစ်ဆိုးကို ရုတ်တရက် ကြားလိုက်ရတော့ သူ့နားကိုပင် သူမယုံကြည်နိုင်အောင် ဖြစ်ခဲ့ရသည်မှန်သည်။

အဘယ်ကြောင့်ဆိုသော်...

ဦးမေအောင်သည် ဖေဖေနှင့် မနေ့ကပင် သူဖုန်းနှင့် စကားပြောဖြစ်ခဲ့သေးသည် မဟုတ်ပါလား...

သူသည် ဖေဖေ့အဖြစ်ကို မယုံကြည်နိုင်လွန်းသဖြင့် စုံစမ်းတော့ဖေဖေသည် သူ့ဇနီးသည်နှင့်အတူ ပဲခူးသို့သွားရင်း ယခုလို အဖြစ်ဆိုးနှင့် ကြုံရသည်ဆိုသောအကြောင်း သိခဲ့ရလေ၏။

တစ်ဆက်တည်း ပဲခူးသွားဖို့ တိုက်တွန်းသူမှာလည်း ဖေဖေ၏ ဇနီးသည် ဒေါ်တင်မမဆိုတာကို ဦးမေအောင်သိရတော့ ဦးမေ့အောင်သည် ဖေဖေ့အတွက် ဖြေမဆည်နိုင်အောင် ယူကျုံးမရသည့် စိတ်များနှင့်အတူ ဖေဖေ့ဇနီး ဒေါ်တင်မမသူ အမျိုးသမီးကြီးပေါ်မှာလည်း သူ့ နာကျင်မှုဖြင့် ခွင့်မလွှတ်နိုင်အောင် ရှိသွားရသည်။

သို့သော်...

ဒေါ်တင်မမဆိုသည့် အမျိုးသမီးကြီးကို သူနာကြည်းသည်။ ထိုအမျိုးသမီးကြီး သိတော့မည် မဟုတ်...





အကြောင်းမှာ...

ဒေါ်တင်မမသည် ဖေဖေနှင့်အတူ ပဲခူးသို့အသွား ကားတိုက်စီးဒင့် ဖြစ်ခဲ့ရသည်မို့ ထိုနေရာမှာပင် ဒေါ်တင်မမ ဆုံးပါးသွားခဲ့သောကြောင့် ဖြစ်သည်။

ဦးမေအောင် ဖေဖေ့အတွက်ရော ဒေါ်တင်မမအတွက်ပါ စိတ်မကောင်း ဖြစ်ရပါသည်။

သည်ခရီးကို ဒေါ်တင်မမကြောင့်သာ မထွက်ဖြစ်ခဲ့ပါလျှင် ဖေဖေနှင့် ဒေါ်တင်မမသည်လည်း ယခုလို အဖြစ်ဆိုးမျိုး ကြုံတွေ့ခဲ့ရမည် မဟုတ်ပါ။

ခုတော့ ဒေါ်တင်မမကြောင့် ဖေဖေသည်လည်း...

"ဟင်း..."

"ဖေဖေရယ်ဗျာ..."

သက်ပြင်းမောနှင့်အတူ နာကျင်မှုကြောင့် မျက်ဝန်းအစုံ ပြန်မှိတ်လိုက်ရင်းက ဦးမေအောင်သည် ကိုယ်ကို အိပ်ရာထက်သို့ ဘယ်ညာ လူးလွန့်လိုက်မိသည်။

သူသည် မျက်ဝန်းများကို မှေးမှိတ်လျက်က ဖေဖေနှင့် ပတ်သက်ကာ ရင်မှာ ထိခိုက်စွာ ခံစားနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရမည်ဆိုလျှင် ဦးမေအောင်သည် ဖေဖေ့အဖြစ်
သူ ယနေ့တိုင် ယုံကြည် လက်ခံနိုင်စွမ်း မရှိသေးပါ။

ရတနာဒီပတွင် ဖေဖေ့အရိပ် ဖေဖေ့ အငွေ့အသက်မျာ
ကို သူသည် ခံစားရင်း ရင်မှာ တိတ်တဆိတ် ကြေကွဲနေရ

ဖေဖေ့အတွက် ဒီလို ထိခိုက်ကြေကွဲနေသည်ဆို
ဖေဖေကိုသတ်သူ တရားခံ ဒေါ်တင်မမ၏ သမီးဆိုသူ
ရတနာဒီပ၏ အရိပ်အောက်တွင် ခေါ်ထားရမည်ဆိုသော
အခါ...

"ဖေဖေရယ် ဖေဖေရဲ့နောက်ဆုံး အချိန်မှာတော
ဖေဖေဟာ ဒေါ်တင်မမနဲ့ ပတ်သက်ပြီး ဘာဖြစ်လို့ ခုလို စိ
ပေးခဲ့ရတာလဲဗျာ၊ ဖေဖေရဲ့နောက်ဆုံး ဆန္ဒပါဆိုတဲ့ စကာ
သား လိုက်လျော ဖြည့်ဆည်းပေးချင်ပေမယ့် ဖေဖေကိုသတ်
ဒေါ်တင်မမကိုတော့ သားမုန်းတယ် ဖေဖေ၊ ဒါကြော
ဒေါ်တင်မမရဲ့ သမီးကိုလဲ သား ရတနာဒီပကို မခေါ်ထ
သေးတာ ဖေဖေ ခွင့်လွှတ်ပါဗျာ၊ ဖေဖေနဲ့ ပတ်သက်လို့ သာ
ရင်ထဲ အချိန်ယူပြီးတဲ့ တစ်နေ့ကျရင် ဖေဖေ့ဆန္ဒကို လို
လျော ဖြည့်ဆည်းပေးမယ်ဆိုတာ ဖေဖေ့ကို သား ကတိပေး
တယ် ဖေဖေ၊ ကတိပေးပါတယ်"





ဦးမေအောင်သည် ရင်မှာ ထိထိခိုက်ခိုက်နှင့်ပင် ထို
ကားများကိုဆိုရင်း သူသည် အိပ်ရာထက်မှ အသာထလိုက်
သည်။

သည်နောက် သူသည် ရတနာဒီပ တိုက်ကြီး၏ လသာ
ဆောင်သို့ ထွက်လာခဲ့လိုက်သည်။ လသည် လပြည့်ညမို့ထင်
ဝိုင်းဝိုင်းစက်စက် ဝန်းဝန်းပြည့်ပြည့် ရှိနေရသည်။

ဦးမေအောင်သည် လသာဆောင်တွင်ရှိနေသည့် ဒရင်း
က်ပေါ် ကိုယ်ကို အသာအယာ ဝင်လှဲရင်းက ဝိုင်းဝိုင်းစက်
က် ဝန်းဝန်းပြည့်ပြည့် လပြည့်ည၏အလှကို တစ်ယောက်
ည်း တိတ်ဆိတ်စွာ ငေးကြည့်လျက် ခံစားရင်း စီးကရက်
စ်လိပ်ကို မီးညှိဖွာရှိုက် သောက်လိုက်လေသည်။

ဒါက ဦးမေအောင်၏ အကျင့်လို့ ပြောရမည်ဖြစ်သည်။
ဦးမေအောင်သည် ဘယ်တော့မဆို သူစိတ်ရှုပ် စိတ်ညစ်လာ
လျှင် သူသည် ထိုသို့ စီးကရက်ကို ဖွာရှိုက်နေမှသာ သူ့ရင်
ထဲ နေသာထိုင်သာရှိတတ်သူ ဖြစ်သည်။

ဦးမေအောင်သည် လပြည့်ညနှင့် လဝန်း၏အလှကို
ခံစားနိုင်ပါ။

သူ့ရင်မှာ နာကျင်မှုဖြင့် အတွေးများ ရှိနေရသည်က



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၏နောက်ဆုံး စကားနှင့် ဆန္ဒများသာ ဖြစ်ပါသည်။

အန်ကယ် ဦးကျော်စွာကိုယ်တိုင်က သူ့ကို ဖေဖေနှင့် ပတ်သက်လို့ ဖေဖေမှာခဲ့သည့် နောက်ဆုံးဆန္ဒနှင့် စကားကို လိုက်လျှောဖို့ တောင်းဆိုခဲ့ပေမယ့် ဦးမေအောင် ထိုအကြောင်းနှင့် ပတ်သက်ကာ ခေါင်းထဲ မစဉ်းစားခဲ့ရသေးပါ။

ဒေါ်တင်မမသာ ဒီစကားကို မှာခဲ့သည်ဆိုလျှင် သူ့အနေဖြင့် စဉ်းစားဖို့ရာ အကြောင်းမရှိပေမယ့် ယခုက သူ သိပ်ချစ် သိပ်လေးစားရပါသည့် ဖေဖေ့စကားဖြစ်နေသော ကြောင့် ဦးမေအောင်သည် ဖေဖေ စကားကိုတော့ တန်ဖိုးထား လိုက်နာရမည် ဖြစ်သည်။

ထို့ကြောင့်လည်း ဦးမေအောင်သည် ထိုစကားနှင့် ပတ်သက်ကာ သူ့ရင်မှာ ယခု အလေးအနက် စဉ်းစားနေခြင်း ဖြစ်သည်။

ဖေဖေမှာခဲ့သလို သူသည် ဒေါ်တင်မမ၏ သမီးဆိုသူကို တကယ်ပဲ ရတနာဒီပ၏ အရိပ်အောက်မှာ ခေါ်ထားလိုက်ရ တော့မည်လား...

ဟင့်အင်း... ဒါလည်း မဖြစ်နိုင်သေးပါ၊ သို့သော် မဖြစ်လို့ကလည်း မရတော့...





ဖေဖေဆိုတာက သူအလွန်ချစ် အလွန် လေးစားရသည့် သူ၊ ပြီးတော့ ဒီစကားက ဖေဖေရဲ့နောက်ဆုံး မှာခဲ့သည့် စကား...

ဒီလိုမျိုး နောက်ဆုံး မှာခဲ့ပါသည်ဆိုသော ဖေဖေ့စကား နှင့်ဆန္ဒကို ဦးမေအောင် ဘယ်လိုမှ ငြင်းဆန်ဖို့ ခွန်အားမရှိပါ။

ဖေဖေ့ကို သိပ်ချစ်သော သားတစ်ယောက်အနေနဲ့ ဖေဖေ့ဆန္ဒကို သူ အဖြစ်နိုင်ဆုံး အတတ်နိုင်ဆုံး လိုက်လျှောရ မည်ဖြစ်သည်။

ဦးမေအောင်သည် အတွေးနှင့်အတူ နောက်ထပ် စီးကရက် တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။

သူ စဉ်းစားရတော့မည် ဖြစ်သည်။

မှန်သည်။

ဦးမေအောင်သည် ဖေဖေ့နောက်ဆုံး စကားဖြစ်သော ဒေါ်တင်မမ၏ သမီးကို ရတနာဒီပ၏ အသိုက်အမြုံထဲကို ခေါ်ဖို့ဆိုတာ သူ့အနေဖြင့် အလေးအနက် စဉ်းစားရတော့ မည်ဖြစ်သည်။

မဟုတ်ပါက သူသည် သွားလေသူ ဖေဖေ့အပေါ် အာဝန်မကျေသည့် သားတစ်ယောက် ဖြစ်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အဖြစ်ကိုတော့ ဦးမေအောင် အဖြစ်မခံနိုင်ပါ။

ဖေဖေဆိုတာက သူ့အသက်ထက်မက ချစ်ကြောက်ရှိသေ လေးစားရသူ ဖြစ်သည်။

ထို့ကြောင့် ဘာပဲဖြစ်ဖြစ် သူသည် ဖေဖေ့မှာခဲ့သည် စကားကို လေးစား တန်ဖိုးထားလျက် လိုက်နာရမည် ဖြစ်သည်။

ဘာပဲပြောပြော ဒီကိစ္စက ဦးမေအောင်အတွက် မဖြစ်မနေ ရင်ဆိုင်ရမည့်ကိစ္စမို့ ဦးမေအောင်သည် ထိုကိစ္စကို အလေးအနက် စဉ်းစားလေတော့သည်။

အန်ကယ် ဦးကျော်စွာ၏ စကားအရတော့ ဒေါ်တင်မမ၏ သမီးသည် လိမ္မာယဉ်ကျေးကာ ဂုဏ်ရှိသော မိန်းကလေးတစ်ယောက်လို့ သူသိခဲ့ရပေမယ့် သူ့စိတ်ထဲတွင် ဒေါ်တင်မမ၏ သမီးဟူသော အသိက ရင်မှာ စွဲထင်နေရသည်မို့ ထိုမိန်းကလေးကို ဦးမေအောင် မြင်တွေ့ဖူးခြင်း မရှိသေးပေမယ့် သူ့စိတ်ထဲတွင်တော့ ထိုမိန်းကလေးနှင့် ပတ်သက်ပြီး အမြင်မကြည်လင်နိုင်အောင် ရှိနေရသည်။

သို့သော်...

ဘယ်လိုကြောင့်ပဲ ဖြစ်နေပါစေ သူ့ရင်ထဲက ခံစားချက်





သက် သွားလေသူဖြစ်တဲ့ ဖေဖေ့ဆန္ဒ ဖေဖေ့စကားကို သူလိုက်နာရမည်မို့ ဦးမေအောင်သည် ဒေါ်တင်မမ၏ သမီးဆိုသူကို ရင်မှာ ဘယ်လောက်ပင် အမြင်မကြည်လင် ဖြစ်နေပါစေ။ သူမကိုတော့ဖြင့် မဖြစ်မနေ သူ၏ ရတနာဒီပ ခြံကြီးထဲကို ခေါ်ထားရတော့မည် ဖြစ်သည်။

သည်အဖြစ်ကို ဦးမေအောင် တကယ်ပင် လက်ခံလိုက်တော့မည်လား...

ဒါပဲ ရှိတော့သည် ဒေါ်တင်မမ၏ သမီးဆိုသူကို ဦးမေအောင်သည် သူပိုင်ဆိုင်ရာ သူ၏ အရိပ်အာဝါသအောက်ဖြစ်သည့် ရတနာဒီပ ခြံကြီးထဲ ခေါ်ယူစောင့်ရှောက်ဖို့ကို သူ ဆုံးဖြတ်လိုက်မိသည်က ဖေဖေ မှာခဲ့သော စကားတစ်ခွန်းကြောင့်သာ ဖြစ်သည်ဆိုတာကိုတော့ ဦးမေအောင် သူ့ကိုယ်သူသာ အသိဆုံး ဖြစ်တော့တယ်။

"ဟင်း..."

"ဖေဖေရယ်..."

ဖေဖေ မရှိတော့ပေမယ့် ဖေဖေ့ စကားတွေကို သားအလေးအနက်ထားတယ်ဆိုတာ ဖေဖေ ရောက်ရာဘုံဘဝက ကြားသိပါတော့ ဖေဖေရယ်... ကြားသိပါတော့ဗျာ...



www.burmeseclassic.com

www.burmeseclassic.com



ဦးမေအောင်သည် အတွေးသက်မ တစ်ချက်နှင့်အတူ ရင်မှာ ကြေကွဲနင့်သည်းသော စကားများကို တစ်ယောက်တည်း ကျိတ်ကာဆိုလျက် ဖခင်ကြီး၏ စကားဆန္ဒများကို ရင်မှာ အလေးအနက်ထားကာ တိုင်တည်လိုက်မိသည် မဟုတ်လား...

*

အပွင့်အခက် အလက်ကြီးများနှင့် သိပ်ကို လှပနေပါသော ဖြူလွလွ ဇာခန်းဆီး အဖြူရောင် လိုက်ကာရှည်ရှည်ကြီးများကို သိုက်သည် အောက်ထပ်တစ်ထပ်လုံး လဲပြီးသည်နှင့် သူမသည် ဖြုတ်ပြီးသား ခန်းဆီးများကို သိမ်းကာ ခမ်းနားကြီးကျယ်ပါသော ရတနာဒီပ၏ ဧည့်ခန်းကျယ်ကြီးကို သန့်ရှင်းရေး လုပ်လိုက်လေသည်။

ရတနာဒီပ တိုက်နှင့်ခြံကြီးမှာ ကြီးမားကျယ်ဝန်းသော ခန့်ညားထည်ဝါသလောက် ရတနာဒီပ တိုက်ကြီးတွင် ဖွဲ့စည်းထားသော အခန်းတိုင်း အခန်းတိုင်းမှာလည်း ကျယ်ဝန်းသန့်ရှင်းမှုတို့နှင့်အတူ အခန်းတိုင်းလိုလို နောက်ဆုံးပေါ် အဖိုးတန် ပစ္စည်းများနှင့် ပြင်ဆင်ဖွဲ့စည်းထားသည်မို့ ရတနာဒီပတိုက်ကြီးထဲ ဝင်လိုက်တာနှင့် မြင်ရသူဘဝင်ကို ကြည်နူး





ချမ်းမြေ့စေကာ စိတ်နှလုံး ကြည်မွေ့စေရသည်ကတော့ အမှန်ပင်ဖြစ်သည်။

ထိုသို့ ကြည်နူးချမ်းမြေ့စေရအောင်လည်း ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်သည် သူပိုင်ဆိုင်ရာ ဤရတနာဒီပခြံနှင့် တိုက်ကြီးကို အထူးပဲ ဂရုတစိုက် ရှိလွန်းလှသူ ဖြစ်သည်။

ထို့ကြောင့်လည်း ရတနာဒီပမှာရှိသော မည်သည့် အလုပ်သမားမဆို တစ်ဦးတစ်ယောက်မှ မခိုမကပ်ဘဲ သူတို့အနေဖြင့် ထိုသို့ လုပ်ရသည်ကိုပင် နေသာကျနေသလိုမျိုး ပြုံးပြုံးရွှင်ရွှင် ပျော်ပျော်ပါးပါးနှင့် သက်သောင့်သက်သာဟန် ပန်လတ်သွက်လက်စွာ ရှင်းနေကြလေသည်။

သည်အထဲတွင် သိုက်လည်း တစ်ယောက် အပါအဝင် ဖြစ်သည်။

မှန်သည်။

သိုက်သည် ရတနာဒီပကို ရောက်နေသည့် ရက်များအတွင်းမှာ ဒေါ်ကြီးမှုံနှင့် နီးကပ်စွာရှိမှု ဒေါ်ကြီးမှုံ၏ အစစအရာရာ ပြင်ဆင်ပြသမှုများကြောင့် ရတနာဒီပသည် သူမနှင့် သိမ်းတော့သလို ရတနာဒီပမှာရှိသော အရာအားလုံးနှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ရင်းနှီး ကျွမ်းဝင်နေရပြီဖြစ်၏။

ထိုကျွမ်းဝင်မှု ဒေါ်ကြီးမှုံ၏ ပြသထားမှုများကြောင့် သိုက်သည် ရတနာဒီပ တိုက်ကြီးတွင် စည်းကမ်းနှင့်ပတ်သက်လို့ မည်သို့မည်ပုံ လုပ်ကိုင်နေထိုင်ရမည်ကို နားလည်နေရပြီဖြစ်သည်။

ယခုလည်း သိုက်သည် ဦးမေအောင်မရှိသည့် အချိန် သူ အလုပ်သွားသည့် အချိန်မှာမှ သူမ လုပ်စရာရှိသည့်အလုပ်များကို ထွက်လုပ်ရလေ၏။

ဒါကလည်း သိုက်အတွက် ကျင့်သားနေပြီဖြစ်သော ကိစ္စတစ်ခုပင် ဖြစ်သည်။

အကြောင်းမှာ...

သိုက်သည် ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်နှင့် မဆုံရလေအောင် သူမဘက်က သတိထားရှောင်နေသည်မှာလည်း ဦးမေအောင် ရတနာဒီပတွင်ရှိသည့် အချိန်များတွင် သိုက်သည် သူမကို ဦးမေအောင် မတွေ့ရလေအောင် ရှောင်နေတတ်သည်မှာ သိုက်အတွက် အထူးအဆန်းကြီး မဟုတ်တော့ပါ။

ဦးမေအောင်ရှိသည့် အချိန်တွင် သိုက်သည် သူမ အခန်း





လေးထဲတွင် ရှိနေတတ်သလို ဦးမေအောင် အလုပ်က ပြန်လာသည့်အချိန်တွင်လည်း သိုက်သည် သူမ အခန်းလေးထဲ သူမပြန်၍ ဝင်နေတတ်လေ၏။

သူမရှိသည့် အချိန်မှာတော့ သိုက်သည် သူမ အခန်းမှ ဆက်ကာ ရတနာဒီပတွင် သူမ လုပ်စရာရှိသည့် အလုပ်များကို သူမဘက်က ဘာတစ်ခုမှ မလစ်ဟင်းစေရ၊ အားလုံးကို ရတနာဒီပ အရှင်သခင် စိတ်ကြိုက်၊ သူမဘက်က တာဝန်သိစွာဖြင့် လုပ်ပေးတတ်သူ ဖြစ်သည်။

ဘဘ ဦးကျော်စွာသည် သိုက်ကို ဘာမှမလုပ်ဖို့ ပြောသမယ့် သိုက် မနေတတ်ပါ။

သိုက်ဆိုတာက နဂိုကတည်းက အလုပ်ကြောက်သည့် မိန်းကလေး မဟုတ်ပါ။ ဘွားဘွား၏ ဆိုဆုံးမမှုအောက်တွင် နေလာခဲ့ရသော သိုက်သည် မိန်းကလေး ပီသစွာနှင့် အိမ်မှုကိစ္စများကို ကျွမ်းကျင်နိုင်နင်းစွာ လုပ်ကိုင်တတ်သူလည်းဖြစ်သည်။

ဒါတွေက အခု သိုက်အတွက် ရတနာဒီပတွင် အသုံးဝင်နေရပြီဖြစ်သည်။

နဂိုကမှ အလုပ်မရှိရင် မနေတတ်ခဲ့သော သိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဘဘ ဦးကျော်စွာက ဘယ်လိုပင် မလုပ်ဖို့ပြောပြော သိုက်ကတော့ မနေတတ်သူပီပီ၊ ဘဘ ဦးကျော်စွာအား အပြုံး လှုလှုလေးနှင့် ခွင့်ပန်ကာ ရတနာဒီပတွင် သူမ လုပ်နိုင်သည့် အလုပ်များကို လုပ်ကိုင်တတ်သူလည်း ဖြစ်သည်။

ဦးမေအောင် မရှိခင်ကတည်းက သိုက်သည် ရတနာဒီပမှာရှိသော လူများနှင့်အားလုံး ရင်းနှီးနေရပြီမို့ သိုက်သည် အားလုံးနှင့် မစိမ်းတော့ပါ။

စကားနည်းသော ဒေါ်ကြီးမှုံကိုပင် သိုက်သည် သူမ စကားသံ ချိုချိုလေးဖြင့် ချစ်စဖွယ် ကလေးတစ်ယောက်လို ဟန်ဆောင်မှုမရှိ စကားကို ပွင့်ပွင့်လင်းလင်း ပြောတတ်သည်မို့ လည်း ရတနာဒီပတွင် ဒေါ်ကြီးမှုံကအစ အားလုံး သိုက်ကို ချစ်ခင်ကြလေ၏။

ထိုသို့ ချစ်ခင်အောင်လည်း သိုက်သည် သိုက်မှသိုက် ဖြစ်နေရသည်မှာ အနေတည်တ့ကာ အပြောပြတ်သားပါသည် ဆိုသော ဘဘ ဦကျော်စွာပင် သိုက်၏ လိမ္မာယဉ်ကျေးမှုနှင့် အလိုက်သိတတ်မှုကြောင့် သိုက်ကို ခင်တွယ်နေရပြီဖြစ်သည်။

ရတနာဒီပ ခြံကြီးတွင် စုစုပေါင်း အလုပ်သမား ငါး ယောက်ရှိလေ၏။





ဦးမေအောင်တို့ မိဘများ လက်ထပ်မှာကတည်းက နေလာခဲ့သော လူယုံ အိမ်ထိန်းဖြစ်သည်။ ဒေါ်ကြီးမှုံနှင့် ဒေါ်ကြီးမှုံအတွက် အဖော်ရအောင် ခေါ်ထားသော ဒေါ်ကြီးမှုံနှင့် ဆွေမျိုးမကင်းသည့် တေးဆယ်နှင့် သူ့တူမ အပုလေး ပြီးတော့ ခြံစောင့် ဘကြီးလှနှင့် ဒရိုင်ဘာ ကိုမြ။

ခြံစောင့် ဘကြီးလှကတော့ ဦးမေအောင်တို့ ငယ်ငယ်ကတည်းက သူတို့နှင့်အတူ နေလာခဲ့သူ၊ တစ်ကိုယ်ရေတစ်ကာယ သူ့အတွက် ဘာသံယောဇဉ်မှ မရှိသည့်လူ၊ ဦးမေအောင်တို့ မိသားစုအပေါ်မှာသာ သစ္စာရှိရှိနှင့် သူ့မိသားစုလို သဘောထားကာ နေလာခဲ့သူလည်း ဖြစ်သည်။

ဘကြီးလှသည် ကွမ်းတမြုံ့မြုံ့နှင့် စကားကို အပိုမပြောတတ်ဘဲ သူလုပ်စရာရှိသည်များကို သူ့ဘက်က ဘာတစ်ခုမှ ပြောစရာမရှိအောင် လုပ်ကိုင်ပေးတတ်သည့် သစ္စာရှိ လူယုံကြီးလည်း ဖြစ်သည်။

ဒရိုင်ဘာ ကိုမြကတော့ ရတနာဒီပတွင် မနက် အလုပ်ချိန်တွင်လာ၍ လုပ်တတ်သူဖြစ်ပြီး အလုပ်ပြီးသည့်အချိန်မှာ သူ့မိသားစုရှိရာသို့ ပြန်တတ်သူ ဖြစ်သည်။

ဒီနေ့တော့ ဒေါ်ကြီးမှုံနှင့် အေးပုလေးမှာ ရတနာဒီပတွင်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သမျှ တစ်ဖတ်စာ ဈေးဝယ်ထွက်ရာ ဒရိုင်ဘာ ကိုမြ ဒေါ်ကြီးမှုနှင့် အေးပုလေးကို လိုက်ပို့ပေးလေသည်။

မတေးဆယ်မှာ ရွာမှာရှိသော သူ့ ဆွေမျိုးတစ်ယော နေမကောင်းသဖြင့် ရွာကို ခဏ ပြန်သွားလေသည်။

ဘဘ ဦးကျော်စွာကတော့ မနက်ကတည်းက အလု ကိစ္စရှိ၍ အပြင်ကို ထွက်သွားပြီဖြစ်သည်။

အိမ်တွင် ကျန်ရစ်ခဲ့တဲ့ သူဆိုလို့ သိုက် တစ်ယော သာ ရှိလေ၏။

ရတနာဒီပတိုက်ကြီးထဲတွင် တစ်ယောက်တည်း ကျ ရစ်ခဲ့သော သိုက်မှာ အောက်ထပ်ဧည့်ခန်း တစ်ခုလုံးကို စီးများ လဲလှယ်ပြီးသည့်နှင့် သန့်ရှင်းရေး ပြုလုပ်စရာရှိသ များကို ပြုလုပ်ပြီး အပေါ်ထပ်သို့ တက်ရန်အပြင် ခြံထဲသ မောင်းဝင်လာသည့် ကားတစ်စီးကြောင့် သိုက်မှာ ခြေဖ လက်ဖျားများ အေးစက်သွားရလေသည်။

မှန်သည်။

အကြောင်းကား...

ခြံထဲသို့ မောင်းဝင်လာပါသော ကားမှာ ရတနာဒီပ အရှင်သခင် ဦးမေအောင်၏ ကားဖြစ်နေသောကြောင့်





ဟုတ်ပါလား...

ဘုရားရေ...

ကြည့်ပါဦးတော့...

သူ... သူ... ဦးမေအောင် သူ၏ အလုပ်ပြန်ချိန်လည်း ဟုတ်ပါပဲ၊ ဘာကြောင့် ဒီအချိန်ကြီး ပြန်လာရသည်လဲ...

သိုက်မှာ ဦးမေအောင် ကားကိုကြည့်ပြီး ကြောက်စိတ် ကြောင့် ခြေကွက်လက်တွေပင် ပုန်လျက် ဖောခွေးလေးများ ကန်မဆောင်နိုင်အောင် အပျက်ကြီး ပျက်နေရတော့သည်။

အံသြမှုတို့ဖြင့် သိုက်သည် မျက်ဝန်းလေး ပြူးကြောင် ကြောင် နှုတ်ခမ်းလေးဟဟနှင့် နေရာမှာ မလှုပ်မယှက်ရှိနေ ဆဲမှာပင် ဦးမေအောင် မောင်းလာသည့် ကားမှာလည်း ရတနာဒီပ တိုက်ကြီး၏ ဆင်ဝင်အောက်တွင် ထိုးရပ်သွားရပြီ ဖြစ်သည်။

ထိုအချိန်ထိ သိုက်သည် နေရာက မရွေ့မိသေး၊ ရွေ့ ရန်လည်း သိုက် မသိရပါ။

သူမအကြည့် စူးစူးစိုက်စိုက်လေးတွေကသာ ဦးမေ အောင်ထံ အကြည့်လေးများ မလွဲတမ်း ရောက်ရှိလျက် ကြောက်စိတ်ဖြင့် ရင်တွေ တဒိတ်ဒိတ် အခုန်မြန်နေရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ...

သိုက် ဒီလိုဖြစ်မည်ဆိုကလည်း ဖြစ်စရာပင် မဟုတ်ပါ လား...

ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်နှင့် မဆုံရန် မတွေ့ရန် ရှောင်နေပါသည့်ကြားက ယခု သူမအဖြစ်က ဦးမေအောင်နှင့် မဆုံရန် ရှောင်မရ ရှားမရဖြစ်လာရသည့် အဖြစ်...

အလုပ်ပြန်ချိန် မဟုတ်ပါပဲ၊ အိမ်ကို ဒီလိုမျိုး တစ်ခါ ပြန်လာခဲ့ဖူးခြင်း မရှိပါသည့် ဦးမေအောင်သည် ယခုအိမ်တွင် သိုက်မှလွဲ၍ ဘယ်သူမှ မရှိပါသည့် အချိန်မှာမှ ဘာအကြောင်း ကိစ္စနှင့် အိမ်ကို ယခုလိုမျိုး ပြန်လာရသည် မသိသော်လည်း သိုက်မှာတော့ဖြင့်...

ကားပေါ်မှ ကိုယ်ဟန်မတ်မတ် ခန့်ခန့်တည်တည်နှင့် ဆင်းလာသော ဦးမေအောင်ကိုကြည့်ပြီး ရင်ခုန်သံတွေ အဆ မတန် မြန်ဆန်နေရသလောက် ဦးမေအောင်ကတော့ဖြင့် သိုက်အဖြစ်ကို မသိပါဘဲ၊ သော့ပိတ်ထားသည့် တံခါးဝတွင် ရပ်လျက် ဒေါ်ကြီးမှုံအား ခေါ်လိုက်လေသည်။

"ဒေါ်ကြီးမှုံ..."





"ဒေါ်ကြီးမှုံ..."

အောင်မြင်ခန့်ညားသည့် အသံက ဩဇာလွှမ်းမိုးလျက် ...ကော်လူ စိုးမိုးနိုင်လွန်းသည့် အသံမျိုး–

ဘုရား... ဘုရား...

သူ... သူ ဒေါ်ကြီးမှုံကို ခေါ်နေပါရောလား...

သိုက် ရပ်နေသည်က ဧည့်ခန်းထောင့်ကွယ်မှာမို့ ...တရက်တော့ဖြင့် သိုက်ကို သူ မမြင်မတွေ့နိုင်ပါ။

သူ သိုက်ကို မမြင်မတွေ့ပေမယ့် မြင်တွေ့နေရသည့် ...မှာတော့ သူ့ကိုကြည့်ကာ ဘာလုပ်လို့ လုပ်ရမှန်းမသိ ...ရသည်။

အိမ်တွင် ဒေါ်ကြီးမှုံ မရှိကြောင်းလှမ်း၍ ပြောရမည် ...သူ့ကိုသွား၍ပင် တံခါးဖွင့်ပေးရမည်လားဆိုတာ သိုက် ...ည် ဘာလုပ်လို့လုပ်ရမှန်းမသိ အတွေးများ များနေရတော့ ...ည်။

ဘာ ဦးကျော်စွာ မှာထားသည့်ကြားက သိုက်သည် ...ကိုသွား၍ တံခါးဖွင့်ပေးလိုက်ပြန်ရင်လည်း ဘဘ စကား ...သိုက်သည် မနာခံရာကျပေတော့မည်။

ဘဘ စကားကို နာခံချင်၍ သိုက်သည် သူ ခေါ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြားပါရက်နှင့် သွား၍ တံခါးဖွင့်မပေးပြန်ရင်လည်း သိုက်သည် သူ့ကို မထိမဲ့မြင် လုပ်ရာကျပေတော့မည်။

"ဒုက္ခပါပဲနော်၊ ငါ... ငါ... ဘာလုပ်ရမလဲ၊ သူ့ကို ရင်မဆိုင်ချင်ဘူး၊ စိတ်ညစ်လိုက်တာ၊ သေသာသေပစ် တော့ပါပဲ"

မျက်ခုံးနက်နက်လေး နှစ်ဖက်ကို ကုပ်ကွေးလျက် သိုက်သည် စိတ်မှာညစ်ညူးစွာ ဆိုရင်း လူတစ်ကိုယ်လုံး လည်း ဇောချွေးလေးများပင် ပျံလာရပြီဖြစ်သည်။

ထိုစဉ်...

"ဒေါ်ကြီးမှုံ..."

"အပု..."

"ဒေါ်ကြီးမှုံ..."

ခေါ်သံက တစ်ခါမက ဆင့်ဆက်ကာ ထွက်ပေါ်လာ သည့် အခါမှာတော့ သိုက်သည် နေရာတွင် ဒီအတိုင်း ဆ ရပ်နိုင်စွမ်း မရှိတော့ပါ။

သူခေါ်တာကို မကြားရအောင်လားဆိုကာ ဦးမေအော အသံမှာလည်း ခပ်ဆတ်ဆတ် ဖြစ်နေရပြီဆိုတာကို သိ သတိထားမိလိုက်သည်။





မဖြစ်... မဖြစ်တော့ပါ။

သိုက် ဒီပုံအတိုင်း ဆက်နေ၍ မဖြစ်တော့ပါ၊ သူ့ပုံစံ တစ်ခုခု အလောတကြီး ဖြစ်လာသည့် ပုံစံမျိုးမို့ သိုက် ည် ဆုံးဖြတ်ချက်တစ်ခုကို လျှင်မြန်စွာ ချလိုက်ပြီး နောက် သနှာ နောက်ရှင်း ဖြစ်ကာမှ ဖြစ်ရောဟု သဘောထားကာ ကိုယ်လေးကို ဧည့်ခန်းထောင့်ကွယ်မှနေ အထွက်--

"ဒေါ်ကြီးမှုံ..."

"ဟင်..."

ဦးမေအောင်ခေါ်သံမှ မဆုံးသေး ရုတ်ခြည်း ဧည့်ခန်း ထောင့်ကွယ်မှနေ ထွက်လာသော အရိပ်လေးတစ်ရိပ်ကြောင့် ဦးမေအောင် သူ့မျက်လုံးများကိုပင် သူမယုံနိုင်အောင် ဖြစ် ရလေသည်။

ခေါင်းလျှော်ပြီးစ ဖြစ်ဟန်တူ၏။ ရှည်လျားနက်မှောင် သော ဆံနွယ်ရှည်ကြီးများကို ဖြာဝေအိတွဲစွာ ဖြန့်ချထားပုံက ကြည်စင်ဝင်းပသော မျက်နှာလေးနှင့် မျက်လွှာလေးချကာ ရာ တံခါးဆီသို့ လျှောက်လာပါသော သွယ်လျရှင်းပသော ကိုယ်လေးနှင့် ရိုးစင်းလွန်းသည့် မျက်နှာလေးကို ပိုင်ဆိုင် ားသည့် မိန်းကလေးကိုကြည့်ပြီး ဦးမေအောင်၏ မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com



ထူထူကြီး နှစ်ဖက်မှာ အလိုလို တွန့်ကြုတ်လာရသည်။

တစ်ဆက်တည်း သူ့အတွေးထဲတွင်လည်း သူ... ဆိုင်ရာ ရတနာဒီပခြံကြီးထဲတွင် ရောက်ရှိနေသော သည်... ကလေးသည် ဘယ်သူလဲ ဘယ်ကလဲဆိုသော အသိနှင့်အ... က ဦးမေအောင်ရင်မှာ အခါမလပ် တွေးတော စဉ်းစားနေ... သည်။

မိန်းကလေးမှာ သူ့ရှေ့ရောက်လာသည့်တိုင် မျက်... လေး ချထားဆဲဖြစ်သလို၊ ဦးမေအောင်မှာလည်း သူမလေး... ရောက်ရှိနေရသည့် သူ့အကြည့်များကို အခုထက်တိုင် ... သိမ်းခြင်း မရှိနိုင်သေးပါ။

ရှိရန်လည်း ဦးမေအောင်တွင် အကြောင်းမရှိပါ။

အဘယ်ကြောင့်ဆိုရသော်...

သူပိုင်ဆိုင်ရာ ရတနာဒီပ တိုက်ကြီးထဲ ရောက်ရှိ... ရသော သူ့ရှေ့က မိန်းကလေးသည် ဒီအသက်အရွယ်ရော... သည်အထိ သူတွေ့ဖူးသမျှ မိန်းကလေးထဲတွင် အချော... အလှဆုံး မိန်းကလေး တစ်ယောက်ဆိုလျှင် လွန်မည် မ... ပါ။

ကြည့်စမ်းပါဦး...

သိန်းမင်းစာပေ



ကြည်စင်ဝင်းပသော မျက်နှာလေးနှင့် ရှိရှိသမျှ အလှ ...ရာများ စုဝေးတည်ရှိနေပါသော ဒီမိန်းကလေးသည် ဖူး ...စ်လန်းဆန်းသော အလှများဖြင့် နုနုငယ်ငယ်လွန်းစွာ လှ ...ကာ်နိုင်သူလေးပဲ ဖြစ်သည်။

သည်မျက်နှာလေးကို ခဏလေး မြင်လိုက်ရတာနှင့်ပင် သူ့ရင်ထဲ ထူးခြားဆန်းကြယ်သည့် ခံစားမှုတစ်မျိုး ဖြစ်ပေါ် ...ားရသည်ကိုလည်း ဦးမေအောင် သူ့ကိုယ်သူ သတိထားမိ ...ိုက်ရလေသည်။

အလှတရားများ စုဝေးနေပါသော မိန်းကလေးသည် ...တနာဒီပကို ဘယ်လိုကနေ ဘယ်လိုရောက်ရှိနေရသည်လဲ...

ဒါကို သူကရော ဘာလို့ မသိရတာလဲ...

ဦးမေအောင်သည် အကြည့်များကို သူမလေးထံ ...လွှဲတမ်း စူးစိုက်ရောက်ရှိနေရာမှ ရင်မှာလည်း အတွေးများ ...ဖြင့် မေးခွန်းများ ထုတ်နေမိရတော့သည်။

သိုက်ကတော့ဖြင့် သူ့ရင်ထဲက အတွေးများကို နည်း ...ည်းမှ မသိပါ။

တံခါးသော့လေးကိုသာ သူမ၏ ဖြူနုလှပသော လက် ...ချောင်းလေးများဖြင့် ဖွင့်နေလေ၏။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ခက်သည်က ကြောက်ပါသည်ဆိုကာမှ သူ့ရှေ့တွင် သိုက်သည် တံခါးသော့ကို ဘယ်လိုမှဖွင့်၍ မရနိုင်ခြင်းပင် ဖြစ်သည်။

ဦးမေအောင်မှာ တံခါးတစ်ချပ် ခြားထားသည့်ကြားက ပင် မြင်နေရသည့် မိန်းကလေး၏ မျက်နှာကို သူ၏ စူးရှ စိုလက်သော မျက်ဝန်းညိုအစုံနှင့် မျက်တောင်မခတ်တမ်း စိုက်ကြည့်နေရင်းက မျက်ခုံးထူထူကြီးက အတွန့်ချိုးလာရ သည်။

မိန်းကလေးသည် သူ့ကို ကြည့်လည်းမကြည့် မျက်နှာ ချင်းလည်းမဆိုင်ဘဲ ကိုယ်လေး ခပ်စောင်းစောင်း ခပ်ယိုယို နှင့် မျက်နှာလေးလွှဲကာ တံခါးသော့ကို ဖြူနုသောလက်လေး နှင့် ဖွင့်နေပေမယ့် တံခါးသော့က တော်တော်နှင့် ဖွင့်မရပါ။

တံခါးသော့ကို ဖွင့်နေသည့် တဆတ်ဆတ် တုန်နေသော ဖြူနုဝင်းအိ သွယ်ပျောင်းသော လက်လေးကိုကြည့်ပြီး မိန်းကလေး သူ့ကို ကြောက်လန့်နေမှန်း သူ သတိထားမိလိုက် သည်။

ကြည့်စမ်း...





သူမလေး ဘာကို ကြောက်လန့်နေတာပါလိမ့်...

ထို့အတူ...

သူမလေး ဘယ်သူဆိုတာကိုလည်း ဦးမေအောင် မသိ

သို့သော်...

ဘာကြောင့်မှန်းမသိ ဒီမိန်းကလေးသည် သူ့ကိုမြင်တာ နှင့် ကြောက်လန့် တုန်လှုပ်နေပုံကတော့ အတော် ထူးဆန်း နေလေသည်။

အတွေးနှင့် ဦးမေအောင်သည် သူ့ရှေ့က မိန်းကလေး ၏ မျက်နှာကို ဖျတ်ခနဲ စိုက်ကြည့်မိသွားရသည်။

နီးကပ်လွန်းသည့် အနေအထားနှင့် ဖြူစင် ဝင်းပလွန်း သော မျက်နှာလေးကို သေချာအနီးကပ် ကြည့်မိတော့မှ ဘာ အတော်အပြောက်မှမရှိ ပကတိ ကြည်စင်ရှင်းသန့်သော မျက်နှာလေးနှင့် ဖူးဖူးဥဥ နုနုထွေးထွေးလေး သိပ်လှလွန်းနေ သည်ကတော့ အကြည့်များ လွှဲထားရက်စရာ မရှိပါပေ။

နုထွေးသော မျက်နှာလေးနှင့် သိပ်ကို လှပလွန်းနေရပါ သော မိန်းကလေးသည် ယခုထက်တိုင်း တံခါးသော့ကို ဖွင့် သည်မှာ ဖွင့်၍မရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ…

ဦးမေအောင်သည် မနေသာတော့…

ကိုယ့်လက်ကိုပင် ပြန်၍ မထိန်းနိုင်တော့လောက်အောင် စိတ်လှုပ်ရှားမှုကြောင့် လက်တွေ တဆတ်ဆတ်တုန်လျ… သော့ဖွင့်မရအောင် ရှိနေရသော မိန်းကလေးကို ဦးမေအောင် သည် စူးခနဲတစ်ချက် စိုက်ကြည့်လိုက်ပြီးနောက် ရုတ်ခြည်း သူမ လက်ထဲက သော့ကို ဦးမေအောင်သည် ဆွဲယူဖွင့်လို… တော့… သိုက်သည် အံသြ တုန်လှုပ်သွားရသလိုမျိုး ဦး… အောင် မျက်နှာကို ဖျတ်ခနဲ ကြည့်မိသွားလေသည်။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်လို့ပင် ပြောရမလား မသိပါ။

ဦးမေအောင်၏အကြည့် တည်တည်စူးစူးကြီးနှင့် မျ… ဝန်းအကြည့်လေးများ အမှတ်မထင် ဆုံသွားရလေသည်။

"အို…"

လူချောလူခန့်ကြီး ဦးမေအောင်၏ ရင်ထဲတွင်… ဘယ်လိုဖြစ်သွားသည် မသိပါ။ သိုက်ရင်ထဲမှာတော့ ကြော… ရွံ့ တုန်လှုပ်မှုများနှင့်အတူ ဦးမေအောင် အကြည့်စူးစူး တည… တည်ကြီးကြောင့် ရင်တွေ နှလုံးတွေပင် တဒိတ်ဒိတ် ခော…





ခုန်သွားလျက် ရင်ခုန်သံတွေက အဆမတန် မြန်ဆန် ကျယ် လောင်သွားရလေသည်။

သို့သော်…

သည်အဖြစ်က ခဏဆိုမှ တခဏလေးသာ ဖြစ်လေ သည်။

အကြောင်းကား…

ဦးမေအောင်သည် သူ၏အကြည့် တည်တည်စူးစူးကြီး များကို သူမထံမှ လွှဲရင်းက တံခါးသော့ကိုဖွင့်လျက် အိမ်ထဲ …င်လာခဲ့လိုက်တော့ သိုက်သည် သူ့အား ကိုယ်လေး ခပ် …ညို့နှင့် တံခါးဝမှ ဖယ်ပေးကာ ဦးမေအောင်ရှေ့ကနေ သူမ …ိုယ်လေး ချာခနဲ လှည့်ထွက်မည်အပြု–

"ဟိတ်… နေဦး…"

"ရှင်…"

"မင်းကို နေဦးလို့ ပြောနေတာ"

"ရှင်… ဟို… ဟို…"

သူ့စကားကို ဘာပြန်ပြောရမှန်းလည်း မသိ၊ နှုတ်မှ …ဟိုဟိုနှင့် မျက်လွှာလေးချကာ ခေါင်းလေး မဖော်ရဲအောင် …ားသံ အထစ်ထစ် အငေါ့ငေါ့နှင့် ရှိနေရသော သိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဦးမေအောင်သည် မျက်ခုံးထူထူကြီး တွန့်ကြုတ်လျက် စိုက်ကြည့်ရင်းက–

“မင်း ဘယ်သူလဲ...”

“ရှင်...”

“မင်း ဘယ်သူလဲလို့ ကျုပ်မေးနေတာ”

“ရှင်...”

မိန်းကလေးသည် သူ့ကို ဘယ်လောက်အထိ ကြောက်ရွံ့နေသည် မသိပါ။ သူ ဘာပြောလိုက်လိုက် ပြောလိုက်သည့် စကားတိုင်းမှာ နှုတ်မှ တရှင်ရှင်နှင့် အံ့သြ ထိတ်လန့်နေပုံက မချင်မရဲ ဖြစ်ချင်စရာပင်–

ယခုလည်း သူမေးသည့် စကားကို သူမသည် ပြန်ဖြေဖို့ စကားမရှိသလို၊ သူ့ကိုသာ ကြောက်ရွံ့ရိပ်များ ဝိုင်းနေသော မျက်နက်ဝန်း ပြာလွဲ့လဲ့ကြီးနှင့် ထိတ်လန့်သလို ပြန်ကြည့်နေပုံက ဦးမေအောင်ရင်ကို အသည်းယား လာစေသည်မို့ ဦးမေအောင်သည် သူမအဖြစ်ကို စိတ်မရှည်သလို နှုတ်ခမ်းအစုံကို တင်းတင်းစုံလိုက်ပြီး–

“တရှင်ရှင်နဲ့ ဘာဖြစ်နေတာလဲ၊ မင်းကို ဘယ်သူလဲလို့ ကျုပ်မေးနေတာ”





လူဖြောင့် စိတ်တိုသမားကြီး ဦးမေအောင်ထံမှ ခပ်ဆတ်ဆတ် ထွက်ပေါ်လာသည့် စကားသံကြောင့် သိုက် ကိုယ့်လေး ဆတ်ခနဲ တွန့်တုန်သွားရကာ–

“ဟို... သိုက်... သိုက်...”

“ဘာ... ဘယ်သူ...”

“ရှင်... ဟို... သိုက်ပါ”

“သိုက်ဆိုတာ...”

“ဟို... သိုက်... အဲ... သိုက်က ကျွန်မ နာမည်ပါ”

“ဒေါ်ကြီးမှုံရော...”

“ဒေါ်ကြီးမှုံ မရှိပါဘူးရှင်၊ အေးပုလေးနဲ့အတူ ဈေးကို သွားပါတယ် ဦးမေအောင်”

သူ့အား ဦးမေအောင်လို့ ခေါ်လိုက်ပါသော ဝင်းပနုသွားသော မျက်နှာလေးနှင့် မှုန်ညက်ဝင်းစက်စွာ လှနေရသော မိန်းကလေးကို ဦးမေအောင်သည် မျက်ဝန်းများမလွှဲ ကြည့်များ စူးစူးစိုက်စိုက် ကြည့်လျက်မှ–

“ကျုပ်ကို မင်းသိနေတယ် ဟုတ်လား”

“ဟုတ်... ဟုတ်ကဲ့၊ ဘဘ ဦးကျော်စွာပြောလို့ သိုက်... အဲ... ကျွန်မ ဦးမေအောင်ကို သိနေပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်... မင်းက..."

"သိုက်... ကျွန်မ... ကျွန်မ ဒေါ်တင်မမရဲ့သမီးပါ"

"ဘာ..."

ဦးမေအောင်မှာ သူမကိုယ်သူမ ဒေါ်တင်မမ၏ သမီးပါလို့ဆိုလာသူ မိန်းကလေးကို ကြည့်ပြီး ရင်မှာ အံ့သြသွားရလေသည်။

ထင်တော့ ထင်ပါသည်လေ...

သူပိုင်ဆိုင်ရာ ရတနာဒီပ ခြံကြီးတွင် ရောက်ရှိနေသော ဒီမိန်းကလေးသည် ဘာဘ ဦးကျော်စွာ ခေါ်ထားသည့် ဒေါ်တင်မမ၏ သမီးပဲ ဖြစ်ရမည်ဆိုတာ–

အဘယ်ကြောင့်ဆိုရသော်

ဤရတနာဒီပ ခြံကြီးထဲတွင် သူ မသိပါဘဲ လူစိမ်းတစ်ယောက်ကို ခေါ်ဖို့ဆိုတာ အန်ကယ် ဦးကျော်စွာမှလွဲ၍ ဘယ်သူမှ မလုပ်ဝံ့ပါသည့်အဖြစ်။

ဤမိန်းကလေးကို ရတနာဒီပမှာ တွေ့တွေ့ချင်းမှာပင် ဦးမေအောင် စိတ်ထဲ၌ သူမလေးသည် အန်ကယ် ဦးကျော်စွာ ခေါ်ထားသည့် ဒေါ်တင်မမ၏ သမီးပဲ ဖြစ်ရမည်ဆိုတာ သူ့စိတ်ထဲ အလိုလို သိနေရလေ၏။





သူထင်သည့်အတိုင်းပင် တကယ်တမ်းလည်း သူမလေးသည် သူ မသိအောင် အန်ကယ် ဦးကျော်စွာ ခေါ်ထားသည့် ဒေါ်တင်မမ၏ သမီးဖြစ်နေရသည် မဟုတ်ပါလား။

"ကျွန်မ... ကျွန်မ ဦးမေအောင်ရှေ့ကို တမင်ထွက်လာတာ မဟုတ်ပါဘူး၊ ပြီးတော့ ဘာဘ စကားကိုလဲ မနာခံတာ မဟုတ်ပါဘူး၊ ခုဟာက ဒေါ်ကြီးမှုံတို့ကလဲ ဈေးသွားနေပြီး အိမ်မှာ ဘယ်သူမှ မရှိတဲ့အချိန် ဦးမေအောင်ကလဲ ရုတ်တရက် ရောက်လာတာမို့ ကျွန်မ မထွက်မဖြစ် ထွက်လာပြီး၊ တံခါး ဖွင့်ပေးရတာပါ၊ နောက်ကို... နောက်ကို ကျွန်မ ဒီလိုမဖြစ်အောင် ဂရုစိုက်ပြီးနေပါ့မယ်၊ ကျွန်မကို ခွင့်လွှတ်ပါ ဦးမေအောင်"

လိုက်ဖြာ တုန်ခါနေသော အသံလေးနှင့် မျက်ဝန်းကြည့်လေးလွှဲကာ သူမမှာ အပြစ်မရှိပါကြောင်း မျက်နှာလေးနှင့် ရှင်းပြနေသော သိုက်ဆိုသော မိန်းကလေးကို ကြည့်ပြီး ဦးမေအောင် ရင်ဝယ် သနားလိုလို၊ ကရုဏာသက်သလိုလိုနှင့် ရင်မှာ တစ်မျိုးကြီး ဖြစ်သွားရသည်။

"တကယ်ပါပဲရှင်၊ ကျွန်မ နောက်ကို ဒီလို မဖြစ်စေရပါဘူးလို့ ဦးမေအောင်ကို ကတိပေးပါတယ်၊ ခုဟာက ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါရက်နဲ့ ဦးမေအောင်ကို တံခါးဖွင့်မပေးလို့ကလဲ မဖြစ်တော့လို့ပါ”

သူနှင့် ပတ်သက်ကာ အန်ကယ် ဦးကျော်စွာသည် သူမလေးကို ဘယ်လို ပြောထားသည် မသိပါ။ ယခု သူ့အား ပြောနေပါသော သူမ၏ ပုံစံလေးက သူနှင့် ပတ်သက်ကာ တစ်ခုခုကို စိုးရိမ် ထိတ်လန့်နေသလိုမျိုး တုန်လှုပ်ချောက်ချားသည့် မျက်နှာလေးနှင့် သူမတွင် အပြစ်မရှိပါကြောင်း သူ့အား ရှင်းပြနေပုံက ကလေးတစ်ယောက်လို အပြစ်ကင်းစင်ပါသည့် နုငယ်ဝင်းပသော မျက်နှာလှလှလေးကို ဦးမေအောင်သည် စိုက်ခနဲ တစ်ချက်ကြည့်လိုက်ပြီး–

“ကျုပ်ကို ဒီလောက် ရှင်းပြနေရအောင် မင်းကို ကျုပ်ဘာမှ မပြောရသေးပါလားကွ”

“ရှင်...”

မှုန်တည်တည် မျက်နှာထားနှင့် ဆိုလာပါသော ဦးမေအောင် စကားကြောင့် သိုက်ထံမှ မဝံ့မရဲ အကြည့်လေး သူ့ထံကို ဖျတ်ခနဲ ရောက်ရှိသွားရသည်။

ဦးမေအောင်သည် သူမ၏ အကြည့်ကို မသိဟန်ပြုလျက် မျက်နှာလွှဲလိုက်ပြီး–





“ကျုပ် အခု ပြန်လာတာ၊ အလုပ်မှာ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ကျန်ခဲ့လို့ ပြန်ယူတာ၊ ပြီးတော့ ဒေါ်ကြီးမှုံကိုလဲ ကျုပ်မှာစရာရှိလို့၊ ခု ဒေါ်ကြီးမှုံ မရှိတော့ ရှိတဲ့ မင်းကိုပဲ ကျုပ်မှာခဲ့ရတော့မှာပဲ၊ ညနေ ကျုပ် အလုပ်ကပြန်လာရင် ကျုပ်နဲ့ဧည့်သည် သုံးလေးယောက် ပါလာလိမ့်မယ်၊ အဲဒါ သူတို့ကို ဧည့်ခံ ကျွေးမွေးဖို့ ဒေါ်ကြီးမှုံကို အားလုံး အသင့်လုပ်ထားဖို့ မင်းပြောလိုက်ပါ”

“ဟုတ်ကဲ့၊ ဒေါ်ကြီးမှုံလာရင် ကျွန်မ ပြောလိုက်ပါ့မယ်”

ပြောပြီး သိုက်သည် သူ့အနားကနေ လှည့်ထွက်သွားရန် ပြင်လိုက်၏။

သူမလေး ကြည့်ရတာ သူ့အနားမှာ နေရသည်ကို အနေခက် ကြောက်ရွံ့ တုန်လှုပ်လျက် မဝံ့မရဲ ဖြစ်နေရသည့်ပုံဆိုတာ ဦးမေအောင် နားလည်လိုက်သည်။

ဒါကိုပင် ဦးမေအောင်သည်လည်း အသည်းမှာ မချင့်မရဲနှင့် အခံရခက်ကြီး ဖြစ်နေရခြင်း ဖြစ်သည်။

ကြည့်လေ...

သူမ လုပ်နေပုံက သူ့အတွက် ဘယ်လောက်များ အသည်းယားဖို့ ကောင်းလိုက်သည်လဲဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့လို လူကိုပင် သူမလေးသည် ကြောက်စရာသတ္တဝါ တစ်ကောင်အလား ဖြစ်နေရသည်ကတော့ သူ့ရင်ကို အတော် ခံရခက်စေရသည်ပဲလေ။

ထို့ကြောင့်လည်း ဦးမေအောင်သည် သူ့အနားက လှည့် ထွက်ရန် ပြင်နေသော သိုက်ဆိုသည့် မိန်းမချောလေး၏ ထုံးစံအတိုင်း သူ၏ မတည်မငြိမ် မျက်နှာချောချောကြီးနှင့် မျက်ခုံးကြီး စုံတွန့်ကာ ကြည့်ရင်း–

"မင်းကြည့်ရတာ ဒီအနားကနေပြီး သိပ်ကို သွားချင် နေတဲ့ပုံပဲ"

"ရှင်... ဟို... ဟို..."

"အဟွန်း... ကဲပါလေ၊ မင်းကို ကျုပ်မတားပါဘူး၊ မင်း သွားချင်ရင် သွားပါ၊ အဲ... ဒါပေမဲ့ နေဦး"

"ရှင်..."

သွားပါဆိုတော့လည်း သူ၊ နေဦးဆိုတော့လည်း သူ သူပဲ စကားကိုအမျိုးမျိုး တတ်နိုင်လွန်းသည့် ဦးမေအောင် ကြောင့် သိုက်၏ လှမ်းလက်စ ခြေလှမ်းများပင် အလိုလို ရပ်တန့်သွားရပြီး၊ သူ့ကို ဘာလဲဟူသော အကြည့်ဖြင့် ပြန် အကြည့်–





ဦးမေအောင်သည်လည်း သိုက်အကြည့်ကို နားလည် သဘောပေါက်သည့်နှယ် သူ့အကြည့်များက သိုက်ထံသို့ စူးစူး စိုက်စိုက်လေး ရောက်ရှိလာရပြီး။

"မင်းဒီကို ရောက်နေတာ ဘယ်လောက်ရှိသွားပြီလဲ"

"ဟို... ဦးမေအောင် ပြန်မရောက်ခင် တစ်ပတ်ကပါ"

"မင်းကို အန်ကယ် ခေါ်ထားတာလား"

"ရှင်... ဟုတ်ကဲ့"

သိုက်မှာ သူ့စကားကို အယောင်ယောင် အမှားမှားနှင့် ခေါင်းလေး ညိတ်ပြလိုက်မိသည်။

"အဟွန်း... ကောင်းတယ်၊ သိပ်ကောင်းတယ် ရတနာ ဒီမှာ ကျုပ်မသိဘဲ ရောက်နေတဲ့သူဆိုလို့ မင်းတစ်ယောက် ရှိတယ်၊ ကဲပါလေ ဒါတွေ ထားလိုက်ပါတော့၊ မင်း ကျုပ် ခေါ်ထားတာကိုသာ ဒေါ်ကြီးမှုကို ပြောလိုက်ပါ၊ ကဲ... မင်း သွားနိုင်ပြီ"

သူ့နှုတ်က သွားနိုင်ပြီလို့ ပြောလိုက်တာနှင့်ပင် သူ့ အနားကနေ ရွှေသမင်ငယ်လို လှစ်လှစ်ပါအောင် အပြေးလေး ညှိထွက်သွားသည့် သိုက်၏ နောက်ကျောပြည့်ပြည့် လှလှ လေးကိုကြည့်ပြီး ဦးမေအောင်သည် ဘာရယ်မဟုတ် သက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းမော တစ်ချက်ကို လေးတွဲစွာ ချမိသွားရတော့သည်။

"ဟူး..."

ဖေဖေရယ် ဖေဖေခေါ်ချင်တဲ့ ဒေါ်တင်မမရဲ့ သမီးဟာ သားမခေါ်ပါဘဲနဲ့ကို သူ့အလိုလို ရတနာဒီပကို ရောက်နေပြီ ဆိုတာ ဖေဖေ သိလိုက်ပါတော့ဗျာ...

ထိုနေ့ကတော့ ဦးမေအောင်သည် သိုက်ဆိုသော မိန်းကလေးနှင့် ပတ်သက်ကာ ရင်မှာ အတွေးများစွာနှင့် နေခဲ့ရသည်မှာ သူ အလုပ်ခွင်သို့ ပြန်ရောက်သည့်တိုင် သူ့ အတွေး သူ့ဦးနှောက်ထဲတွင် သိုက်သည် တချိန်လုံး နေရာယူ စိုးမိုးနေရလေတော့သည်။

* * *



အခန်း (၅)

"ဒါဆို သိုက်ကို မောင်မေအောင် တွေ့သွားပြီပေါ့၊ ဟုတ်လား သိုက်"

"ဟုတ်တယ် ဒေါ်ကြီးမှုံ၊ သိုက်လဲ သူနဲ့ မတွေ့ဖို့ရှောင် ခဲ့သေးတယ် ဒေါ်ကြီးမှုံရယ်၊ ဒါပေမဲ့ သူပြန်လာတဲ့ အချိန်မှာ အိမ်မှာလဲ သိုက်ကလွဲလို့ ဘယ်သူမှမရှိတော့ သိုက်ပဲ သွားပြီး တံခါးဖွင့်ပေးရတာပေါ့"

သိုက်သည် ဒေါ်ကြီးမှုံ ဈေးက ပြန်လာသည်ဆိုရင်ပဲ မထင်မှတ်ဘဲ သူမကို ဦးမေအောင် တွေ့သွားပြီဆိုတဲ့အကြောင်းကို ဒေါ်ကြီးမှုံအား မျက်နှာငယ်ငယ်လေးနှင့် ပြောပြနေတော့သည်။

ဒေါ်ကြီးမှုံမှာ မျက်စိ မျက်နှာပျက်ပျက်နှင့် ရှိနေရပါသော သိုက် မျက်နှာလေးကို ကြည့်ပြီးနောက် သိုက်ကို အား



www.burmeseclassic.com

www.burmeseclassic.com



ပေးသလို သူမလက်လေး တစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်
လိုက်ပြီး–

"ဘာမှ စိုးရိမ်မနေပါနဲ့ ကလေးရယ်၊ ဘယ်တတ်နိုင်မလဲ သိုက်လဲ ဆရာကြီး စကားအတိုင်း မောင်မေအောင်နဲ့ မတွေ့အောင် ရှောင်နေတာပဲ၊ ဒါပေမဲ့ ကံကြမ္မာက ဘယ်... မှ ရှောင်လွှဲလို့ မရတော့လဲ ဆုံသင့်တဲ့ တစ်နေ့မှာ မောင်မေအောင်နဲ့ ဆုံရတယ်လို့ပဲ ကလေးစိတ်ထဲ မှတ်ထားလိုက်ပါ၊ မောင်မေအောင်နဲ့ သမီးဆိုတာ တစ်နေ့မဟုတ် တစ်နေ့ ဆုံရမယ် သူတွေပဲ၊ အချိန်စောတာနဲ့ နောက်ကျတာ ဒါပဲကွာမယ်"

"ဒေါ်ကြီးမှူး ပြောတာလဲ ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမဲ့ ဦးမေအောင်ကို အဲလို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ သိုက်ဖြင့်လေ ကြောက်လိုက်တာမှ အရမ်းပါပဲ ဒေါ်ကြီးမှူးရယ်၊ တကယ်... တကယ် ခုပြန်တွေး... ခု သိုက် ရင်ထဲ ကြောက်စိတ်တွေ ရှိနေတုန်းပဲ ဒေါ်ကြီးမှူးရယ်"

ဦးမေအောင်နဲ့ တွေ့ပြီးကတည်းက ရှိနေရပါသော သိုက် ရင်ထဲက ကြောက်ရွံ့ ထိတ်လန့်စိတ်များက ယခုထက်တိုင် ဖြစ်သည်။

"အေးကွယ်၊ ဖြစ်ချင်တော့လဲ ကြုံကြုံဖန်ဖန်လို့ ပြော





...မယ်၊ ဒီနေ့မှ မောင်မေအောင်ကလဲ ထူးထူးခြားခြား အလုပ်ပြန်ချိန် မဟုတ်ဘဲ အိမ်ပြန်လာတယ်၊ ဒေါ်ကြီးမှူးကိုလဲ ...အတိုင်းလို မောင်မေအောင် အလုပ်ပြန်ချိန်မှ အိမ်ပြန်လာမယ် ...င်ပြီး အိမ်အတွက် လိုအပ်တာတွေကို အေးအေးဆေးဆေး ...ဝယ်ထွက်နေမိတယ်၊ အင်း... ဒါလဲ ခပ်ကောင်းကောင်း ...ပြောရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်မေအောင် ညနေ ... ပါလာမယ့် သူ့ဧည့်သည်တွေအတွက် ဒေါ်ကြီးမှူးကို ချက်ပြုတ်ဖို့ ကလေးကို မှာသွားခဲ့တယ်ဆို"

"ဟုတ်တယ်လေဒေါ်ကြီးမှူး၊ ဦးမေအောင် ကိုယ်တိုင် ...က်ကို မှာသွားတာ၊ ညနေ သူနဲ့အတူ ဧည့်သည်သုံးလေး ...ယောက် ပါလာမယ်တဲ့၊ အဲဒါ သူတို့ကို ညနေစာနဲ့ ဧည့်ခံ...ရာ ဒေါ်ကြီးမှူးကို ချက်ပြုတ်ထားဖို့ သိုက်ကို သူပဲ မှာခဲ့ ...တာ ဒေါ်ကြီးမှူး"

"အင်း... မောင်မေအောင်က ဒီလိုပါပဲ၊ ရတနာဒီပမှာ ...ရှိနေတဲ့အချိန်ဆို သူ့သူငယ်ချင်း မိတ်ဆွေတွေကို ဒီလိုပဲ ...မြဲ ထမင်းဖိတ်ကျွေးနေကျ၊ ဒေါ်ကြီးမှူးတို့အတွက် ဒါက ...ဆန်းတော့ပါဘူး၊ မောင်မေအောင်က သူ့ဧည့်သည်တွေကို ဧည့်ဝတ်ကျေမှ သဘောကျတာ သိုက်ရဲ့၊ ကဲ...သိုက်လဲ ဘာ ...စိတ်ညစ်မနေနဲ့တော့ ဟုတ်လား၊ မောင်မေအောင်နဲ့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



စောစောတွေ့ရတာ၊ ကလေးအတွက် စောစော ကံကောင်းတယ်လို့သာ မှတ်ထားလိုက်တော့၊ ဒေါ်ကြီးမှုံလဲ အချိန်လေးရှိတုန်း ချက်လိုက်ပြုတ်လိုက်ဦးမယ်"

ပြောရင်းက သိုက်သည် ဒေါ်ကြီးမှုံနှင့်အတူ ပြင်ဆင်ချက်ပြုတ်စရာရှိသည်များကို နှစ်ဦးသား ချက်ပြုတ်နေတော့သည်။

"ဒေါ်ကြီးမှုံ..."

"ဘာလဲ ကလေး..."

သိုက်သည် ဒေါ်ကြီးမှုံ ချက်ပြုတ်နေရာ သားတွင်လိုအပ်သည်များကို ကူလုပ်ပေးရင်းက ဒေါ်ကြီးမှုံအား ချစ်စဖွယ် မျက်နှာလှလှလေးနှင့် ခေါ်လိုက်တော့ ဒေါ်ကြီးမှုံသည်လည်း အပြုံးနှင့် ထူးလိုက်သည်။

"အဟင်း... ဟင်း... တခြား မဟုတ်ပါဘူး ဒေါ်ကြီးမှုံရဲ့၊ သိုက် သိချင်တာလေး ဒေါ်ကြီးမှုံကို မေးမလို့ပါ"

"အလိုလေး သိုက်စကားက အထူးအဆန်းပါလား မေးပါတော် မေးပါ၊ သိုက် ဘာသိချင်တာလဲဆိုတာ..."

ဒေါ်ကြီးမှုံ၏ စကားကို သိုက်သည် သဘောကျသလိုသွားစွယ် ဖွေးဖွေးလေးများ ပေါ်အောင် လှစ်ခနဲ ရယ်မောလိုက်ရင်း–





"အဟင်း... ဟင်း... သိုက်မေးမှာ တခြား မဟုတ်ပါဘူး ဒေါ်ကြီးမှုံ၊ ဟိုလေ ဦးမေအောင်ကို ကြည့်ရတာ လူကရှတည်တည်နဲ့ တစ်မျိုးကြီးပဲနော်"

"ဘယ်လို တစ်မျိုးကြီးလဲကွယ့်"

"ဟို... ဟို... ဦးမေအောင်ပုံစံက ဆရာဝန်သာဆိုတယ်၊ ကြောက်စရာကြီး ဒေါ်ကြီးမှုံရဲ့"

"အဟင်း... ဟင်း... ဟင်း... သိုက်ရယ် ညည်းလေးစကားကို မောင်မေအောင်ကြားရင် သူ့အားကြီး စိတ်ဆိုးလိမ့်မယ် သိလား၊ မောင်မေအောင်က စကားအပို မပြောတတ်ပေမယ့် သူက လူတိုင်းအပေါ် ဖော်ရွေ သဘောကောင်းတဲ့ကလေးတစ်ယောက်ပါ၊ ပြီးတော့ လူတစ်ဖက်သားကိုလဲ သူက အရမ်းကူညီတတ်တယ်၊ သိုက် သူ့အကြောင်းကို မသိသေးလို့ ဒီစကားပြောတာပါကွယ်၊ တကယ်တမ်း မောင်မေအောင် စိတ်ဓာတ်ကို သိုက် သိသွားရင် သိုက် သူ့အပေါ် နားလည်သွားမှာပါ"

"ဟင်း... သိုက်ကတော့ မထင်ပါဘူး၊ ဒေါ်ကြီးမှုံရယ် သူ့ပုံစံနဲ့ သူ့မျက်နှာထားကြီးက ရှုတည်တည် ခက်ကျကျနဲ့ သူ့ကို ခုပဲ ထရိုက်တော့မယ့် ပုံစံမျိုး၊ ဒီလိုပုံစံနဲ့ သူ့လူနာတွေက ဘယ်လို ဆေးကုနေလဲ မသိပါဘူးနော်၊ သိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သိပ်ကြောက်တာပဲ"

"ဟေး... ဘယ်သူ့ကို ပြောတာလဲကွ"

"အမေ့..."

"ဟင်..."

"ရှင်..."

"ဟော့... မောင်မေအောင်"

သိုက်တစ်ယောက် စကားမှမဆုံးသေး ရုတ်ခြည်းထမင်းစားခန်းဝတွင် ပေါ်လာသော ဦးမေအောင်ထံမှ ထွက်ပေါ်လာသည့် ခက်ထန်လွန်းသည့် စကားသံကြောင့် ဦးမေအောင်အား ကျောပေးကာ ရှိနေသော သိုက်ကိုယ်လေး တွန့်တုန်သွားရတဲ့အထိ ထိတ်လန့်သွားရသလို သူကလည်း မရည်ရွယ်ပါဘဲ သူ့အလိုလို သူရှိရာ နောက်ဆီသို့ ဖျတ်ခနဲ လှည့်ကြည့်မိလျက်သား ဖြစ်သွားရသည်။

ထိုအခါ...

နှုတ်ခမ်းကို တင်းတင်းစေ့လျက် စူးရှတောက်ပနေရသော ဦးမေအောင်၏ အကြည့်စူးစူးများနှင့် သိုက်အကြည့်ချင်း ဆုံသွားရလေ၏။

"အို..."

သိုက်တစ်ယောက်မှာ သူ့အကြည့်များနှင့် ဆုံသွားရ





သောကြောင့် မျက်လွှာလေးကို အမြန်ဖင် ကမန်းကတန်း ချိတ်ကာ သူမကိုယ်လေးကို ဒေါ်ကြီးမှုကိုယ်နှင့် အမြန် ကွယ်ခံလိုက်လေသည်။

သို့တိုင်...

သူမ ရင်ထဲမှာတော့ ရင်ခုန်သံက မြန်ဆန်လျက် သူ့အကြည့်စူးစူးများကြောင့် လူက ခြေဖျားလက်ဖျားများပင် သွားခဲမတတ် အေးစက်သွားရလေ၏။

ဦးမေအောင်မှာ ပြောတုန်းကတော့ သူမ မဟုတ်သည့်အတိုင်း ပြောချင်ရာကို ရှေ့နောက်မကြည့် ကလေးတစ်ယောက်လို ကွယ်ပြောနေပြီးခါမှ ယခု သူ့ကို မြင်ပါမှ ကြောက်အား ပိုနေရသော သိုက်ဆိုသော မိန်းကလေးကို ရှင့်မရဲကြီး ဖြစ်သွားရသည့်မို့ ဒေါ်ကြီးမှု ကိုယ်ကြီးနှင့် ကွယ်ကာရပ်ကား သူမကိုယ်သူမ လုံခြုံလုပြီဟု ကလေးဆန်ဆန်သွားနေသော သူမလေးကို ဦးမေအောင်သည် အသည်းယားသားကြီးနှင့် ဖြစ်လာရကာ–

"ဒီမှာ အမိ၊ ကျုပ်မေးတာ ဖြေလေကွာ၊ ဘာလို့ ဒေါ်ကြီးမှုနောက်မှ သွားပုန်းနေရတာလဲ၊ ဘာလဲ ပြောတုန်းက ပြောပြီးမှ ကြောက်နေပြီလား"

သည်လိုကျပြန်တော့လည်း သိုက်မှာ ဦးမေအောင်



www.burmeseclassic.com

www.burmeseclassic.com



စကားကို မခံချင် ဖြစ်သွားရလေသည်။

ထို့ကြောင့် သိုက်သည် နုတ်ခမ်းဖူးဖူးလေး အစုံကို သွားချွန်ချွန်လေးနှင့် ဖိကိုက်လိုက်ရင်းက ဒေါ်ကြီးမှုံကိုယ်ကြီးနှင့် ကွယ်ထားသည့် သူမကိုယ်လေးကို ရှေ့သို့ ထွက်လာခဲ့လိုက်သည်။

"ကျုပ်မရှိတုန်း ကျုပ်အတင်းတွေကို ကျုပ်နောက်ကွယ်မှာ ပြောနေတယ်ပေါ့လေ ဟုတ်လား"

မျက်နှာထား တင်းတင်းကြီးနှင့် ဆိုလိုက်ပါသည့် ဦးမေအောင် စကားကြောင့် သိုက်သည် မျက်နှာလေး သိမ်ငယ်သွားရကာ၊ လူကလည်း ဘာပြောရမှန်းမသိ ဖြစ်သွားရသည်မို့–

"သိုက်... သိုက်..."

"မောင်မေအောင် သိုက်ပြောတာက"

"ကျွန်တော် အားလုံးကြားတယ် ဒေါ်ကြီးမှုံ၊ သူ့ကို ကျွန်တော် တမင်မေးနေတာ"

ဘုရားရေ...

ကြည့်ပါဦး...

ဘယ်လို လူကြီးပါလိမ့်...

သူမ ပြောသမျှကို သူ အကုန်ကြားပါရက်လို့လည်း





ပြောရက်နဲ့ သူမကိုလည်း ထပ်မေးနေသည်ကတော့ လွန်နေပြီဖြစ်သည်။

သူမေးသည်က အရေးမကြီး သိုက် သူ့ကို ဘာပြောရမှန်း မသိပါ။

အခု သိုက်သိသည်က သိုက်သည် သူရှိရာ ဒီနေရာကနေ အဝေးဆုံးသို့ ထွက်သွားချင်နေရပြီ ဖြစ်သည်။

သိုက်မှာ သူ့ရှေ့တွင် ခေါင်းလေးငုံ့လျက် အတွင်းနှုတ်ခမ်းသားလေးကို ဖိကိုက်ကာ လူက ငြိမ်သက်နေရလေ၏။

သည်လိုကျပြန်တော့လည်း ဦးမေအောင်မှာ သူမလေးကိုကြည့်ပြီး စိတ်မကောင်း ဖြစ်သွားရပြန်၏။

ကြည့်ရတာ ဒီမိန်းကလေး သူ့ကို ပြောစရာ စကားရှိတော့ဘူးထင်–

ဒေါ်ကြီးမှုံမှာ ဦးမေအောင်နှင့် သိုက်ကိုကြည့်ပြီး ဘာပြောရမှန်းမသိ ကြားထဲကနေ အနေခက်နေပုံရလေသည်။

ဦးမေအောင်မှာ သူ့စကား လွန်သွားပြီးလားဟူသော အတွေးဖြင့် ညှိုးဖျော့သွားရသည့် သိုက် မျက်နှာလေးကိုကြည့်ပြီး ရင်ထဲ စိတ်မကောင်း ဖြစ်သွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ... သူမလေးကို မထင်မှတ်ဘဲ စ,လိုက်မိသည့် စကားက သိပ်များလွန်သွားပြီလား။

အမှန်တော့ သူသည် သူမလေးကို ဒီလို စကားမျိုးပြောဖို့ မရည်ရွယ်ခဲ့ပါ။

သို့သော်...

ဒီနေ့မှ အလုပ်က စောစောပြန်လာသော ဦးမေအောင်သည် အိမ်ထဲသို့ ဝင်လာခိုက်မှာပင် မီးဖိုခန်းထဲမှ ခပ်လွင့်လွင့်လေး ထွက်ပေါ်လာသည့် သိုက်၏ စကားသံကြောင့် သူ့ခြေလှမ်းများသည် မရည်ရွယ်ပါဘဲ သူမလေးရှိရာ မီးဖိုခန်းထဲသို့ အလိုလို ရောက်ရှိမိလျက် ဖြစ်သွားရသည်။

ထိုအခါ...

မထင်မှတ်ဘဲ သူမထံမှ သူနှင့်ပတ်သက်ကာ ကြားလိုက်ရသည့် စကားများကြောင့် ဦးမေအောင်ရင်မှာ ကသိကအောက်နှင့် အခံရခက်ခက်ကြီး ဖြစ်သွားရလေသည်။

ကြည့်လေ...

သူမပြောသည့် စကားက သူ့အတွက် ဘယ်လောက်များ အခံရခက်စေရသည်လဲဆိုတာ–

သူမကိုလည်း ဘာမှမလုပ်ရပါဘဲ သူ့ကို ကြောက်ပါ





သည်ဆိုသော သူမ စကားကတော့ သူ့ရင်ကို တကယ်ပဲ အခံရခက်သွားစေရသည် မဟုတ်ပါလား။

ဒါကြောင့်လည်း ဦးမေအောင်သည် သူမလေးကိုတမင်ဝင် အသည်းတယားယားနှင့် မျက်နှာကြီးကို ရှုတည်တည်နှင့် ခော်ထန်ထန်ကြီးထားလျက် မေးလိုက်ခြင်း ဖြစ်သည်။

သည်လိုကျပြန်တော့လည်း သူမလေးသည် သူ့ကို ဘယ်လောက်ထိ ကြောက်ရွံ့နေရသည် မသိပါ။

မျက်နှာလှလှလေးက ဟန်မဆောင်နိုင်အောင် ပျက်သွင်းနေရသည်။

ထိုမျက်နှာလေးကို ကြည့်ပြီး ဦးမေအောင်မှာ သူမလေးကိုသာ စိတ်ရှိတိုင်း တုတ်နှင့် ခပ်နာနာလေး ရိုက်ပစ်ချင်ပါသော့သည်။

ပြောတုန်းကလည်း သူမ ယခု ပြောချင်ရာပြောပြီး ကြောက်နေသည်ကလည်း သူမမို့ ဦးမေအောင်သည် သူမ၏ ကလေးဆန်မှုကို သတိမထားဘဲ မနေနိုင်အောင် ရှိသွားရသည်။

သိုက်မှာလည်း အလုပ်က ပြန်လာသည်ကို မသိလောက်အောင် သူမရှိသည့် အချိန်မှာ သူ့အကြောင်းကို အားပါးတရ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသမျှ ယခု သူမစကားနှင့် သူမမို့ ကိုယ့်အပြစ် ကိုယ် ခံရသော နှုတ်ခမ်းလေး ဖိကိုက်လျက် လူက ငြိမ်သက်နေလိုက် သည်။

ဦးမေအောင်မှာ သူ့အနားတွင် မဝံမရဲ မျက်နှာလေးနှင့် ရှိနေရသော သိုက်ကို တည်ကြည်စူးရှသော မျက်ဝန်းညိုကြီး အစုံနှင့် တစ်ချက်ကြည့်လိုက်ပြီး–

"ဒေါ်ကြီးမှုံ ဧည့်သည်တွေအတွက် ဘာတွေ ပြင်ဆင် ထားလဲ"

"မောင်မေအောင် မှာသွားတယ်လို့ သိုက်ပြောပြီးက တည်းက ဒေါ်ကြီးမှုံ အားလုံးအတွက် ပြင်ဆင်ထားပါတယ် မောင်မေအောင်"

"အေးဗျာ၊ ကျွန်တော်လည်း ခုတလော အလုပ်တွေနဲ့ မအားဘူး ဖြစ်နေတယ်၊ အန်ကယ်နဲ့တောင် အေးအေးဆေး ဆေး စကားမပြောရတာကြာပြီ၊ ဒါနဲ့ ဧည့်သည်တွေအတွက် အားလုံး အဆင်ပြေတယ်နော် ဒေါ်ကြီးမှုံ"

"ပြေပါတယ် မောင်မေအောင်၊ ညနေစာဆိုတော့ ဖွယ် ဖွယ်ရာရာနဲ့ စားသောက်မယ့် ဟင်းလေးတွေ ဒေါ်ကြီး ကြည့်စီစဉ်ထားပါတယ် မောင်မေအောင်၊ အချိုပွဲ အနေ





ကတော့ သိုက်လေးက သူတာဝန်ယူမယ်တဲ့လေ၊ သူလေးက အချိုပွဲ ကောင်းကောင်း ပြင်တတ်တယ်ဆိုပဲ"

ဒေါ်ကြီးမှုံ စကားကြောင့် ဦးမေအောင်၏ အကြည့်များ ယခုထက်တိုင် နေရာတွင် မလှုပ်မယှက် ရှိနေဆဲဖြစ်သော သိုက်ထံသို့ အကြည့်လေးများ ရောက်ရှိသွားရကာ–

"ဟုတ်လား၊ ဒေါ်ကြီးမှုံပြောသလို မင်းက အချိုပွဲ ကောင်းကောင်း ပြင်တတ်တယ်ဆို"

"ရှင်... ဟုတ်ကဲ့... သိုက်... အဲ... ကျွန်မ"

"ရပါတယ်၊ မင်းပြောတတ်သလို ပြောပါ"

ဦးမေအောင်မှာ သူ့အပေါ် ကြောက်ရိပ်များဖြင့် မဝံမရဲ ဖြစ်နေသော သိုက်ကို တမင်ပင် လမ်းဖွင့်ပေးလိုက်၏။ ဒါ မှ သိုက်ဆိုသည် ဒီမိန်းကလေးသည် သူ့အပေါ် ပြောရဲဆိုရဲ ရှိလာမည် မဟုတ်ပါလား။

"သိုက် လုပ်တတ်ပါတယ် ဦးမေအောင်"

"ကောင်းပြီလေ၊ ဒါဆိုလဲ မင်းလက်ရာကို ကြည့်ရဦး မှာပေါ့၊ လိုအပ်တာတွေရှိရင် ဒေါ်ကြီးမှုံကိုပြောပြီး တိုင်ပင် လုပ်ကြားလား"

"ဟုတ်ကဲ့"

လက်အောက်ငယ်သား တစ်ယောက်ကို ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



အမိန့်သံဆန်လွန်းသည့် သူ့စကားကို သိုက်သည် ခေါင်းလေး
ညိတ်လိုက်လေ၏။

“မောင်မေအောင် စိတ်ကြိုက်လဲ ပြောပါဦး၊ ဒေါ်ကြီး
ဘာတွေထပ် စီစဉ်ပေးရဦးမလဲဆိုတာ”

ဒေါ်ကြီးမှုံမှာ အလိုက်တသိနှင့် သူ့အပေါ် တာဝန်ကျေ
စွာ မေးရှာပါ၏။

“ရပါတယ် ဒေါ်ကြီးမှုံ၊ ဒေါ်ကြီးမှုံ စီစဉ်တာ အားလုံး
ပြည့်စုံတာပဲဟာ၊ ကျွန်တော် မှာစရာမလိုတော့ပါဘူး၊ ဧည့်
သည်တွေလာရင် အားလုံး အသင့်စားနိုင်ဖို့ကိုသာ လုပ်ထား
ပေးပါ”

သူ့စကားများသည် အပိုအလိုမရှိ ပြောသင့်ပြောထိုက်
သည့် စကားများကို ပြောလိုက်သလိုမျိုး ဒေါ်ကြီးမှုံကို မှာ
စရာရှိတာ မှာပြီးသည်နှင့် သိုက်ရှိရာကိုပင် တစ်ချက်မျှ လှည့်
မကြည့်တော့ဘဲ ဖြောင့်မတ်သော ကိုယ်ဟန် တည်ကြည်သော
မျက်နှာထားနှင့် မီးဖိုခန်းထဲမှ ခြေလှမ်းကျဲကြီးများ တလှမ်း
လှမ်းဖြင့် ထွက်သွားလေသည်။

သူ မရှိတော့ပါမှ သိုက်သည်လည်း အသက်ဝဝရှူရင်း
သက်ပြင်းမော တစ်ချက်ကို ချလိုက်မိရသည်။

ဩော်... ဦးမေအောင်ဆိုတဲ့ ရတနာဒီပ၏ အရှင်သခင်





သူသည် လူတစ်ဖက်သား အပေါ်တွင် အသံဩဇာညောင်းကာ
လွှမ်းမိုးနိုင်လွန်းရုံမက လူတစ်ယောက်၏ ဘဝကိုပင် စိုးမိုး
ချုပ်ကိုင်နိုင်သည် မဟုတ်ပါလား။

သိုက်သည် သူနှင့်ပတ်သက်ကာ အတွေးနှင့် ကြာကြာ
နေခွင့်မရလိုက်ပါ။

အကြောင်းမှာ...

မကြာမီ ရောက်လာတော့မည့် ဧည့်သည်များအတွက်
အားလုံး အသင့်ဖြစ်ရန် သိုက်သည် အချိန်မီ ပြင်ဆင်လုပ်
ကိုင်စရာ ရှိသည်များကို လုပ်ကိုင်ရဦးမည် ဖြစ်သည်။

ထို့ကြောင့် သိုက်သည် ခုလောလောဆယ်တွင် ဘယ်သူ့
အကြောင်းကိုမှ သူမအတွေးထဲ မထားနိုင်တော့ဘဲ သူမလုပ်
စရာရှိသည်များကိုသာ အချိန်မီ ပြီးစီးရန်အတွက် သွက်လက်
လျင်မြန်စွာ လုပ်ကိုင်လိုက်တော့သည်။

အားလုံး ပြင်ဆင်ပြီးသည့် အချိန်မှာတော့ သိုက်၏
နဖူးတွင် ချွေးစလေးများပင် သီခိုနေရပြီဖြစ်သည်။

ဒေါ်ကြီးမှုံမှာ နဖူးပြင်တွင် ချွေးစလေးများ သီခိုနေသည့်
ကြားက အလှပျက်မသွားဘဲ ပို၍ပင် ကြည့်ကောင်းကာ တစ်
မျိုးလေး လှနေသော အလှဆုတောင်း ကောင်းလွန်းရှာသည့်
သိုက်၏ မျက်နှာလေးကို ငေးခနဲ တစ်ချက်စိုက်ကြည့်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"သိုက် မျက်နှာလေးက ဘယ်လိုနေနေ ဘယ်အချိန် ကြည့်ကြည့် အလှပျက်သွားတယ်ဆိုတာ တစ်ခါမှမရှိဘူး ကလေးက အလှပါရမီမှာတော့ တကယ် ကံကောင်း မိန်းကလေးပါပဲကွယ်၊ သိုက်လို အလှထူးတဲ့သူမျိုး ဒေါ်ကြီး တော့ တစ်ခါမှ မတွေ့ဖူးသေးဘူး တကယ်... တကယ်..."

သူမ မျက်နှာလေးကို အကြည့်မလွှဲတမ်း စိုက်ကြည့် ရင်းက ပြောလိုက်ပါသည့် ဒေါ်ကြီးမှူ စကားကြောင့် သိုက် မျက်နှာလေးမှာ ရှက်သွေးဖြင့် ရဲပသွားရပြီး–

"ဒေါ်ကြီးမှူကလဲ မြှောက်စရာမရှိ သိုက်ကို မနေတတ် အောင် ကြံဖန်မြှောက်နေပြန်ပြီ"

"အိုကွယ်... ဘယ့်နှယ် မြှောက်ရမှာလဲ၊ ကလေး ဒေါ်ကြီးမှူ တကယ် ပြောနေတာ၊ ငါ့သမီး မျက်နှာလေး ဝင်းဝင်းပပ နုနုထွေးထွေးလေး မြင်ရသူ ရင်ကို ကြည် အေးချမ်းစေတယ်ဆိုတာ သမီးအလှနဲ့ မျက်နှာလေးကို ပြော တာနေမှာ"

"အဟင်း... ဟင်း... ဟင်း... တော်ပါတော့ ဒေါ်ကြီး မှူရယ်၊ ဒေါ်ကြီးမှူ ပြောတာနဲ့ သိုက်တော့ ကိုယ့်ကိုယ်ကို တောင် မနေတတ်တော့ပါဘူး"

တကယ်ပင် သိုက်သည် ရဲပနေသော မျက်နှာလေး





နေတတ်စွာ ဆိုလိုက်ရှာလေသည်။

"ကဲ... ကဲ... အားလုံးလဲ ပြင်ဆင်ပြီးသွားပြီ၊ ညှော်သည် တွေလာရင်လဲ အားလုံး အသင့်စားလို့ရပြီ၊ ဒီတော့ သမီး ရေမိုးချိုးပြီး ကိုယ့်ကိုယ်ကို နည်းနည်းပါးပါးသွားပြီး ပြင် ဆင်လိုက်ဦး ဟုတ်လား"

"ဟင်... သိုက်က ပြင်ဆင်ပြီး ဘာလုပ်ရမှာလဲ ဒေါ်ကြီး

"အို... ဟဲ့... ဒီကလေးမနှယ် ဘယ်လိုမေးလိုက်တာလဲ၊ အောင်မေအောင်နဲ့အတူ ညှော်သည်သုံးလေးယောက်ကို ဒေါ်ကြီး တစ်ယောက်တည်းနဲ့ ဘယ်လိုလုပ်နိုင်မလဲကွယ့်၊ သိုက်လေး ဒေါ်ကြီးမှူနဲ့အတူ ဝိုင်းကူဦးမှပေါ့"

"ဖြစ်ပါ့မလား ဒေါ်ကြီးမှူရယ်၊ သိုက်က ဒေါ်ကြီးမှူကို ကူညီချင်လို့ မဟုတ်ပါဘူး၊ တော်ကြာ ဦးမေအောင်က သိုက်ကို..."

သိုက်မှာ သူမကို ဦးမေအောင် နောက်တစ်ကြိမ် ထပ် ဆွဲမှာကို စိုးရိမ်သည့်အလား ဖြစ်မှဖြစ်ပါ့မလားဆိုသော အတွေးဖြင့် မေးလိုက်တော့–

ဒေါ်ကြီးမှူမှာ သိုက်အဖြစ်ကို နားလည် သဘောပေါက် သလိုမျိုး နှစ်သိမ့်ပြုံးဖြင့် ပြုံးလိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးကတော့လေကွယ်၊ ကြဲကြဲဖန်ဖန် တွေးလဲ တွေးတတ်တယ်၊ မဝေးဆယ်ရှိရင်တော့ သိုက် တွေးသလို ဖြစ်ကောင်းဖြစ်ပေမယ့် အခုဟာက ဝေးဆယ်ကလဲ သိုက်သိတဲ့အတိုင်း ရွာကို ခဏ ပြန်သွားတော့ သိုက် ဒေါ်ကြီးမှုံ အနားမှာ မရှိလို့ မဖြစ်ဘူးလေကွယ်၊ ဒါကို မောင်မေအောင်လဲ နားလည်မှာပါ"

သည့်လိုဆိုပြန်တော့လည်း ဒေါ်ကြီးမှုံ စကားက မှန်နေသောကြောင့် သိုက်တွင် ပြောရန်တော့ မရှိပါ။

ဒေါ်ကြီးမှုံပြောသလို ဦးမေအောင်နှင့်အတူ ဧည့်သည် သုံးလေးယောက်ကို ဒေါ်ကြီးမှုံ တစ်ယောက်တည်း ဧည့်ခံ ပြင်ဆင်ဖို့ဆိုတာကလည်း မဖြစ်သေး။

အပုလေး ရှိသည်ဆိုပေမယ့်... ရှိသည့် အပုလေးကလည်း ကလေးသာသာအရွယ် ခိုင်းမှသာ လုပ်တတ်သည် သူကိုယ်တိုင်ကလည်း ဘာတစ်ခုမှ ဟုတ်တိပတ်တိ လုပ်တတ်သည်တော့ မဟုတ်–

ဒီတော့ ဒေါ်ကြီးမှုံကို သိုက်မှ မကူညီလည်း ကူညီမည့်သူ မရှိတော့။

ထို့ကြောင့် သိုက်သည် ဒေါ်ကြီးမှုံ ပြောသလိုပင် လုပ်ကိုင်ပေးနေရာ ချွေးလေးများပင် စို့လာပြီမို့ အချိန်လေးရှိတုန်း





သိုက်သည် ရေချိုးရန် ပြင်လိုက်ရလေသည်။

"ဒါဆိုလဲ သိုက်ရေချိုးလိုက်တော့မယ်နော် ဒေါ်ကြီးမှုံ"

"အေး... အေး... သွား သမီး သွား ဒေါ်ကြီးမှုံ အောက်မှာ ကြည့်စီစဉ် ထားလိုက်မယ်"

ဒေါ်ကြီးမှုံထံမှ ခွင့်ပြုချက်ရသည်နှင့် သိုက်သည် သူမ အခန်းရှိရာ အပေါ်ထပ်ဆီသို့ ထွက်လာခဲ့လိုက်သည်။

အပေါ်ထပ် သူမ အခန်းဆီရောက်လို့ နာရီကြည့်လိုက်တော့ အချိန်က မနည်းတော့–

သိုက်သည် ရေကို အမြန်ပင် ချိုးလိုက်ရသည်။

ရေချိုးပြီးသည့်နှင့် သိုက်သည် သူမမျက်နှာ လှလှလေးသက် သနပ်ခါးရေကျဲ ခပ်ပါးပါးလေး လူးလိုက်ပြီးနောက် သည်လျားနက်မှောင်သည့် ဆံနွယ်ရှည်ကြီးကို ပဝါလေးဖြင့် စည်းလိုက်ပြီး အပြာနုနုပေါ်တွင် အစက်အပြောက်လေးများပါသည့် တစ်ပတ်နွမ်း ချည်သားထက်အောက် ဝမ်းဆက်ဝတ်စုံလေးကို ဝတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

"ဒေါ်ကြီးမှုံ သိုက် ဘာလုပ်ပေးရဦးမလဲ"

"အိုး... ကြည့်စမ်းပါဦး၊ သိုက်ကို ဒေါ်ကြီးမှုံ မျက်စိနားသွားတယ်၊ လှလိုက်တာကွယ် သိုက်က သိပ်လှတာပဲ၊ ဘင်မမသာရှိရင် သိုက်လေးကို ဘယ်လောက်များ ချစ်ရှာလိုက်



www.burmeseclassic.com

www.burmeseclassic.com



မလဲ”

ဒေါ်ကြီးမှုံ့ စကားကြောင့် သိုက်မျက်နှာ လှလှလေးမှာ ညှိုးကျသွားရလေသည်။

ဒေါ်ကြီးမှုံ့ စကားက သိုက် မေမေ့ကို သတိရသွားစေ ရသည် မဟုတ်ပါလား...

ဒါကို သတိထားမိလိုက်သည့် ဒေါ်ကြီးမှုံ့မှာ သိုက်မျက်နှာ လှလှလေးကို အကဲခတ်သလို ကြည့်လိုက်ပြီး–

“ကဲပါကွယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့၊ ဒေါ်ကြီးမှုံ့ ကလဲ ဘာတွေပြောမိမှန်း မသိပါဘူး၊ ကလေးစိတ်ထဲ စိတ် ညစ်စရာတွေ ဘာမှထားမနေနဲ့တော့ ကဲ...လာ... ဧည့်သည် တွေလဲ ရောက်လာခါနီးပြီး ဒေါ်ကြီးမှုံ့တို့ ဟင်းတွေနည်းနည်း ထပ်နွှေးထားကြရအောင် ဟုတ်လား”

ဒေါ်ကြီးမှုံ့ စကားအဆုံး သိုက်သည် သွက်သွက်လက် လက်ပင် သူမ လုပ်စရာရှိတာများကို ဆုပ်ကိုင်လေသည်။

မကြာလိုက် ရတနာဒီပ တိုက်ကြီး၏ ဆင်ဝင်အောက် သို့ ကားတစ်စီး ထိုးဆိုက်လာလေသည်။

“လာကွာ၊ သူငယ်ချင်းတို့...”

“ဘယ်လိုလဲ မေအောင် ငါတို့လာတာ မင်းအိမ်မှာ စားပွဲတည်ဖို့ လာတာနော်၊ ဟဲ... ဟဲ... အားလုံး အသင့်ဖြစ်ပြီ





ား သူငယ်ချင်း...”

“ကျွတ်... ကြည်မောင် မင်းကတော့လေ ငယ်ငယ်က ည်းက အကျင့် ခုထက်ထိ မပျောက်သေးဘူး၊ အစားအ သောက်နဲ့ ပတ်သက်လာရင် နည်းနည်းမှ အရှက်အကြောက် ရှိတဲ့ကောင် မဟုတ်ဘူး”

“ဟဲ... ဟဲ... အစားအသောက်ဆိုတာ မရှက်ကောင်း ားလေကွာ”

“အေး... ဒါကြောင့် မင်း ခုထက်ထိ မစွံသေးတာ”

“ဟား... ဟား... ဟား... မေအောင် မေအောင်မင်းက ား ငါ့ကို ဒီစကားမျိုး ပြောရတယ်ရှိသေးတယ်၊ ငါက စွံသေးဘူးဆိုတော့ မင်းကရော စွံနေလို့လား၊ အလကား ချင်းချင်း တစ်မူးပိုနေတယ်၊ မင်းအကြောင်းများ ငါမသိ ဘာမှတ်လို့ မေအောင်ရာ၊ ရည်းစားဆိုလို့ မေအောင်ရာ ရည်း စားဆိုလို့ ခုထက်ထိ မူးလို့မှ ရှူစရာမရှိတဲ့ သူကများ ဟား... ား... ဟား...”

“ဟာ... ဟိတ်... ဟိတ်ကောင် ကြည်မောင် မင်းက တော့ကွာ”

သူထင်ရာ သူစွတ်ပြောနေသော ငယ်သူငယ်ချင်း ကြည်



www.burmeseclassic.com

www.burmeseclassic.com



မောင်အကြောင်းကို ဦးမေအောင်မှာ အသိဆုံးဖြစ်တာ
ကြည်မောင် ပါးစပ်ကို ဦးမေအောင်မှာ အမြန်ပင် လှမ်းပိတ်
ထားလိုက်ရသည်။

မပိတ်လို့ကလည်း မဖြစ်တော့ပါ။

အဘယ်ကြောင့်ဆိုရသော်...

ရတနာဒီပတွင် ကြည်မောင် ခါတိုင်းသိထားသည့် လူများသာမက ရတနာဒီပတွင် သူ့မဖိတ်ခေါ်ဘဲ ရောက်နေသည့် သိုက်ဆိုတဲ့ အမျိုးသမီးကလည်း ရှိနေသေးသည်က ဦးမေအောင်သာ အသိဆုံးဖြစ်သည်မို့ ယခုလို ကြည်မောင် ပါးစပ်ကို အမြန် လှမ်းပိတ်လိုက်ရခြင်းဖြစ်သည်။

"ဒါနဲ့ ဒေါ်ကြီးမှုံရော မမြင်ပါလားကွ"

"ရှိတယ်၊ ဒေါ်ကြီးမှုံ နောက်မှာ မင်းတို့စားဖို့အတွက် ပြင်ဆင် ချက်ပြုတ်နေလေရဲ့"

"ဟာ... ဒေါ်ကြီးမှုံက ဒါတွေ အားကိုးရတာပဲ၊ ဒေါ်ကြီးမှုံ ဘာတွေ ချက်ထားလဲဆိုတာ ဝင်ကြည့်ရင်း ငါ ဒေါ်ကြီးမှုံကို နှုတ်ဆက်လိုက်ဦးမယ်"

ရတနာဒီပတွင် အမြဲတမ်း ဝင်ထွက်နေကျ ဖြစ်သည့် သူနှင့် ငယ်ပေါင်းကြီးဖော် သူငယ်ချင်း အုပ်စုထဲတွင် အာ





က်လျှာသွက်နေသည့် ဒေါက်တာကြည်မောင်မှာ ပြောပြောဆို ဒေါ်ကြီးမှုံရှိရာ မီးဖိုခန်းထဲ ဝင်မည်ပြင်တော့-

ဦးမေအောင်မှာ မျက်စိ မျက်နှာပျက်သွားကာ-

"နေဦး ကြည်မောင်..."

"ဘာလဲကွ ငါ ဒေါ်ကြီးမှုံကို နှုတ်ဆက်မလို့ပါ"

"အေးပါ... နှုတ်ဆက်တာက နောက်မှ နှုတ်ဆက်လဲရပါတယ်၊ ခု မင်း အေးအေးဆေးဆေး ထိုင်ပါဦး"

"ရပါတယ်ကွာ၊ ဒေါ်ကြီးမှုံကို နှုတ်ဆက်တာပဲ၊ ဘာအပန်းကြီးတာမှတ်လို့"

"နေဦးကွ..."

"ရပါတယ်ဆိုကွာ..."

သူ တားနေသည့်ကြားက မရရအောင် မီးဖိုခန်းထဲသို့ ဝင်သွားသည့် ကြည်မောင်ကို ဦးမေအောင်မှာ ဘာမှ မပြောသာတော့ပါ။

ထို့အတူ...

ပြောလို့လည်း မရတော့ပါ...

အကြောင်းမှာ...

သူ တားနေသည့်ကြားက ကြည်မောင်သည် မီးဖိုခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ရောက်သွားရပြီ မဟုတ်ပါလား…

တကယ်တော့ ဦးမေအောင်သည် ကြည်မောင်ကို တားနေရခြင်းက တခြားကြောင့်တော့ဖြင့် မဟုတ်ပါပေ။

ဒေါ်ကြီးမှုနှင့်အတူ မီးဖိုခန်းထဲတွင် သိုက်ဆိုသောမိန်းကလေး ရှိနေသောကြောင့် ဖြစ်သည်။

သူ့ရင်ထဲ ဘာကြောင့်ရယ်မသိ သိုက်ဆိုသည့် မိန်းကလေးကို သူကလွဲ၍ တခြားလူများ မြင်တွေ့မသွားစေချင်ပါ။

ထိုဆန္ဒသည် သူ့ရင်ထဲကို ဘာကြောင့် ဝင်လာရသည်ကိုလည်း ဦးမေအောင် သူ့ကိုယ်သူ မသိတော့…

သူ သိသည်ကတော့ သူ့အကြည့်များသည် သိုက်ရှိနေမည့် မီးဖိုခန်းဆီသို့ ရောက်ရှိနေခြင်းပင် ဖြစ်သည်။

"မေအောင် မင်းကွာ… အချင်းချင်းတွေကို ဒီလိုပဲ လျှို့ရသလား"

မီးဖိုခန်းထဲမှ သူရှိရာ ဧည့်ခန်းထဲသို့ ပြန်ရောက်လာသော ကြည်မောင့်စကားကြောင့် သူငယ်ချင်း အားလုံး၏ အကြည့်များက သူ့ထံသို့ စုံပြုရောက်ရှိလာလေသည်။

"ကြည်မောင် ဒီကောင် ဘာလျှို့တာလဲ၊ ငါ့ကို ပြော





စမ်းပါဦး"

"အေးကွာ၊ မင်းစကားကလဲ မရှင်းမရှင်းနဲ့ ငါတို့နားလည်အောင်လဲ သေချာ ပြောစမ်းပါဦး"

တစ်ယောက်တစ်မျိုး အမျိုးမျိုး ပြောနေကြသော သူငယ်ချင်းများကို ကြည်မောင်သည် အပြုံးနှင့် ပြန်ကြည့်ရင်းက–

"ဟဲ… ဟဲ… ပြောပါမယ်ကွာ၊ မင်းတို့ကလဲ စိတ်ရှည်ရှည်ထားပါဦး နေဦးကွ၊ ငါပြောတာထက် ဒီကောင် မေအောင်ကိုမေးတာ ပိုအဆင်ပြေမယ်၊ ကဲ… မေအောင် မင်းကို ခိုးထုပ်ခိုထည်နဲ့တော့ အတိအကျမိထားပြီ၊ မင်း ကောင်မလေး ဘယ်ကလဲဆိုတာသာ ပြောတော့"

"ဘယ်လိုကွ၊ ကြည်မောင် ဒီကောင် မေအောင်မှာ ကောင်မလေးရှိနေပြီ ဟုတ်လား"

"ရှိရုံတင် မကဘူးဟေ့၊ အိမ်ပေါ်မှာကို ရောက်နေပြီဟ…"

"ဟေ… ဟုတ်လား မေအောင်၊ ဒီကောင် ကြည်မောင် ပြောတာ တကယ်လား"

"သေတော့မှာပဲကွာ၊ မင်းတို့တော့ ဒါကြောင့်လဲ မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ လူပျိုကြီးတွေဖြစ်နေတာ"

"ဘာကွ၊ ငါတို့ကို လူပျိုကြီးတွေ ဖြစ်ကျန်ခဲ့တယ်ဆို တော့ မင်းကရော လူပျိုကြီး မဟုတ်လို့လား"

"ဟဲ... ဟဲ... ငါလဲ မင်းတို့လိုပါပဲကွာ၊ ဒါပေမဲ့ ငါက မင်းတို့ထက်တော့ နည်းနည်းသာတယ်နော်၊ ငါ့မှာ ချစ်ချစ် ချောဆိုတဲ့ ချစ်သူတစ်ယောက်တော့ ရှိလိုက်သေးတယ် မဟုတ်လား"

"ငကြွားကြီး ကြည်မောင်၊ မင်း ချစ်ချစ်ချောက မင်းကို ပစ်သွားပြီး မဟုတ်လား"

ဒီတစ်ခါတော့ သူ့စကားနှင့် သူပြန်ထိသွားရပြီး ကြည်မောင် ဘာမှ မပြောနိုင်တော့ပါ။

"ကဲပါကွာ၊ မင်းတို့ကလဲ တစ်ဆိတ်ရှိ ငါ့ကို ဒါနဲ့ ကိုင်ပေါက်နေ၊ ခု ငါပြောမှာက ဒီကောင် မေအောင့်အကြောင်း ကွ"

"အေး... ငါတို့ကလဲ မေအောင့်အကြောင်းကိုပဲ မင်း ကို မေးနေတာ၊ ပြောစမ်းပါဦး ဒီကောင် ဘာတွေလုပ်ထား လဲဆိုတာ..."

"ဘာလုပ်ရမှာလဲကွ၊ မေအောင့်ကောင်မလေး ဒီအိမ် မှာ ရှိနေပြီကွ"

ပြောရင်းက ကြည်မောင် အကြည့်များက သိုက်ရှိရာ မီးဖိုခန်းဆီသို့ အကြည့်များ ရောက်ရှိသွားလေသည်။

ဦးမေအောင်မှာ သူထင်ရာ သူစွတ်ပြောနေသော ကြည်မောင် စကားကြောင့် မျက်စိ မျက်နှာပျက်သွားရပြီ–

"ရှူး... ကြည်မောင် မင်း ဘာတွေထင်ရာ လျှောက် ပြောနေတာလဲ၊ တော်ကြာ သိုက် ကြားသွားမှဖြင့်ကွာ..."

ဦးမေအောင်မှာ မလုံမလဲ အမူအရာနှင့် သိုက်ရှိရာ မီးဖိုခန်းကို လှမ်းကြည့်ရင်းက ခပ်ကျိတ်ကျိတ် ဆိုလိုက်လေ သည်။

"နာမည်က သိုက်တဲ့လားကွ"

"အေးလေ... သိုက်တဲ့ နာမည်ကတော့ ခေါ်ရတာ ခပ်ဆန်းဆန်းနဲ့ တစ်မျိုးလေးပါလား"

"တမျိုးလေး လုပ်မနေနဲ့ မောင်ရေ၊ နာမည်ကတင် တစ်မျိုးလေးလှတာ မဟုတ်ဘူးကွ၊ လူကလဲ တကယ် တစ်မျိုး၊ အယ်သူနဲ့မှ မတူအောင်ကို လှတာကွ"

"ဒီကောင်က ငါတို့ နောက်ကွယ်မှာ ကျိတ်ပုန်းခုတ် နေတာ၊ ကဲ... ခုတော့ မင်း ဘာတတ်နိုင်သေးလဲ မေအောင်"






www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်… တော်ကြစမ်းပါကွာ၊ မင်းတို့အားလုံး ကို ထင်ရာ ကိုယ်စွတ်ပြော မနေကြစမ်းပါနဲ့၊ သူနဲ့ငါ ဘာ မပတ်သက်ဘူး"

"ငါတို့က မင်းသူငယ်ချင်းအရင်း အခေါက်ခေါက် တွေပါကွာ၊ ငါတို့ ယုံအောင်လဲ ကြည့်ညာပါဦး"

"အေးလေ၊ အချင်းချင်းတွေ မင်းငါတို့ကို ဒီလို စရာလား၊ ဒါနဲ့ နေပါဦး ကြည်မောင်၊ မင်း သူ့ကောင်မ ကို ဘယ်မှာတွေ့ခဲ့တာလဲ"

"ဘယ်မှာ တွေ့ရမှာလဲကွ၊ ငါ ဒေါ်ကြီးမှုံကို နှုတ်ဆ ဖို့ မီးဖိုခန်းထဲ ဝင်သွားတော့ ဒီကောင် ကောင်မလေးကို မီ ဖိုခန်းမှာ ဒေါ်ကြီးမှုံနဲ့အတူ တွေ့ရတော့တာပဲ၊ လှတယ်ဆော လှတာကတော့ ငါတွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ တော် တော်ကိုလှတာ၊ ဒီလောက်လှတဲ့ မိန်းကလေးကို မင်းဘာ လိုများ ရှာတွေ့လိုက်တာလဲ မေအောင်"

တစ်ယောက်တစ်မျိုး ဝိုင်းပြောနေသော စကားများ ကြောင့် ဦးမေအောင်သည် မျက်ခုံးထူထူကြီး အတွန့်ချိုးလျ ခေါင်းရှုပ်လာရသလို သိုက်ကို သိပ်လှပါသည်ဆိုလာသော ကြည်မောင် စကားကြောင့်လည်း ဦးမေအောင်ရင်ထဲ အ





ကျသလိုလို မကြိုက်သလိုလိုနှင့် ရင်မှာ ခံစားမှု တစ်မျိုး ကြီး ဖြစ်သွားရလေသည်။

တကယ်တော့ ဦးမေအောင်သည် သူပိုင်ဆိုင်ရာ ရတနာ ကိုတွင် သိုက်ရှိနေသည့်အကြောင်းကို ဒီကောင်တွေ အုပ်စု သိစေချင်ပါ။

ငယ်ငယ်ကတည်း ပေါင်းလာသည့် ဒီကောင်တွေ အားလုံးက စိတ်ရင်း မနောကောင်းကြသူများ ဖြစ်ပေမယ့် အနောက်သန်လွန်းသည့် နေရာမှာတော့ သူတို့အပြင် ယောက်မရှိတာကို ဦးမေအောင် အသိဆုံးဖြစ်သည်။

အလုပ်ခွင်တွင် ဆရာဝန်ပါသော ဂုဏ်နှင့်အညီ လူ များ ရှိသေလေးစားအောင် နေထိုင်ပေမယ့် ယခုလို သူငယ်ချင်း စုံပြီဆိုရင်ဖြင့် ငယ်ငယ်က အကျင့်တွေက သူ တို့တွင် ယခုထက်တိုင် မပျောက်နိုင်သေးကြပေ။

ဒါကြောင့်လည်း ဦးမေအောင်သည် သိုက်ကို ဒီကောင် တွေ မမြင်မတွေ့စေချင်ခြင်းပင် ဖြစ်သည်။

သို့သော်…

သူ့ဆန္ဒတွေ မပြည့်ဝခဲ့ပါ။

သူ့ထံမှ ဘာမှ မဟန့်တားရသေးခင် အာသွက်လျှာ



www.burmeseclassic.com

www.burmeseclassic.com



သွက် ကြည်မောင်မှာ သိုက်ကို မြင်တွေ့သွားခဲ့ရပြီဖြစ်သည်။

ကြည်မောင် သိလို့များကတော့ ဘာကိစ္စဖြစ်ဖြစ် မောင်... ခတ်ကြေညာနေစရာ မလိုတော့ပါပေ။

သူ့အသံပြဲကြီးနှင့် အားလုံးကို သူသိသမျှ ဖွင့်ပြော... တတ်သူ ဖြစ်သည်။

ယခုလည်း သိုက်ကို သူတွေ့ပြီးသည်နှင့် သိုက်အ... ကို သူ့နှုတ်က ပြော၍မဆုံး ချီးကျူး၍ မဆုံးနိုင်အောင်... နေရသည်။

ဒါကိုပင် အခံရခက်ခက် ဖြစ်နေရသူက ဦးမေအောင်... ဖြစ်သည်။

တကယ်ဆို သိုက်ဆိုဘာက သူနှင့် ဘာမှလည်းမဆိုင်... ဘာမှလည်း မပိုင်ပါပဲနှင့် ကြည်မောင် ပါးစပ်က သိုက်... သိပ်လှသည့်အကြောင်း ပြောတာနှင့်ပင် သူ့ရင်မှာ အခံရခ... ခက်ကြီး ဖြစ်နေရသည့်အဖြစ်က ဘာကြောင့်ဆိုတာကလည်း ဦးမေအောင် သူ့ကိုယ်သူ မသိသလို၊ ထိုအဖြစ်ကြောင့်လည်း သူ့ကိုယ်သူ မကျေနပ်နိုင်ပါ။

အင်း... ခက်တော့ခက်ပါပြီး။

ခဏလေး မြင်တွေ့ရသေးသည့် မိန်းကလေး တ...





...သောက်အတွက်နှင့် သူ့ရင်မှာ ထိုသို့ ခံစားသွားရသည့်ကို ...သည်း ဦးမေအောင် မလိုလားနိုင်ပါ။

သူမလေး သိပ်လှသည်ဆိုတာကို သူဝန်ခံပါသည်။

သို့သော်...

ထိုအလှက သူ့ရင်ကို တွယ်ငြိ ချည်နှောင်သွားမှာကို ...သည်း ဦးမေအောင် လက်မခံနိုင်ပါ။

ဒါဖြင့် သူသည် ဘာကြောင့် သူမလေးနှင့် ပတ်သက် ...သာရင် နာလိုခံခက် ဝေဒနာကြီး ဖြစ်ပေါ်နေရသည်လဲ...

ဦးမေအောင် သူ့ကိုယ်သူလည်း မစဉ်းစားတတ်တော့ ...ပါ။

စဉ်းစားဖို့ရာလည်း သူ့နှလုံးသားက ခွင့်မပြုပြန်—

သိုက်ဆိုသည် ဒီမိန်းကလေးသည် သူနာကြည်း မုန်းတီး ...ပါသည့် ဒေါ်တင်မမ၏ သမီးဆိုသော အသိက သူ့ဦးနှောက် ...သူ့အတွေးထဲတွင် စွဲထင်နေရသည်မို့ သိုက်နှင့် ပတ်သက်ပြီး ...ဖြစ်ပေါ်လာသည့် ခံစားမှု အားလုံးကို သူသည် လျစ်လျူရှု ...နေသည် ဖြစ်သည်။

ဟုတ်သည့်...

သူမလေးကို သူ့အနေနှင့် လျစ်လျူရှုထားခြင်းသာ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ဖြစ်တော့မည်။

ထိုအတွေးဖြင့် ဦးမေအောင်သည် သူမအကြောင်းကို အတွေးထဲမှ ဖယ်ထုတ်လိုက်သလိုမျိုး ခေါင်းကို ဆတ်ခနဲ ခါးယမ်းပစ်လိုက်တော့–

"ဟာ... မေအောင် မင်းကိုငါ မေးနေတယ်လေကွာ ဘယ်နှယ့် ခေါင်းခါနေရတာလဲ"

"ဟင်... ဘာလဲ ငါ့ကို ဘာမေးတာလဲ"

"ဟာ... သေပါတော့ကွာ၊ ငါ့မှာတော့ မင်း နားထောင်နေတယ်မှတ်ပြီး စကားတွေ အာပေါက်မတတ် ပြောနေလိုက်ရတာ၊ ပြီးတော့ မင်းက လူကတခြား စိတ်ကတခြား ဖြစ်နေပါရော့လား မေအောင်"

"အေးကွာ၊ မင်းပြောလဲ ခံရမှာပဲ၊ ငါ့အတွေး တခြားရောက်သွားတယ်၊ မင်းပြောတာ မကြားမိလိုက်ဘူး"

"သိတယ်... သိတယ်၊ မင်းဒီလို ပြောမယ်ဆိုတာကို ငါသိတယ်၊ မင်းစိတ်တွေ အဲလို ဖြစ်အောင်လဲ မင်း ကောင်မလေးက သိပ်ကိုလှနေတာ မဟုတ်လား"

ကြည်မောင် စကားကြောင့် ဦးမေအောင် မျက်နှာချော ချောကြီးမှာ ရဲခနဲ ဖြစ်သွားရသည်။





ခက်တော့ ခက်ပြီ၊ ဒီကောင် ကြည်မောင် သူထင်ရာနှင့် ဘာတွေ လျှောက်ပြောနေသည် မသိပါ။

သိုက်နှင့် သူဆိုတာ ဘာမှမဆိုင်ဆိုတာ သူရှင်းပြမှ ဖြစ်တော့မည်။

မဟုတ်ပါက ကြည်မောင် ထင်ရာ ပြောနေပုံနှင့် သူ့မ နေတတ်တော့သလို ဒီစကားကို သိုက် ကြားသွားရင်လည်း ကောင်းတော့သည်မို့ ဦးမေအောင်သည် မျက်နှာကို ရှုတည်တည်နှင့် ခပ်မှန်မှန် အသွင်ထားလိုက်ပြီ–

"ကဲ... မင်းတို့ထင်တာတွေ လျှောက်ပြောမနေနဲ့၊ သောက်ကြတော့ ဒီမှာ မင်းတို့ကို ငါရှင်းအောင် ပြောမယ်၊ မင်းတွေ့ခဲ့တဲ့ သိုက်ဆိုတဲ့ မိန်းကလေးနဲ့ ငါက မင်းတို့ထင်သလို ဘာမှမပတ်သက်ဘူး"

"ဟေ... ဒါဖြင့် သူလေးက..."

"သူက ဖေဖေ့ဇနီး ဒေါ်တင်မမရဲ့သမီး သိုက်ဆိုတာပဲ"

"ဟင်... မင်းပြောတာ တကယ်လား မေအောင်၊ ဒါဖြင့် မင်းနဲ့ အဲဒီမိန်းကလေးနဲ့ ဘာမှ မပတ်သက်ဘူးပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျားကိုက်ပါသည်ဆိုကာမှ အပေါက်လေးနှင့်လားနေ

နေသော ကြည်မောင် စကားကြောင့် ဦးမေအောင်သည် မျက်နှာကြီး တွန့်ကြုတ်လာရပြီး–

"ကျွတ်... မင်းတို့ကို ရှင်းအောင်ပြောပြီးပြီလေကွာ သူနဲ့ငါ ဘာမှမပတ်သက်ပါဘူးဆိုတာ..."

"ဟဲ... ဟဲ... အေးပါကွာ၊ မင်းက ဒါလေး ပြောတာ ဘာလို့ စိတ်တိုနေရတာလဲ ဟဲ... ဟဲ... မင်းနဲ့သူ ဘာမှမပတ်သက်ဘူးဆိုမှတော့ သူ့ကို ငါ..."

"ဘာလဲ မင်းက သူ့ကို ဘာလုပ်မလို့လဲ ကြည်မောင်"

"အိုကွာ... မင်းကလဲ အချင်းချင်း သိရက်သားနဲ့ မင်း အိမ်မှာ ဒီလောက်ချော ဒီလောက်လှတဲ့ မိန်းကလေးရှိနေရင်တော့ ဟဲ... ဟဲ... မင်းအိမ်ကို ငါအမြဲလာပါရစေလို့ ပြောချင်ပါကွာ၊ သူငယ်ချင်းကလဲ..."

"တော်စမ်းကွာ..."

သိုက်ကို မြင်တာနှင့် သူ့အား သိသိသာသာကြီး မျက်နှာချိုသွေး ဖားနေသော ကြည်မောင်ကို ဦးမေအောင် ကြည့်မရသလို မျက်နှာတည်တည်ကြီးနှင့် ဟန့်လိုက်သောအခါ ကြည်မောင်မှာ စကားတိတ်သွားရလေသည်။





သိုက်နှင့် ပတ်သက်ကာ ဦးမေအောင်မှာ သူ့ကိုယ်သူ ဘာကြောင့် ထိုသို့ ဖြစ်သွားရမှန်းလည်း မသိပါ။

တကယ်ဆို ကြည်မောင်ဆိုတာ အစအနောက်သန်သူ တစ်ယောက်ဖြစ်မှန်း သိရတာနှင့် သူ့စကားကို ဦးမေအောင်မှာ သည်းမခံနိုင်အောင် ဖြစ်သွားရအောင် သိုက်သည် သူ့ အတွေးအာရုံကို တကယ်ပင် စိုးမိုးနေပြီးလား...

တကယ်ဆို သူမ မျက်နှာလေးကို သူ ခဏလေး မြင်လိုက်ရတာနှင့် သူဒီလို မဖြစ်သင့်ပါ။

ဒါကို ဦးမေအောင် သိပါရက် သူမနှင့် ပတ်သက်လို့ စကားနှင့်ပင် အမှားမခံနိုင်အောင် ဖြစ်နေရသည်ကလည်း သိပ်ကို ထူးဆန်းနေရပြီဖြစ်သည်။

သို့သော်...

သည်ခံစားမှုကိုလည်း ဦးမေအောင်သည် သူ့ကိုယ်သူ မကြိုက်သည်မို့ ထိုစကားကို ဒီနေရာမှာတင် ရပ်လိုက်ပြီး–

"ကဲ... မင်းတို့လဲ ဆာရောပေါ့၊ ထမင်းစားချိန်လဲ ရောက်ပြီ၊ ထမင်းပွဲ ပြင်ခိုင်းလိုက်တော့မယ်"

ပြောလည်းပြော ဦးမေအောင်သည် နေရာမှထကာ ထမင်းစားခန်းထဲသို့ ဝင်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးမှုံ ကျွန်တော် ထမင်းစားတော့မယ်၊ အားလုံး အသင့်ဖြစ်ပြီးလား"

ထမင်းစားခန်းထဲ ဝင်လာခါစတည်းက သိုက်ထံ ဖျတ်ခနဲသာ ရောက်သည့် သူ့အကြည့်တစ်ချက်က လွှဲပြီး ဦးမေအောင်၏ အကြည့်များက သိုက်ထံသို့ နောက်ထပ် ရောက်ရှိမလာတော့ပေ။

သိုက်မှာလည်း သူမ အကြည့်များကို ဦးမေအောင်ထံ မရောက်အောင် ရှောင်လွှဲထားလေသည်။

"အားလုံး အသင့်ပါပဲ မောင်မေအောင်၊ ဒေါ်ကြီး ထမင်းပွဲ ပြင်လိုက်ရတော့မလား"

"ဟုတ်ကဲ့ ဒေါ်ကြီးမှုံ၊ ထမင်းပွဲ ပြင်လိုက်တော့"

ဒေါ်ကြီးမှုံကို မှာပြီးသည်နှင့် ဦးမေအောင်၏ အကြည့် တည်တည်စူးစူးကြီးများက သူ့အား ကျောပေးထားသည့် သိုက်၏ နောက်ကျောလှလှလေးကို စူးခနဲ တစ်ချက် စိုက်ကြည့်ကာ ထွက်လာခဲ့လိုက်သည်။

"ဒေါ်ကြီးမှုံ ထမင်းပွဲ ပြင်တော့မှာလားဟင်..."

"ဟုတ်တယ် သိုက်၊ မောင်မေအောင်က စားတော့မယ်တဲ့ ထမင်းပွဲ ပြင်လိုက်ကြစို့"





"ဟုတ်ကဲ့..."

ထမင်းပွဲအတွက် အားလုံးက အသင့်ပြင်ဆင်ပြီးသားမို့ အချိန်တိုတို အတွင်းမှာပင် ဦးမေအောင်နှင့် ဧည့်သည်များ စားသုံးရန် ထမင်းပွဲလေးများ အချိန်ခဏလေးနှင့် ပြင်ဆင်ပြီးသွားလေသည်။

"ကဲ... သိုက်ပဲ မောင်မေအောင်တို့ကို သွားခေါ်လိုက်ပါကွယ်၊ ဒီမှာ ဒေါ်ကြီးမှုံ လုပ်စရာလေး နည်းနည်းရှိသေးလို့ သွားခေါ်လိုက်နော် သမီး"

ဒေါ်ကြီးမှုံ စကားကြောင့် သိုက်သည် ခေါင်းလေး ကုတ်မိတတ် စိတ်မှာအညစ်ကြီး ညစ်သွားရလေသည်။

မှန်သည်။

အကြောင်းကား...

သိုက်သည် ဦးမေအောင်နှင့် မျက်နှာချင်းမဆိုင်ချင်ပါ။

တို့အပြင်...

သူ့ သူငယ်ချင်းများ ရှေ့တွင် သိုက်သည် ထမင်းစားသွားခေါ်ရမည်ဆိုတာကလည်း သိုက်ကို ဝန်လေးစေရ၏။

ဦးမေအောင်တို့ကို သိုက် သွားမခေါ်ပါရစေနဲ့ ဒေါ်ကြီးမှုံလို့ ပြောရအောင်ကလည်း ဒေါ်ကြီးမှုံလို့ ပြောရအောင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြစ်သေးပါ။

ဒေါ်ကြီးမှုံမှာ မီးဖိုခန်းထဲ တကယ်ပင် လုပ်စရာ အလုပ်က ရှိနေသေးသည်မို့ ဦးမေအောင်ကို ဒေါ်ကြီးမှုံပဲ သွားခေါ်ပါ၊ သိုက် မခေါ်ပါစေနဲ့လို့ ပြောရအောင်ကလည်း မဖြစ်သေး။

ဒါဖြင့် သိုက်သည် ဒေါ်ကြီးမှုံ ပြောသလို တကယ်ပင် ဦးမေအောင်ကို သူမကိုယ်တိုင် သွားခေါ်ရမည်လား...

စိတ်ညစ်လိုက်တာနော်...

ခု အခြေအနေက ဒီလိုသာ လုပ်ရုံရှိတော့တာမို့ သိုက်သည် စိတ်ရှုပ်ထွေးနေရသော မျက်နှာလေးနှင့်ပင် ဦးမေအောင်ရှိရာ ဧည့်ခန်းဆီသို့ ခြေလှမ်းလေး တုံ့နှေးတုံ့နှေးနှင့် ထွက်လာခဲ့လိုက်သည်။

"ဟာ... ဟော့... ဟော့... မင်းတို့ ကြည့်ကြစမ်း၊ ငါပြော သူလေးပဲကွ"

"ဟင်..."

"ဟာ..."

"လှလိုက်တာ သိပ်လှတာပဲ..."

ကြည်မောင့် စကားကြောင့် အားလုံး၏ အကြည့်များက ပြိုင်တူဆိုသလို ထမင်းစားခန်းမှ ထွက်ပေါ်လာသည့်





အရိပ်ကလေးထံသို့ အကြည့်လေးများ ရောက်ရှိသွားရာမှ တစ်ယောက်တစ်မျိုး ထွက်ပေါ်လာသည့် အသံများကြောင့် ဦးမေအောင်၏ အကြည့်သည်လည်း သူတို့နည်းတူ ထိုအရိပ်လေးထံသို့ ရောက်ရှိသွားရာ–

"အွန်..."

ဦးမေအောင်နှုတ်မှ အလိုမကျသလို ထွက်ပေါ်သွားရသံနှင့်အတူ သူ၏ အကြည့်စူးများကလည်း သိုက်ထံသို့ ခပ်စိုက်စိုက်လေး ရောက်ရှိသွားရသည်။

ကြည့်နေရင်းက ဦးမေအောင်သည် မျက်ခုံးထူထူကြီး နှစ်ဖက်သည်လည်း အလိုလို တွန့်ကြုတ်လာရ၏။

ရှည်လျား နက်မှောင်သော ဆံနွယ်ရှည်များကို ပဝါလေးနှင့် ခပ်လျော့လျော့ စုစည်းကာ ကြည်ပြာလွင်လွင် ဝတ်စုံလေးနှင့် ရိုးရှင်းစွာ သိပ်ကိုလှပနေရလွန်းသော သိုက်သည် မျက်လွှာလေးချလျက် မဝံ့မရဲ ပုံစံလေးနှင့် လျှောက်လာနေပုံ ဦးမေအောင်သည် မျက်တောင်မခတ်တမ်း စိုက်ကြည့်မိသွားရသည်။

သူ့ကြည့်သလို သူနှင့်အတူ ရှိနေသည့် သူငယ်ချင်းများကလည်း သိုက်ကို ကြည့်နေသည်ကို သတိထားမိလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဦးမေအောင်သည် ရင်မှာ တင်းခနဲ ဖြစ်သွားရသည်။

“ကြည်မောင် မင်းပြောတာသူလေးလား”

“အေး… ဟုတ်တယ်၊ ငါပြောတာ သူလေးပဲ၊ လှတယ် မဟုတ်လား ဗညား”

“လှတယ် ဒီလောက်လှတဲ့ မိန်းကလေး ငါ့တစ်သက် ဒီတခါပဲ တွေ့ဖူးသေးတယ်၊ သိပ်လှတာပဲကွာ”

သိုက်ကိုကြည့်ကာ ကြည်မောင်နှင့် တိုးတိုးတိတ်တိတ် ကျိတ်ကာ ပြောနေသော ဒေါက်တာဗညားမောင်၏ စကားကို ဦးမေအောင်သည် ကြားဖြစ်အောင် ကြားလိုက်ရတော့ ရင်မှာ သူမလေးနှင့် ပတ်သက်ကာ စိုးရိမ်သလို ရှိသွားရသည်။

သူ ထိုသို့ ဖြစ်သွားရသည်က အကြောင်းမဲ့တော့ဖြင့် မဟုတ်ပါ။ ဒေါက်တာ ဗညားမောင်ဆိုတာ သူတို့အုပ်စုထဲတွင် ယောကျ်ားပီပီသသနှင့် လူချောတစ်ယောက် ဖြစ်သလို၊ သူ ကိုယ်တိုင်ကလည်း အနေတည်ကာ မိန်းကလေးများနှင့်ကင်း ရှင်းသူ တစ်ယောက်–

သည်လိုမျိုး အနေ တည်ကြည်ကာ မိန်းကလေးများနှင့် ကင်းရှင်းသူတစ်ယောက်၊ ပြီးတော့ သူ့နှုတ်က မိန်းကလေး





တစ်ယောက်အကြောင်း ထိုသို့ ပြောဖို့ဆိုတာ လွန်စွာ ရှားပါးသည်မို့ ဦးမေအောင်သည် သိုက်နှင့် ပတ်သက်ကာ ရင်မှာ စိုးရိမ်မှုနှင့် ပူပန်သွားရခြင်း ဖြစ်သည်။

ဦးမေအောင်မှာ သူ့စိတ်ထဲ ထိုသို့ စိုးရိမ်မှု ပိုလာလေလေ၊ သိုက်ကို သူသည် စိတ်တိုတိုကြီး ဖြစ်လာရလေလေမို့ သူ့မျက်နှာ ချောချောကြီးမှာ အလိုမကျခြင်းများစွာနှင့် ပိုရှုံ့မှုန်တည် တင်းမာလာရသည်။

ကြည့်စမ်း…

သူမလေး မီးဖိုခန်းထဲတွင် ဒေါ်ကြီးမှုံနှင့် လုပ်စရာရှိတာကို မလုပ်ဘဲ၊ ဘာလို့ ဒီကို ထွက်လာရတာလဲ၊ ဘာလဲ သူမကိုယ်သူမ သိပ်လှပါသည်ဆိုတဲ့ အကြောင်းကို သူ့သူငယ်ချင်းတွေ သိအောင် တမင်ပင် လာပြနေသည်တဲ့လား…

သည်အတွေးနှင့် ဦးမေအောင်၏ ယောကျ်ားပီသသော မျက်နှာ ချောချောကြီးသည် ဟန်မဆောင်နိုင်အောင် မှုက်လာသလို သူ့ကိုယ်သူမှ သတိမထားလိုက်မိခင် သူ့ခြေလှမ်းများသည်လည်း သူမရှေ့သို့ အလိုလို ရောက်ရှိသွားရသည်။

“ဟိတ်… နောက်မှ ဒေါ်ကြီးမှုံကို မကူညီဘဲ၊ မင်း ဒီကို ဘာလာလုပ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခြည်း သူမရှေ့တွင် သူ့ကိုယ်ကြီး ပိတ်ရပ်ကာ မေးလိုက်ပါသည့် ဦးမေအောင် စကားကြောင့် သိုက်သည် ရုတ်တရက် သူ့ကို ဘာပြန်ပြောရမှန်း မသိနိုင်အောင် ရှက်စိတ်များက သူမ တစ်ကိုယ်လုံးကို ဝါးမျိုမတတ် ထူပူ တုန်လှုပ်သွားရသည်။

ရှက်လိုက်တာ…

သိပ်ရှက်တာပဲ သူ… သူ သိုက်ကို ဘယ်လို မေးလိုက်တာပါလိမ့်

အိုး… သိုက်တော့ သိပ်ရှက်တာပဲ၊ သူမေးလိုက်ပုံက သိုက်ကပင် သူတို့ရှေ့ကို တမင် အကြောင်းမရှိ အကြောင်းရှာ ထွက်လာသလိုမျိုးပါလား…

ဒါ… ဒါ… ဦးမေအောင် သိုက်ကို တမင်သက်သက် အထင်သေးတာ၊ ဟုတ်တယ်… သိုက်ကို သူအထင်သေးလို့ သူ့ သူငယ်ချင်းတွေရှေ့မှာ သိုက်ကို ဒီလိုပြောလိုက်တာ ရှက်တယ်… သိပ်ရှက်တယ် ရှက်လွန်းလို့ သိုက်တော့ သေသာ သေပစ်ချင်တော့တာပါပဲ…

သိုက်သည် ရှက်ကြောက် နာကြည်းမှုတို့ကြောင့် မျက်ဝန်းအိမ်တွင် ရစ်ဝဲလာသော မျက်ရည်စများကို မျက်





တောင်ရှည်ကြီးဖြင့် တဖျတ်ဖျတ် ခါထုတ်ရင်းက ခေါင်းလေးကို ငုံ့ချပစ်လိုက်သည်။

“မင်းကို ကျုပ်မေးနေတယ်လေ၊ ဒီကို ဘာထွက်လုပ်တာလဲဆိုတာ…”

“ဟို… သိုက်… သိုက် ဦးမေအောင်ကို ထမင်းပွဲ အသင့်ပြင်ပြီးတဲ့အကြောင်း လာပြောတာပါ”

ဖြေလိုက်ပါသည့် သိုက်အသံလေးမှာ ရိုကျိုးမနေရသလို စကား အဆုံးသတ်သွားသည့် သူမ အသံလေးမှာလည်း မသိမသာ တုန်ခါနေရ၏။

“ဒါပဲ မဟုတ်လား၊ ဒေါ်ကြီးမှုံကို ကူစရာရှိတာ ကူ သိုက်၊ ကျုပ်တို့ လာခဲ့မယ်”

“ဟုတ်ကဲ့…”

ခေါင်းလေးငုံ့ကာ ကိုယ်လေး ချာခနဲ လှည့်အထွက်တွင် သိုက်၏ မျက်ရင်စတချို့က မျက်ဝန်းအိမ်မှ လျောကျ ကြွဆင်းသွားရကာ၊ သိုက်သည် သိမ်ငယ်လွန်းရပါသည့် သူမ ဘဝအတွက် ရင်မှာ ကျွမ်းတမြည့်မြည့်နှင့် နာကျင်ကြေကွဲ ဆိုနိုက်နေရတော့သည်။

“မင်းကွာ၊ ကောင်မလေးကို ဘယ်လို ပြောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ သူခများ ငါတို့ရှေ့မှာ ရှက်ရှာမှာပေါ့ သနားစရာကွ"

"အေးကွာ၊ မေအောင် မင်းသူ့ကို ဒီလိုတော့ မပြေ
သင့်ဘူး၊ သူလဲ မိန်းမပျိုလေး တစ်ယောက်ပဲ၊ မင်းပြောတာ
သူ ရှက်မှာပေါ့"

"ရှက်ရအောင် ငါ သူ့ကိုပြောတာ ဘာလွန်လို့လဲ"

"ကျွတ်... မင်းကွာ... မေအောင်"

သူတို့ ဘာကို ဆိုလိုသည်ဆိုတာကို သိသိကြီးနှင့် 
မိန်းကလေးနှင့် ပတ်သက်ကာမှ အသိခေါက်ခက် အဝင်နှ
ဆိုသလို သူတို့ ဘာကိုဆိုလိုသည်ကို မသိဟန်ပြုနေသည်
ဦးမေအောင်ကို အားလုံးက မချင့်မရဲနှင့် ဖြစ်ရရုံကလွဲလို့
ဦးမေအောင်ကို ဘာမှ ထပ်မပြောတော့ပါပေ။

တကယ်တော့ ဦးမေအောင်သည် သူ့စကားများ သူ
အပေါ် လွန်သွားမှန်း သူသိပါသည်။

သိသော်လည်း သူမနှင့် ပတ်သက်ကာ သူ ဘာကို စိတ်
တိုရမှန်းမသိသောကြောင့် သူ့အမှားကို သူသိသော်လည်း
တမင်ပင် မသိဟန်ပြုထားလိုက်ခြင်း ဖြစ်သည်။

သို့သော်...

ရင်ထဲမှာတော့ ဦးမေအောင်သည် သူမနှင့် ပတ်သက်





ာ တစ်စုံတရာ ထိခိုက်ကြေကွဲ ခံစားနေရသည်ကိုတော့
ဦးမေအောင် သူ့ကိုယ်သူလည်း မညာချင်ပါ။

သို့တိုင်...

သူသည် ထိုအဖြစ်ကိုလည်း ဝန်ခံဖို့ရာ မဝံ့ရဲပါ။

တကယ်တော့ သူသည် သိပ်လှလွန်းသော သူမလေးကို
မ်း အကဲခတ်သလို ဝိုင်းကြည့်ကြသည့် လူပျိုတစ်သိုက်
 အကြည့်ရှုးရှုးများကြောင့် ဦးမေအောင်သည် သူ့ရင်ထဲ
ားချက်များ မထိန်းချုပ်ချင်အောင် မူပျက်သွားရခြင်းဖြစ်
သည်။

အင်း... ပြဿနာတော့ စပြီထင်ပါရဲ့၊ တစ်သက်လုံး
ယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့သော သူသည် သူမလေးကို
ာလေး မြင်ဖူးလိုက်ရုံနှင့် သူမ မျက်နှာလှလှလေးက သူ့
က်ဝန်းထဲ တရစ်ဝဲဝဲ ရှိနေသည်က သူ့အတွက် ကြီးစွာသော
ဿနာပင် မဟုတ်ပါလား...

သည်မိန်းကလေးကို သူသည် ခဏတာ တိုတောင်း
သည့် အချိန်မှာ တွေ့လိုက်ရတာနှင့်ပင် သူ့ရင်မှာ ဒီမျှလောက်
ားသွားရပါသည်ဆိုလျှင် ရှေ့လျှောက် သူမလေးနှင့် သူတစ်
အောက်မှာ အတူနေဖို့ဆိုတာ–



www.burmeseclassic.com

www.burmeseclassic.com



"ဟူး..."

တွေ့မယ်မှ မကြံသေးဘူး၊ မင်းကြောင့် ငါရင်မော

ပါလား မိန်းကလေးရယ်...

ဦးမေအောင်သည် မြင်မြင်ချင်းပင် စိတ်လှုပ်ရှားရသည်

အထိ သူ့ရင်ကို ဆွဲဆောင်နိုင်လွန်းသော ရိုးသားရှင်းသ

သည့် မျက်နှာလေးနှင့် အပြစ်ဆိုရက်စရာမရှိ လှရက်လွ

သော သူမလေးကြောင့် သူ၏ ရင်ခုန်သံတွေ မမှန်တော

သည်မို့ သက်ပြင်းမောများကို ကျိတ်ချရင်းက စိတ်မှာ ည

ညူးစွာ ဆိုညည်းလိုက်မိလေတော့သည်။

* * *



အခန်း (၆)

"ဘယ်လို အန်ကယ်၊ ဘာပြောလိုက်တယ် ရတနာဒီပ

ကနေ ထွက်သွားဖို့ သိုက်က အန်ကယ်ကို ခွင့်ပန်လာတယ်

ဟုတ်လား"

"ဟုတ်တယ်၊ မောင်မေအောင် ဘာကြောင့်ရယ်ဆိုတာ

သူ သေချာမပြောပေမယ့် အန်ကယ် သူ့ကို ဘယ်လိုမှ တား

လို့မရဘူး၊ ကလေးမ ကြည့်ရတာ တစ်ခုခုကို သေချာဆုံး

ဖြတ်ထားပြီးတဲ့ပုံပဲ၊ သူဘာကြောင့် ဒီလို ဖြစ်သွားတယ်ဆိုတာ

အန်ကယ်လဲ စဉ်းစားလို့ မရဘူး"

အန်ကယ် စဉ်းစားလို့ မရပေမယ့် ကျွန်တော် စဉ်းစား

လို့ရပါတယ် အန်ကယ်လို့သာ ဦးမေအောင် ပြောလိုက်ချင်

ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ဦးမေအောင်သည် သိုက် ဘာကြောင့် ရတနာဒီပကနေ ထွက်သွားချင်ရသည်ကို သူ သိနေရသည် မဟုတ်ပါလား။

မှန်သည်။

သိုက်သည် တစ်နေ့က ကိစ္စနှင့် ပတ်သက်ပြီး သူ့အပေါ် စိတ်ဆိုး နာကြည်းသွားပုံရလေ၏။

ထိုရက်ကတည်းက သိုက် မျက်နှာလေးကို သူ မတွေ့ ရတော့သည်ကိုလည်း ဦးမေအောင် သတိထားမိလေ၏။

သို့ပေမယ့် သူကိုယ်တိုင်ကလည်း သူ့အလုပ်ကိစ္စနှင့် သူမို့ သိုက်ကို တစ်နေ့က ကိစ္စနှင့် ပတ်သက်ပြီး တောင်းပန် ရန် ပြင်ထားပေးမယ့် လက်တွေ့မှာတော့ သူမလေးကို သူ မတောင်းပန်ဖြစ်ခဲ့ပါ။

မတောင်းပန်ဖြစ်ဆိုတာထက် သူမလေးကို ထိုသို့ တောင်းပန်ဖို့ရာ သူဝန်လေးနေရသည်ဆိုလျှင် ပို၍ မှန်ပေလိမ့် မည်။

အဘယ်ကြောင့်ဆိုရသော်...

သိုက်ဆိုတာက သူ့အရိပ်ကို လာရောက် မှီတွယ်နေ သည့် မိန်းကလေး၊ ပြီးတော့ သူမဆိုတာက သူမှန်းပါသည် ဆိုသော ဒေါ်တင်မမ၏သမီး၊ ဒီတော့ သူမလေးကို တောင်းပန်ဖို့ဆိုတာ သူ့အတွက် လွယ်မယောင်နှင့် ခက်နေရလေ သည်။

သည်အဖြစ်ကြောင့်လည်း သူသည် သူမလေးကို မ တောင်းပန်ဖြစ်ခဲ့ခြင်း ဖြစ်သည်။

ယခုတော့ သူသည် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက် ထားလို့ မရပါလား...

အကြောင်းမှာ...

သိုက်သည် သူမနည်း သူမဟန်နှင့် ရတနာဒီပကနေ ထွက်ခွာရန် ကြိုးစားလာသောကြောင့် ဖြစ်သည်။

ထိုအဖြစ်ကို ဦးမေအောင်သည် လက်မခံနိုင်ပါ။

သိုက်ဆိုတာက ဖေဖေ့ဆန္ဒ၊ ဖေဖေမှာခဲ့သည် စကား အရ ရတနာဒီပတွင် ခေါ်ထားရမည့် မိန်းကလေး...

သူကိုယ်တိုင်ကလည်း သူမလေးကို မဖြစ်မနေ ရတနာ ဒီပသို့ခေါ်ရန် ဆုံးဖြတ်ထားခဲ့သူ...

သို့သော်...

သူ မခေါ်ရသေးခင်မှာပင် အန်ကယ်သည် သူမလေးကို ရတနာဒီပမှာ ကြိုပြီး ခေါ်ထားနှင့်သည့်အဖြစ်...

သည်အဖြစ်ကို အန်ကယ်ကလည်း သူ့အား ရှင်းပြ ခဲ့ပြီးပြီမို့ ဒါက သူ့အတွက် ပြဿနာ မရှိသေးပါ။







www.burmeseclassic.com

www.burmeseclassic.com



သူသိတာနှင့် မသိတာသာ ကွာမည်။ သိုက်ဆိုသည့် သူမလေးကတော့ ဘယ်လိုနည်းနှင့်ပဲဖြစ်ဖြစ် ရတနာဒီပသို့ ရောက်လာရမည့် သူလေး ဖြစ်သည်။

ထို့ကြောင့် ဦးမေအောင်သည် ထိုကိစ္စနှင့် ပတ်သက်ပြီး အန်ကယ်ကို ဘာမှ မပြောခဲ့တော့ပါ။

ဖေဖေ့ကိုပေးခဲ့သည့် ကတိစကားကို အလေးအနက် ထားကာ ဒေါ်တင်မမ၏ သမီး ဒီမိန်းကလေးကို ရတနာဒီပ သို့ ခေါ်ထားသည့် အန်ကယ်ကိုပင် ဦးမေအောင်မှာ ကျေးဇူး တင်ရမလို ဖြစ်သည်။

ကြည့်လေ...

ဒေါ်တင်မမအပေါ် နာကြည်းမှုဖြင့် ဖေဖေ့စကား ဖေဖေ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်သည့် သူ့ကို အန်ကယ်က သူ့ကိုယ်စားက ဖေဖေ့ဆန္ဒ ဖေဖေ့စကားကို ဖြည့်ဆည်းပေး ခဲ့သည်မို့ ဘာပဲပြောပြော သူ့အနေနှင့် သိုက်ကို ရတနာဒီပ သို့ ခေါ်ထားသည့်ကိစ္စမှာ အန်ကယ်ကိုပင် ကျေးဇူးတင်ရ တော့မည် ဖြစ်သည်။

တကယ်လည်း ဦးမေအောင်သည် သိုက်နှင့် ပတ်သက် လို့ အန်ကယ်ကို ကျေးဇူးတင် စကားပြောခဲ့ပါသည်။

သူ့အနေနှင့်လည်း ဘယ်လိုကြောင့်ပဲ ဖြစ်နေပါစေ





ဖေ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်မို့ စိတ်မှာ တာဝန်တစ် ကျေသွားရသလိုမျိုး ရှိနေကာမှ ယခု မထင်မှတ်ဘဲ သိုက် ည် ရတနာဒီပမှာ ထွက်ခွာရန် ခွင့်ပန်လာသည်ဆိုသော ခါ ဦးမေအောင်သည် ရင်မှာ ဘယ်လိုမှ ဘဝင်မကျနိုင် အောင် ဖြစ်သွားရသည်။

တစ်ဆက်တည်း သူသိလိုက်သည်က သိုက်သည် သူ့အပေါ် နာကျည်း ရှက်ရွံ့မှုဖြင့် ရတနာဒီပမှ ထွက်ခွာရန် ကြိုး စားခြင်းဆိုတာကိုလည်း သူ့ရင်မှာ အလိုလို နားလည် နေရသည်။

ထို့အတူ...

တစ်မိုးအောက်တွင် အတူရှိပါသော သူမလေးသည် သူ့ ရိပ် သူ့အပါးကနေ ထွက်ခွာသွားတော့မည့် အဖြစ်ကိုလည်း ဦးမေအောင်၏ ဦးနှောက်ကရော နှလုံးသားကပါ ဘယ်လိုမှ လက်မခံနိုင်အောင် ရှိနေရသည်။

ခက်လိုက်တာ...

သိပ်ခက်တာပဲ သိုက်ရယ်... မင်းလေးကို ငါ တစ်ကြိမ် ခါမှ မမြင်ဖူး မတွေ့ဖူးလိုက်ရင် သိပ်ကောင်းမှာပဲကွာ... တော့...

"ဟင်း..."



www.burmeseclassic.com

www.burmeseclassic.com



သက်မနှင့်အတူ ဦးမေအောင်သည် သိုက် ရတနာဒီပ ကနေ ထွက်ခွာသွားတော့မည်ဆိုတာနှင့် သူသည် အန်ကယ် ရှေ့မှာပင် ဟန်မဆောင်နိုင်လောက်အောင် မျက်နှာပျက်သွား ရကာ၊ မိန်းကလေး တစ်ယောက်နှင့် ပတ်သက်ပြီး တစ်သက် လုံး ထိန်းလာခဲ့သည့် သူ့ဂုဏ်သိက္ခာကိုလည်း ဂရုမစိုက်နိုင် တော့ဘဲ...

"အန်ကယ်... သိုက်... သိုက် ခု ဘယ်မှာလဲ၊ သူ့ကို ကျွန်တော် တွေ့ချင်တယ်"

သူ့ဘဝတွင် တန်ဖိုးထားရမည့် ရတနာတစ်ပါး ပျောက် ဆုံးသွားတော့မည့်အလား သိုက်နှင့် ပတ်သက်ကာ ဟန်မ ဆောင်နိုင်၊ မျက်စိ မျက်နှာအရမ်းကို ပျက်ယွင်းနေရပါသော တူချော ဦးမေအောင်ကိုကြည့်ပြီး အန်ကယ် ဦးကျော်စွာမှာ ငယ်ရာက ကြီးလာသူပီပီ တစ်စုံတစ်ရာကို နားလည်သဘော ပေါက်သလိုမျိုး အပြုံးတည်တည်နှင့် ပြုံးလိုက်ပြီး–

"ကလေးမ ရှိပါတယ် မောင်မေအောင်၊ ခုချိန်ဆို သူ ရတနာဒီပရဲ့ ပန်းဥယျာဉ်ထဲမှာ ရောက်နေလောက်ရောပေါ့"

ဦးကျော်စွာ၏ စကားပင် မဆုံးလိုက်ရသေးပါ၊ ဦးမေ အောင်၏ ခြေလှမ်းများသည် သိုက်ရှိရာ ရတနာဒီပ၏ ပန်း ဥယျာဉ်ကြီးထဲသို့ လေအလျင်နှယ် မြန်ဆန်သည့် ခြေလှမ်း





အစုံဖြင့် သိုက်ရှိရာသို့ ရောက်ရှိလာခဲ့သည်။

ကြီးမားကျယ်ဝန်းလှသည့် ရတနာဒီပ၏ ပန်းဥယျာဉ် ကြီးထဲတွင် သိုက်ကို သူသည် ရုတ်တရက် ရှာမတွေ့ပါ။

ဟော... တွေ့မည့်တွေ့တော့လည်း သူမလေးကို ရတ နာဒီပ၏ ခြံနောက်ခပ်ကျကျ ကြီးမားလွန်းသည့် ပိတောက်ပင် ခြေရင်းတွင် ဒူးပေါ်သို့ မျက်နှာလေးအပ်လျက် ကိုယ်လေး တသိမ့်သိမ့်တုန်အောင် ကလေးတစ်ယောက်လို ရှိုက်ကာငို နေသော သိုက်ကို ဦးမေအောင် တွေ့လိုက်ရလေသည်။

ရုတ်တရက် ဦးမေအောင်သည် သိုက်အနားသို့ မသွား သေးပါ။

ဒါကလည်း သူမ၏ ငိုရှိုက်သံကို သူ့နှလုံးသားက ကြားနိုင်စွမ်း မရှိသောကြောင့် ဖြစ်သည့်ဆိုတာကို သူ့ကိုယ် သူ သိပါလေ၏။

သိုက်မှာတော့ ဦးမေအောင်၏ ခံစားချက်များကိုလည်း မသိနိုင်ပါ။

သူမ ရင်ထဲတွင် ကြေကွဲဝမ်းနည်း ထိခိုက်ခြင်းများစွာ နှင့် သူတစ်ပါးအိမ်တွင် လာရောက် မှီခိုနေထိုင်ရသူအဖြစ် နှိမ့်ပါးလွန်းသည့် သူမ ဘဝကို သူမတွေးပြီး မျက်ရည်တွေက ပါးပြင်ထက် ဖြိုင်ဖြိုင် စွာသွန်းလို့ မဆုံးနိုင်အောင် ရှိနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မှန်သည်။

သိုက်တစ်ယောက် သူမ ဘဝလေးကို သူမတွေးကာ ရင်မှာ ဝမ်းနည်းကြေကွဲ ထိခိုက်နေရသည် မဟုတ်ပါလား...

တကယ်တော့ သိုက် ဒီလို ဖြစ်မည်ဆိုကလည်း ဖြစ်စရာပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်...

ဦးမေအောင်သည် သိုက်အား နိမ့်ပါးသူအဖြစ်နှင့် အထင်သေး အမြင်သေး ဆက်ဆံလိုက်ပါသည့် တစ်နေ့ကကိစ္စနှင့် ပတ်သက်ပြီး သိုက်ရင်မှာ ရှက်ရွံ့ နာကြည်းမှုဖြင့် ကြေကွဲထိခိုက်စွာ ခံစားနေရခြင်း ဖြစ်သည်။

ဘွားဘွားရယ်...

"သိုက်အဖြစ်ကို ဘွားဘွား မင်လှည့်ပါဦးရှင်... သိုက်လေ ဘွားဘွားစကားကို နားထောင်ခဲ့ပါတယ်။ နားထောင်ခဲ့လို့လည်း ဘွားဘွား နေစေချင်တဲ့ ရတနာဒီပမှာ သိုက်နေခဲ့ပါတယ် ဘွားဘွား... ဒါပေမယ့် ဘွားဘွားရယ်... ဘွားဘွားရဲ့မြေး သိုက်ဟာ ရတနာဒီပမှာ သူများမျက်နှာကို ကြည့်နေရတဲ့ ဘဝနဲ့ သိမ်သိမ်ငယ်ငယ်နေရတယ်။ ရှိနေရတယ်ဆိုတာကိုတော့ ဘွားဘွားသိမှ မဟုတ်သလို။ သိလည်း မသိစေချင့်ပါ





ါဘူးရှင်... "

သိုက်သည် ဒူးပေါ် မျက်နှာလေးအပ်ကာ သည်းသည်းထန်ထန် ငိုရှိုက်ရင်းက ဘွားဘွားကို ရင်မှာ တမ်းတမ်းတတကြီး ခေါ်ညည်းလျက် ရင်မှာ ခံစားရသမျှ စကားကို ကျိတ်ကာ တိုင်တည်နေမိသည်။

"သိုက်ကို ခွင့်လွှတ်ပါ ဘွားဘွား။ သိုက် ဘွားဘွားနေစေချင်တဲ့ ရတနာဒီပမှာ မနေပါရစေနဲ့တော့ ဘွားဘွားရဲ့မြေး သိုက်အပေါ်မှာ အထင်အမြင်သေးတဲ့ သူ့ရဲ့အရိပ်အောက်ကနေ သိုက်ကို ထွက်သွားခွင့်ပြုပါတော့ ဘွားဘွားရယ်...သွားခွင့်ပြုပါတော့...

"ဘဝရဲ့ ရပ်တည်မှုအတွက် သိုက် ဘယ်သူ့ရဲ့ အထင်အမြင် သေးသိမ့်နိမ့်ချ စော်ကားမှုကိုမှ မခံစားပါရစေနဲ့တော့...

"သိုက်... သိုက်လေ ရတနာဒီပမှာ သိမ်ငယ်လွန်းတဲ့ ဘဝနဲ့ မနေပါရစေနဲ့တော့ရှင်...

သိုက်သည် တစ်ချိန်လုံး တင်းခံထားသမျှ ယခုအခါမှာတော့ မဟန်နိုင်တော့သလိုမျိုး ရင်မှာ ခံစားရသမျှ စကားများကို ကျိတ်ကာဆိုညည်းလျက် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျသိုက်နှင့် ခံစားမှုများ ပေါက်ကွဲနေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း သိုက်ကို ထိုသို့ ပေါက်ကွဲမတတ် ခံစားရအောင် လုပ်သူမှာ တခြားသူတော့ဖြင့် မဟုတ်ပါပေ... ရတနာဒီပ၏ အရှင်သခင်ဖြစ်သူ ဦးမေအောင်ဆိုသည့် သူကိုယ်တိုင်ပင် ဖြစ်လေသည်။

မှန်သည်။

ထိုနေ့က အဖြစ်သည့် သိုက်ရင်ထဲ ယခုထက်တိုင် နာကျင်နေရဆဲ ဖြစ်သည်။

သိုက်သည် ဒေါ်ကြီးမှုံခိုင်း၍ ဧည့်သည်များကို ကျွေးရန် ထမင်းပွဲ ပြင်ပြီးသည့်အကြောင်း ထွက်ပြောသည်ကိုပင် ဦးမေအောင်မှာ သူမကို ဧည့်သည်လူပျို တစ်သိုက်ရှေ့တွင် အကြောင်းမရှိ အကြောင်းရှာကာ ထွက်လာသလိုမျိုး သိုက်အား အထင်အမြင်သေး နှိမ့်ချသည့် မျက်ဝန်းများဖြင့် ကြည့်ကာ ဆိုလိုက်သော စကားသံနှင့် သူ့အကြည့်များက သိုက်နားထဲ သိုက် မျက်ဝန်းထဲက မထွက်နိုင်အောင် ရှိနေရသည်။

သိုက်ဘဝတွင် သူမတစ်သက်နှင့် တစ်ကိုယ် ဒီလိုမျိုး သိုက်အား အထင်သေးနှိမ့်ချသည့် အကြည့်နှင့် အပြောမျိုး သိုက်တစ်ခါမှ မခံခဲ့ရဘူးပါ။

ယခု ရတနာဒီပကို ရောက်မှ သိုက်သည် ထိုအဖြစ်မျိုးနှင့် ရင်ဆိုင်ရသည့်အဖြစ်...





ဘွားဘွားဆန္ဒ မေမေ့ဆန္ဒတို့ကြောင့် ရတနာဒီပသို့ ရောက်လာရသော သိုက်ကို ဦးမေအောင်သည် သူ့အရိပ်အောက်တွင် လာရောက် ခိုလှုံနေသည့် မိန်းကလေးအဖြစ်နှင့် အထင်သေး အမြင်သေးရှိကာ သိုက်မာနနှင့် သိက္ခာကို ရစရာမရှိအောင် စော်ကား နှိမ့်ချလိုက်ပုံကတော့ ရှက်တတ်သည့် သိုက်အတွက် သေပစ်ဖို့ပင် ကောင်းနေရတော့သည်။

ကြည့်လေ...

သူ့အပြောနှင့် သူ့အကြည့်က သိုက်အတွက် ဘယ်လောက် အရှက်ရ, ရသည်လဲဆိုတာ...

သိုက်ဆိုတာက ဒီအသက် ဒီအရွယ်ရောက်သည့်အထိ ဘယ်ယောကျ်ားလေး တစ်ဦးတစ်ယောက်ကိုမှ စိတ်ဝင်စား ဂရုစိုက်ခဲ့သူ မဟုတ်ခဲ့ပါ။

ထိုသို့ ယောကျ်ားများကို ဂရုမစိုက် အလေးမထားခဲ့ပါသော သိုက်ကို ဦးမေအောင်သည် သူ့သူငယ်ချင်းများရှေ့တွင် ပြောလိုက်သည့် စကားကတော့ သိုက်ရင်ကို အနာကျင်ဆုံး ဖြစ်ရစေသည်။

သူပြောလိုက်ပုံက သိုက်ကပဲ ယောကျ်ားလေးတွေ့ရင် ပရောပရီနှင့် အရောဝင်ချကာ သူ့သူငယ်ချင်း လူပျိုတစ်သိုက်ရှေ့တွင် သူမသည် အကြောင်းမရှိ အကြောင်းရှာကာ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် ပုံစံမျိုး ပြောလိုက်တာမို့ သိုက် ရင်ထဲတွင် ရှု
ကြောက်စိတ်ဖြင့် နာကျည်း ခံပြင်းနေရလေသည်။

တကယ်တော့ သိုက်သည် သူမဘဝ ရပ်တည်မှုအတွက်
ကြောင့်ဆိုပါက သူ၏ ရတနာဒီပကို ရောက်လာဖို့ရာ
အကြောင်းမရှိပါ။

သို့သော်...

လောကထဲတွင် မရှိတော့ပြီဖြစ်သည့် ဘွားဘွားနှင့်
မေမေဆန္ဒကို သိုက်သည် သမီးတစ်ယောက် မြေးတစ်ယော
အနေနှင့် မလွန်ဆန်ချင်သည်မို့ သိုက်တစ်ယောက် ရတနာဒီ
သို့ ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။

ဒါကိုပင် ဦးမေအောင်သည် သူ့စိတ်ထဲ သူမအား ဘယ်
လိုထင်နေသည် မသိပါ။

သူမကို အားကိုး မှီတွယ်စရာမရှိ။ သူမဘဝကို သူ
မရပ်တည်နိုင်သည့် မိန်းကလေးအဖြစ် ထင်မြင်နေပုံက သူ
ကိုကြည့်သည် သူ့အကြည့်နှင့် သူ့စကားသံများက သက်သေ
ခံနေသည်ပဲလေ...

ဒီလိုမျိုး သိုက်ဘဝကို အထင်အမြင်သေးခံကာ သေး
သိမ် နှိမ့်ချလွန်းသည့် ဘဝနှင့် ရတနာဒီပတွင် ဆက်လက်
ရပ်တည်သွားဖို့ဆိုတာ သိုက်အတွက် ဘယ်လိုမှ မဖြစ်နိုင်





တော့ပါ။

ဖြစ်သည်ထားဦး... သိုက်သည် ထိုအဖြစ်ကို လက်မခံ
လိုတော့... သိုက်ဆိုတာက ဘွားဘွားအရိပ်တွင် ကြီးပြင်းလာ
ခဲ့ရပေမယ့် ငယ်စဉ်ကတည်းက သူမအား သူမကိုးကာ ကိုယ့်
ဘဝကို ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားခဲ့သူ ဖြစ်သည်။

ဖခင်မရှိ မိခင်ပစ်သွားသည့် ဘဝမှာ ကိုယ့်ဘဝ ကိုယ်
ရပ်တည်နိုင်ဖို့ အားငယ်စိတ်များကို ဘေးဖယ်ရင်း ဘွားဘွားရဲ့
အားပေးမှုအောက်မှာ တစ်ယောက်တည်း အံခဲကာ တင်းခံရင်း
လောကကြီးကို သိုက်သည် ရှိသမျှ ခွန်အားလေးနှင့် ရဲရဲ
ရင်ဆိုင်လာခဲ့သူ ဖြစ်သည်။

ဒီလို ခွန်အားတွေနှင့် ရပ်တည်ခဲ့သော သိုက်တွင် သူမ
အတွက် ရှိသင့်ရှိထိုက်သော မာနကလည်း ရှိနေသေးသည်ဆို
တာ ဦးမေအောင် သိမည်မဟုတ်...

ထားတော့... သူသိသည် မသိသည်က အရေးမကြီး
တော့ပါ။

သိုက်သည် ဦးမေအောင်နှင့် ပတ်သက်လို့ ဘာမှမစဉ်း
စားချင်တော့သလို ရတနာဒီပတွင် သေးသိမ် နိမ့်ပါးလွန်းသော
ဘဝနှင့် ရပ်တည်နေပါသော သိုက်ဘဝကိုလည်း သိုက်သည်
ဒီအသိုက်အမြုံအောက်ကနေ ရုန်းထွက်ရန် ဘာဘာ ဦးကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကို ခွင့်ပန်ထားခဲ့ပြီ ဖြစ်သည်။

မှန်သည်။

သိုက်သည် သူမ မပျော်ပိုက်တော့သည် ရတနာဒီပကနေ ထွက်ခွာရန် ဆုံးဖြတ်ထားခဲ့ပြီ ဖြစ်သည်။

သည်ဆုံးဖြတ်ချက်ကြောင့်လည်း သိုက်သည် ရတနာဒီပက ထွက်ခွာရန် အားလုံး ပြင်ဆင်ထားပြီ ဖြစ်သည်။

သိုက် စောင့်စားနေသည့်က ဘဘ ဦးကျော်စွာထံမှ သိုက်အား ရတနာဒီပမှ ထွက်သွားခွင့်ပြုပါသည် ဆိုသော စကားကိုပင် ဖြစ်သည်။

သိုက် မျှော်လင့်သည်က ဘဘ ဦးကျော်စွာသည် သိုက်၏ ခွင့်ပန်စကားကို အလွယ်တကူ ခွင့်ပြု လိုက်လျော့လိမ့်မည်လို့ ထင်ထားခဲ့ပေမယ့် တကယ်လက်တွေ့မှာတော့ ဘဘသည် သိုက်အား အလွယ်တကူနှင့် ခွင့်မပြုခဲ့ပါ။

ခွင့်မပြုသည့်အပြင် ရတနာဒီပက ထွက်ခွာသွားမည်ကိုပင် မကြိုက် နှစ်သက်သလို သိုက်အား ဘာကြောင့် ရတနာဒီပက ထွက်သွားရခြင်းလဲ ဆိုတာကိုသာ မေးလာသော ဘဘစကားကိုကြောင့် သိုက်မှာ ဖြေစရာ အဖြေမရှိခဲ့ပါ။

ဦးမေအောင်က သိုက်မာနနှင့် သိုက်သိက္ခာကို စော်ကားနှိမ့်ချ အထင်သေးလွန်းလို့ပါ ဘဘရယ်ဟု ပြောရအောင်က





လည်း မဖြစ်သေးပြန်...

ဘဘ ဦးကျော်စွာကိုယ်တိုင်က သိုက်ကို ဦးမေအောင်နှင့် ပတ်သက်လာလျှင် သည်းခံဖို့ရာ ကြိုပြီး တောင်းပန်ထားသည်မို့ သိုက်သည် ထိုစကားကို ဘဘ ဦးကျော်စွာအား ပြောဖို့ အင်အားမရှိပါ။

ရှိသည်ထားဦး သိုက်သည် ထိုစကားများကို ဘဘ ဦးကျော်စွာအား ပြောဖြစ်လိမ့်မည် မထင်ပါ။

သိုက်ဆိုတာက ရတနာဒီပတွင် လာရောက် မှီခိုတွယ်ကပ်နေရသည့် မိန်းကလေး...

သိုက်ကိုယ်တိုင်လည်း ရတနာဒီပတွင် ဒီလို သေးသိမ်နှိမ့်ချဘဝဖြင့် နေရမည်လို့ သူမ တစ်သက် ဘယ်တုန်းကမှ မထင်ခဲ့ပါ။

သို့သော်...

မထင်မှတ်ဘဲ ကံကြမ္မာ အလှည့်အပြောင်းတွေက ဆက်တိုက် ကြုံရသောအခါ သိုက်သည် ကံကြမ္မာ၏ စေခိုင်းရာအတိုင်း ကခဲ့ရသည်မှာ သိုက်ဘဝအတွက် ရင်နာစရာများနှင့် ကြုံတွေ့နေရသည့်အဖြစ်...

သည်အဖြစ်ကို သိုက်သည် ဘယ်လိုအင်အားနှင့် လက်ခံနိုင်ရမှာတဲ့လဲ



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်... ဟင့်... ဟင့်... ဘွားဘွားရယ်"

နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းလေး စေ့ကိုက်ကာ ဘယ်လိုပင် တင်းထားပါသည့်ကြားက သိုက်သည် သူမဘဝကို သူမ ဝမ်းနည်း ကြေကွဲရလွန်းသောကြောင့် မျက်ရည်တွေ ပါးပြင်ထက် မစဲနိုင်အောင် ရှိနေရသည်။

သည်အဖြစ်ကို ကြည့်ပြီး ရင်နာရသူက ဦးမေအောင်ပင် ဖြစ်သည်။

မှန်၏။

ဦးမေအောင်သည် ကိုယ်လေး တသိမ့်သိမ့်တုန်လျက် ရှိုက်ကာရှိုက်ကာ ငိုကြွေးနေသော သိုက်ကို ရီဝေစူးရှသော မျက်ဝန်းအစုံနှင့် ငေးစိုက်ကြည့်ရင်းက သူမ၏ ငိုရှိုက်သံသည် သူ့နှလုံးသားကို မခံမရပ်နိုင်အောင် နာကျင်လာစေရသည်။

ဒီအဖြစ်သည် ဘာကြောင့် သူ့ရင်မှာဖြစ်ပေါ် ခံစားလာရတာတဲ့လဲ...

အဖြေကတော့ ရှင်းရှင်းလေး ဖြစ်၏။ သူ သိုက်ကို ချစ်နေသောကြောင့်သာ ဖြစ်ပါသည်။ ဒီအဖြစ်ကို ဦးမေအောင်သည် သူ့ကိုယ်သူလည်း လက်မခံလို့ မရတော့ပါ။

အဘယ်ကြောင့်ဆိုသော်...

ဦးမေအောင်သည် သိုက် သူ့ဘဝက ထွက်သွားမှာကို





သူ့နှလုံးသားက ဘယ်လိုမှ လက်မခံနိုင်အောင် သူမလေးကို သူ့အသက်နှင့် ထပ်တူ မြတ်နိုးတွယ်တာ ချစ်မိနေရပြီ ဖြစ်တော့ပါလား...

ဒီထက်ပို၍လည်း ဦးမေအောင် သူ့ကိုယ်သူ မညာချင် ညာရန်လည်း သူ့တွင် ခွန်အားမရှိ။

သိုက်ကို ချစ်ရပါသည့် သူ့အချစ်များက သူမလေး အပေါ် လေးနက် ခိုင်မာလွန်းနေရသည်မို့ သူ့နှလုံးသွေးများ ကြားရင်းက ချစ်မိနေရပါသော သူမလေးကို သူ့မျက်စိအောက် က အရိပ်အောက်ကနေ ထွက်ခွာခွင့် လုံးဝမပြုနိုင်တော့ဆို တာ ဒင်းလေး သိမှာတဲ့လား...

သိုက်ရယ်...

မင်းလေးကို ငါမြင်မြင်ချင်း ချစ်မိသွားတယ်ဆိုတာ မင်းလေး ယုံပါတော့ဗျာ...

ချစ်သူလေးကို မြတ်နိုးစွဲလမ်း ချစ်မိရပါသောစိတ်ဖြင့် ဦးမေအောင်သည် သိုက်အား မြတ်နိုးမဆုံး ငေးစိုက်ကြည့်ရင်း ကာ သူသည် သိုက်အနားသို့ ရောက်ရှိလာခဲ့သည်။

"သိုက်..."

"အမေ့..."

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



“ရှင်… ဦးမေအောင်”

သိုက်မှာ ရုတ်တရက် သူမ နာမည်ကို ခေါ်လိုက်သ
ကြောင့် လူက ထိတ်လန့်သွားရသလို။ သူမ အကြည့်မှာ
ကလည်း ငိုရှိုက်နေရာမှ ခေါင်းလေးမော့ကာ ဖျတ်ခ
အကြည့်… သူမအနားတွင် ဘယ်အချိန်က ရောက်နေသည်
မသိသော ဦးမေအောင်ကို မထင်မှတ်ဘဲ တွေ့လိုက်ရသော
အခါ သိုက်သည် ထိတ်လန့်မှုဖြင့် မျက်ဝန်းလေး ပြူးကျ
လျက် ရင်ခုန်သံများပင် တဒိတ်ဒိတ်နှင့် ဆောင့်ခုန်မြန်ဆ
သွားရသည်။

“အဟွန်း… ဟွန်း… ဟွန်း… ဟုတ်တယ်၊ ကျ
မေအောင်ပါ၊ ဘာလဲ အမိလေးက ကျုပ်ကိုမြင်လို့ လန့်သွာ
တာလား”

“ရှင်… ဟို… ဟုတ်ကဲ့”

ရီဝေစူးရှသော မျက်ဝန်းတည်တည် စူးစူးကြီးနှင့်
လျက် စိုက်ကြည့်ကာ မေးလာပါသော ဦးမေအောင် စကာ
ကြောင့် သိုက်သည် မျက်လွှာလေးချကာ သူ့အကြည့်များ
ရှောင်လွှဲရင်းက စကားများပင် အယောင်ယောင် အမှားမှ
ဖြစ်သွားရသည်။

ဘုရားရေ…





ကြည့်စမ်းပါဦး… သူ ဦးမေအောင် ဘယ်အချိန်က သူမ
အနားကို သူ ရောက်နေတာပါလိမ့်၊ ပြီးတော့ သူ့အကြည့်…
သူ့အကြည့်တွေက သူမစိတ်ထင်လို့လား… မသိပေမယ့် တစ်
မျိုးကြီး ဖြစ်နေရသည်ကို သိုက် သတိထားမိလိုက်၏။

သို့သော်…

ဦးမေအောင်၏ ထိုအကြည့်နှင့် မျက်ဝန်းကိုလည်း သိုက်
အဓိပ္ပာယ် မဖော်တတ်ပါ။

သိုက်သည် ခေါင်းထဲဝင်လာရသော အတွေးများကို
ယ်ရှားရင်းက သူ့အကြည့်စူးစူးများကို ရှောင်လွှဲရန် ထိုင်
ရာမှ အထ…

“ခဏ နေပါဦး…”

“ရှင်…”

“အဟွန်း မင်းနဲ့ ကျုပ် စကားနည်းနည်း ပြောစရာ
ရှိတယ်၊ ဒါကြောင့် ခဏ ထိုင်ပါဦးလို့ပြောတာ…”

မြတ်စွာဘုရား…

အထူးအဆန်းပါလား…

ထာဝစဉ် မျက်နှာတည်တည် တင်းတင်းကြီးနှင့် တစ်
လောကလုံးကို သူလုပ်ကျွေးထားသည့် ပုံစံနှင့် နေလာတဲ့
သူက… အခုတော့ သူမ တွေ့စကပုံစံ မျက်နှာထားနှင့် တခြား



www.burmeseclassic.com

www.burmeseclassic.com



စိမို့ သိုက်မှာ ဦးမေအောင်ကိုကြည့်ပြီး အံ့သြနေရသည်။

ဒါကို ဦးမေအောင်လည်း သတိထားမိပါသည်။ သူ့အား မျက်နှက်ဝန်း စူးစူးလှလှလေးနှင့် အကဲခတ်သလို လိုက်ကြည့် နေသော သိုက်အကြည့်များကို ဦးမေအောင်သည် အသည်း တယားယားနှင့် မသိဟန်ပြုလိုက်ကာ–

"ကျုပ် တောင်းပန်ပါတယ် သိုက်"

"ရှင်..."

သိုက်သည် ဦးမေအောင် စကားကို ရုတ်တရက်ဆော နားမလည်နိုင်အောင် ရှိသွားရသည်။

ဦးမေအောင်မှာ စကားပြော လောသွားရသည့် အဖြစ်ကို သူသတိရကာ ပြုံးမိသွားရပြီး–

"အဟွန်း... ဆောရီးကွာ၊ မင်း ကျုပ်စကားကို ရုတ်တရက် ဘယ်နားလည်ပါ့မလဲ၊ ကျုပ်ပြောတာကိုက မင်း ကို ဟိုတစ်နေ့က ကိစ္စနဲ့ ပတ်သက်ပြီး တောင်းပန်နေတဲ့ အကြောင်း ပြောနေတာပါ"

ထိုအခါကျမှ သိုက်သည် ဦးမေအောင်စကား၊ ဘာ ဆိုလိုသည်ကို သဘောပေါက်သွားရ၏။

သူ့သူငယ်ချင်းများရှေ့တွင် သိုက်ကို မညှာမတာ ရော ရက်စက်စက်ကြီး ပြောခဲ့ပြီးပါမှ ယခု သူက ထိုကိစ္စနဲ့





ပတ်သက်ပြီး သိုက်ကို တောင်းပန်ပါသည်တဲ့လား...

မထင်ခဲ့ပါ...

ထိုကိစ္စနှင့် ပတ်သက်ပြီး သိုက်ကို သူ့ယခုလို တောင်း ပန်လိမ့်မည်လို့ သိုက် နည်းနည်းမှ မထင်ခဲ့မိပါ။

ယခုတော့ သိုက် မထင်သည့်ကိစ္စကို သူက ပြုလာလေ ပြီ။ သိုက်သိသည့် ဦးမေအောင်ဆိုတာက လူတစ်ယောက်ကို တော်တော်နှင့် တောင်းပန်ခဲ့သည့် လူတစ်ယောက်အဖြစ် သိ ထားခဲ့သမျှ။ ယခုတော့ သိုက်လို သူ့အရိပ်မှာ လာရောက် မှီခို တွယ်ကပ်နေရပါသည့် မိန်းကလေးကို သူ့နှုတ်ဖျားက ကိုယ်တိုင် တောင်းပန်စကား ဆိုလာသည်က အံ့သြစရာပင် ဖြစ်သည်။

သိုက်မှာ မယုံနိုင်သည့် မျက်ဝန်းများဖြင့် သူ့ကို အကြည့်–

"ဘာလဲ ကျုပ်ကို မင်း ဘာကြည့်တာလဲ၊ ဘာလဲ ကျုပ် တောင်းပန်တာကို မင်းက မကျေနပ်ဘူးလား"

သိုက်မှာ အံ့သြရလွန်းသဖြင့် သူ့စကားကို အင်းမလှုပ် အဲမလှုပ်၊ ခေါင်းမညိတ် ခေါင်းမခါ သူ့အား မျက်ဝန်းလေး ပြူးကြောင်ကြောင်နှင့် ဒီအတိုင်းလေး ကြည့်နေတော့၊ ဦးမေအောင်သည် သူမအကြည့်ကြောင့် တစ်သက် အေးစက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည့် သူမ နှလုံးသားလေးက လှိုက်ခနဲ ပူနွေးသွားရသည်။

“ပြောလေ သိုက်... မင်း... ကျုပ် တောင်းပန်တာကို မကျေနပ်ဘူးလားဆိုတာ”

“ဟင့်အင်း... သိုက်...”

“တကယ်တော့ ဒီစကား မင်းကို ကျုပ် အစောကြီးကတည်းက ပြောချင်နေတာဆိုတာ မင်း ယုံပါ သိုက်၊ အဲဒီနေ့က ကျုပ်စကားတွေ မင်းအပေါ် မထင်မှတ်ဘဲ လွန်သွားခဲ့တယ်၊ အဲဒီအတွက်လဲ ကျုပ်ကိုယ် ကျုပ် ခွင့်မလွှတ်နိုင်ခဲ့ဘူး။ မင်းကို ပြောပြီးပြီးချင်းပဲ၊ ကျုပ်ကိုယ် ကျုပ်သိလိုက်တယ်၊ ကျုပ် မင်းအပေါ် သိပ်လွန်သွားပြီဆိုတာ...”

“တော်... တော်ပါတော့ရှင် သိုက်ဘဝကိုက ဒီလိုဖြစ်ဖို့ ကံပါလာတာပဲ၊ သိုက် ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး”

ခေါင်းလေးငုံ့ကာ မျက်လွှာလေးချလျက် ပြောလိုက်ပါသည့် သိုက်အသံလေးက သူမဘဝကို သူမ နာကျင် ကြေကွဲသလိုမျိုး ကွဲအက်တုန်ခါနေရသည်။

ဒါကိုက သိုက်သည် သူမရင်ထဲ တင်းကျပ်နေအောင် ကြေကွဲ ခံစားရသည့်အဖြစ်ကို ဖော်ပြနေသည်ပဲလေ...

ဦးမေအောင် သိုက်ကို အပြစ်မတင်ရက်ပါ။ သူ့အနေနှင့် ထင်ရက်စရာလည်း မရှိ...





သည်အဖြစ်တွေ၏ တရားခံသည် သူသာဖြစ်သလို အပြစ်ကင်းစင်ပါသည့် သူမလေးအပေါ် သူ့ဘက်က လွန်ခဲ့သည်များကလည်း ရှိခဲ့သည် မဟုတ်ပါလား...

သည်တော့ အပြစ်ရှိချင်ရှိ သူ့ဘက်ကသာ အပြစ်ပို ရှိသည်မို့ ဦးမေအောင်သည် သိုက်ကို တောင်းပန်ရုံကလွဲလို့ တခြား မရှိပါ။

“သိုက်...”

သူခေါ်တော့ သိုက်သည် ခေါင်းလေးငုံ့လိုက်ရင်းက မျက်လွှာလေးပင့်လျက် သူ့အား မော့ကြည့်လာလေ၏။

သည်အကြည့်လေး တစ်ချက်ကပင် သူ့နှလုံးသွေးကြောများကို တုန်လှုပ်လာစေရသည်။

“ပြောပါဦး သိုက်၊ ကျုပ်ကို မင်း ခွင့်လွှတ်တယ်... ခွင့်မလွှတ်ဘူးဆိုတာ...”

သိုက်ဘေးတွင် သူသည် ရပ်လျက် သူမ မျက်နှာလေးကို သူသည်အပေါ်မှနေ အုပ်မိုးငုံ့စိုက်ကြည့်ရင်း သိပ်လှလွန်းသော သိုက် မျက်နှာလေးကို အကြည့်လေးများ မလွှဲတမ်းငေးစိုက်ကြည့်ရင်း မေးလိုက်သည်။

“အမှီအခို အတွယ်အတာမဲ့ ရပ်တည်နေတဲ့ သိုက်လို မိန်းကလေးတစ်ယောက်ရဲ့ ခွင့်လွှတ်တယ်၊ ခွင့်မလွှတ်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စကားက ဦးမေအောင်လို ရတနာဒီပ အရှင်သခင် တ
ယောက်အတွက် အသုံးဝင်မှာ မဟုတ်ပါဘူး၊ ပြီးတော့ သို
ဆုံးဖြတ်ပြီးသွားပါပြီ ဦးမေအောင်...”

“ဘာကို ဆုံးဖြတ်ပြီးတာလဲ၊ သိုက်... မင်း ဘာ
ဆုံးဖြတ်ပြီးတာလဲ...”

သူမကိုယ်သူမ အရမ်းကို ရိုးကျိုးနှိမ့်ချ သိမ်ငယ်
ပြောနေပါသော သိုက် စကားကြောင့် ဦးမေအောင် လူ
ကြီးမှာ ဟန်မဆောင်နိုင်အောင် မျက်နှာပျက်သွားရသ
သိုက်မျက်နှာ လှလှလေးထက်တွင် တစ်စုံတရာကို ဆုံးဖြ
ပြီးထားဟန်နှင့် ပြောလိုက်ပါသည့် စကားများကြောင့် ဦး
အောင် ရင်ဝယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေ၏။

“ပြောစမ်း သိုက်၊ မင်း စောစောက ဆုံးဖြတ်ပြီးသွာ
ပါပြီဆိုတဲ့ စကားက ဘာလဲဆိုတာ”

ဦးမေအောင်မှာ သူ့ရင်ထဲ သည်အကြောင်းအရာကို
သူသည် စိတ်မှာ အလောတကြီး မေးလိုက်သည်။

သိုက်သည် သူ့ကိုမကြည့်ဘဲ သက်မလေး တစ်ချ
ချလိုက်ရင်းက–

“သိုက် ဆုံးဖြတ်ပြီးတယ်ဆိုတာ တခြား မဟုတ်ပါ
ဦးမေအောင်၊ သိုက် ရတနာဒီပက ထွက်သွားဖို့ပါ”





“ဘာ...”

“မင်း ဘာပြောတယ် သိုက် ပြန်ပြောစမ်း၊ အဟွန်း...
မင်းက တကယ်ပဲ ရတနာဒီပက ထွက်သွားဖို့ ကြိုးစားနေ
တာကို မရဘူး သိုက်၊ မရဘူး မင်း... မင်း... ရတနာဒီပကို
ကျောခိုင်းဖို့ မင်း ဘယ်တော့မှ မကြိုးစားနဲ့၊ ဒီအဖြစ်ကို ငါ
ခွင့်မပြုနိုင်ဘူး ခွင့်လဲမပြုဘူး၊ မင်းဟာ ရတနာဒီပမှာ မရှိ
မဖြစ်ရှိနေရမယ့် မိန်းကလေးဆိုတာ မင်း သိထားရမယ်၊
သိုက် သိထားရမယ်”

ဘုရားရေ...

ဦးမေအောင် သူ ဘာတွေပြောနေတာပါလိမ့်၊ မျက်နှာ
ကြီး တည်တင်းခက်ထန်ကာ မျက်ခုံးကြီး တွန့်ကြုတ်လျက်က
သိုက် ပခုံးလေးနှစ်ဖက်ကို သူ့လက်အစုံနှင့် တင်းတင်းကြီး
ဆုပ်ကိုင်ကာ သိုက်အား အားမလိုအားမရဟန် မျက်နှာထား
ကြီးနှင့် မေးလာသော ဦးမေအောင်ကို သိုက်သည် နားမလည်
တော့ပါ။

နားလည်ရန်လည်း သိုက် မကြိုးစားချင်တော့–

ထို့ကြောင့် သူမ ပခုံးလေးကို ဆုပ်ကိုင်ထားသည့်
ဦးမေအောင် လက်များကို မျက်နှာရဲရဲလေးဖြင့် ဖယ်ရှားလိုက်
လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်… လွှတ်… လွှတ်ပါ"

ကြည်လင် ရှင်းသန့်သော မျက်နှာလေးကို ခပ်မော့မော့ထားလျက် သူ့လက်တွင်းမှ ရုန်းထွက်နေပါသော သိုက်ကို ဦးမေအောင်သည် အကြည့်များ မလွဲတမ်း ငေးစိုက်ကြည့်ရင်း–

"မင်း… မင်း ဘယ်လိုမှ မသွားရဘူး သိုက်၊ သွားခွင့်လဲ ငါမပြုနိုင်ဘူး"

ဦးမေအောင် စကားကြောင့် သိုက်မျက်နှာ လှလှလေးမှာ တင်းခနဲ ဖြစ်သွားရလေ၏။

"သိုက်ကို ရှင် ချုပ်ချယ်ဖို့ မကြိုးစားပါနဲ့ ဦးမေအောင်"

"ချုပ်ချယ်တာ မဟုတ်ဘူး သိုက်၊ မင်းကို ကျုပ်တားနေတာ"

"အို… တားရအောင် ရှင်နဲ့သိုက် ဘာဆိုလို့လဲ"

သိုက် စကားကြောင့် ဦးမေအောင်၏ အကြည့်စူးစူးများက သိုက်ထံသို့ ခပ်စိုက်စိုက်လေး ရောက်ရှိလာရပြီး–

"ကျုပ်ကလဲ ဆိုင်တယ်လို့ မပြောရပါလား သိုက်၊ မင်းကို ကျုပ်တားတယ်ဆိုတာ ဖေဖေ့ဆန္ဒ၊ ပြီးတော့ မင်းမေမေ့ရဲ့ဆန္ဒ ဒါတွေကို သတိရပြီး တားနေတာ"

ဦးမေအောင်မှာ သိုက်နှင့် ပတ်သက်ကာ သူ့ရင်ထဲ





ပြောင်းလဲနေရသည့် သူ့ခံစားချက်များကို သူမလေးအား ယခုထက်တိုင် ဝန်ခံဖို့ရာ ဝန်လေးနေသည့်မို့ သူ့ခံစားမှုကို ဟန်ဆောင်ဖုံးကွယ်ကာ ပြောလိုက်သည်။

"အခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ် ဦးမေအောင် ဒါပေမဲ့ သိုက်ဘဝကို သိုက် ရတနာဒီပမှာ ဆက်လက် ရပ်တည်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး၊ သိုက်ရဲ့မာနနဲ့ သိက္ခာကိုလဲ ဒီထက်ပိုပြီး အစော်ကား မခံပါရစေနဲ့တော့၊ သိုက်… သိုက် သွားပါတော့မယ်"

ကော့ညွတ် ရှည်လျားသော မျက်တောင်ရှည်များကို တဖျတ်ဖျတ် ခါထုတ်ရင်းက နက်မှောင်ကြည်စင်သည့် မျက်ဝန်းလေးကို တခြားသို့ပို့ကာ စကားအဆုံး နေရာမှ ချာခနဲ ထွက်သွားရန်ပြင်တော့၊ ဦးမေအောင်၏ လျင်မြန်ဖျတ်လတ်သော လက်အစုံသည် သိုက် လက်မောင်းလေး တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ရာ အရှိန်လွန်အားပါသွားရမှုကြောင့် သိုက် ကိုယ်နွေးနွေးလေးသည် အရှိန်ဖြင့် လည်ထွက်သွားရကာ သူမကိုယ်သူမ မထိန်းနိုင်တော့ဘဲ ဦးမေအောင်၏ ရင်ခွင်ကျယ်ကြီးထဲကို ထွေးခနဲ ပစ်ကျသွားရလေသည်။

"အွန့်…"

"အို…"



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက်မှာတော့ နှစ်ဦးသား အတွေ့နွေးနွေးမှာ စကားမဆိုနိုင်ဘဲ မှင်တက်သွားရလေ၏။

သို့သော်...

မကြာလိုက်ပါ၊ သိုက်သည် ချက်ချင်းဆိုသလိုပင် ဦးမေအောင် ရင်ခွင်ကျယ်ကြီးထဲမှ သူမကိုယ်လေးကို ရှက်မျက်နှာရဲရဲလေးနှင့် ရုန်းထွက်လိုက်လေသည်။

"လွှတ်... လွှတ်ပါ"

သိုက်မှာ ဦးမေအောင်မျက်နှာ ချောချောကြီးကိုလည်း မကြည့်ရဲတော့–

နီရဲတောက်ပနေသော နှင်းဆီနီလေးအလား ရှိနေရသည့် ရှက်သွေးစိုနေရသော ရှက်မျက်နှာ ရဲရဲလှလှလေးနှင့်သာ သူမကိုယ်လေးကို ဦးမေအောင် ရင်ခွင်ထဲမှ အားရှိသလောက် ရုန်းထွက်နေတော့၏။

"အို... လွှတ်... လွှတ်ပါဆို"

သိုက် ဘယ်လိုပင် ရုန်းထွက်နေပါစေ၊ ဦးမေအောင် လူချောကြီးကတော့ဖြင့် သိုက်အား သူ့ရင်ခွင်ထဲက လွှတ်မပေးတော့–

သူမလေးနှင့် သူ၏ တွေ့ဆုံမှုသည် ဘာမှမကြာလိုက်ဆိုပေမယ့် သူ့ရင်တွင် သိုက်အပေါ် ဖြစ်တည်နေရပါသည့်





အချစ်များကတော့ ရင်မှာ ခိုင်မာလေးနက် ငြိတွယ်နေရပြီမို့ ဦးမေအောင် သူ့နှလုံးသားကို သူဆက်လက် မညာနိုင်စွမ်း ရှိတော့ပါပေ။

သူ့ရင်ခွင်ထဲတွင် ရှက်သွေးဖြာကာ အရမ်းကို လှလွန်းနေရပါသည့် ဝင်းပမှုန်စက် အိထွေးနေပါသော သိုက် မျက်နှာလှလှလေးကိုသာ ဦးမေအောင်သည် လှိုက်ဖိုတုန်ယင်သော ရင်အစုံဖြင့် ငေးစိုက်ကြည့်ရင်းက ရင်ထဲတွင် သူမလေးအပေါ် မြတ်နိုးခြင်း တွယ်တာခြင်း ချစ်ခြင်းများစွာနှင့် အကြင်နာတွေက တားဆီးလို့ မရနိုင်တော့အောင် သူ့နှလုံးသားမှာ ဆို့ဖိတ်နေရသည်မှာ ရင်နှင့်အပြည့်ဆိုတာ သူမလေး သိမှာလား...

"သိုက်..."

"ဟင့်အင်း..."

"ဟောဗျာ... အဟွန်း... ဟွန်း... ဟွန်း..."

သူမှ ဘာစကားမှ မပြောရသေး သိုက်သည် ရဲပနီမြန်းနေသော ရှက်မျက်နှာလှလှလေးနှင့် ခေါင်းလေးကို ဘယ်ညာခါမ်း ငြင်းဆန်နေတာမို့ ဦးမေအောင်မှာ သူမလေး၏ ကလေးဆန်မှုအတွက် ရင်မှာကြည်နူး ကြည်မွေ့မှုဖြင့် မြတ်နိုးမဆုံး ဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရယ်သံကြောင့် သိုက်မှာ အရမ်းကို ရှက်သွားရသည်မို့ သူ့ရင်ခွင်ထဲတွင် ခေါင်းမဖော်ရဲတော့ပါ။

ကြည့်စမ်းပါဦး ... ဒီလူ ဘယ်လို လူကြီးပါလိမ့်...

သိုက်နှင့် သူဆိုတာက တစ်ယောက်နှင့်တစ်ယောက် ဘာမှလည်း မဟုတ်ပါဘဲ သိုက်ကို သူ့ရင်ခွင်ထဲမှာ တင်းတင်းကြီး ပွေ့ဖက်ထားသည်ကတော့ လွန်လွန်းနေရပြီဖြစ်သည်။

တကယ်ဆို သိုက် သူ့ရင်ခွင်ထဲက ဒီလောက် ရုန်းထွက်နေတာကို သူ့အနေဖြင့် သိုက်ကို လွှတ်ပေးဖို့ ကောင်းပါသည်။ ယခုတော့ သူသည် သိုက်ကို လွှတ်မပေးသည့်အပြင် သိုက်မျက်နှာအား အပြုံးချောချောကြီးနှင့် ကြည့်ရင်းက သိုက်ကိုယ်လေးကို သူ့ရင်ခွင်မှာ ပို၍ တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်လာသောအခါ သိုက် အပျိုစင်လေးခမျာ သူ့ရင်ခွင်ထဲ မလူးသာ မလွန့်သာနှင့် လူက မွန်းကြပ်နေရတော့သည်။

"ဦးမေအောင် ရှင် ... ရှင် ... လွှတ်လို့ပြောနေတာ မဟုတ်လား"

"မလွှတ်ဘူး ..."

"ဘာရှင့် ..."

"အဟွန်း ... သိုက်ကို မောင် မလွှတ်တော့ဘူးလို့ ပြောတာ"





"အို ..."

မွှေးညင်း စိမ်းနုလေးများ ထနေပါသည့် ဝင်းဝင်းပပနှင့် သိပ်လှလွန်းနေရသော သိုက် မျက်နှာလှလှလေးနား သူ့မျက်နှာချောချောကြီး တိုးကပ်ရင်းက သူ့ကိုယ်သူ မောင်ပါဟု ထည့်ပြောကာ သိုက်ကိုယ်လေးအား တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်လာသည့် ဦးမေအောင်ကြောင့် သိုက် အသက်ရှူနှုန်းများပင် ရပ်တန့်မတတ် ဖြစ်သွားရသည်။

ဘုရား ... ဘုရား ...

ဘာတွေ ဘယ်လိုဖြစ်ကုန်တာပါလိမ့် ... ဦးမေအောင် သူ ... သူ သိုက်ကို ဘာတွေပြောနေတာပါလိမ့် ... သူ့စကား သူရော ဦးမေအောင် သတိမှထားမိပါရဲ့လား မသိပါ။

သိုက်မှာတော့ ရှက်ကြောက်စိတ်များဖြင့် ရင်ခုန်သံတွေ မမှန်တော့သလို၊ စိတ်လှုပ်ရှားရလွန်းသောကြောင့် ခြေဖျားလက်ဖျားတွေ အေးစက်လျက် လူက သွေးခဲမတတ် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ရှိနေရတော့၏။

ဦးမေအောင်မှာ သူ့ရင်ခွင်ထဲတွင် တဆတ်ဆတ် တုန်နေပါသည့် သိုက် ကိုယ်လေးကို သတိထားမိတော့ ရင်မှာ ချစ်သူလေး၏ ဖြူစင်ရိုးသားမှုအတွက် မြတ်နိုးမဆုံး အချစ်များ တိုးသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိုက် ..."

"ဟင့်အင်း ...ဟင့်အင်း ... ရှင် ...ရှင် သိုက်ကိုမခေါ်နဲ့၊ လွှတ် ...သိုက်ကို လွှတ်ပါ"

"ဟောဗျာ ... သိုက်မှာ နာမည်ရှိတာ သိုက်နာမည်ကို မောင်က ခေါ်ရရင် ခင်ဗျားလေးကို ဒီကောင်က ဘယ်လိုခေါ်ရမှာလဲ ပြောပါဦး"

ပြုံးစစ မျက်နှာချောချောကြီးနှင့် သိုက် မျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်ကာ ဆိုလာပါသည့် ဦးမေအောင်စကားကြောင့် သိုက်သည် မနေတတ်အောင် ဖြစ်သွားရကာ–

"အို ... မသိဘူး မသိဘူး၊ သိုက်ကို လွှတ်ပါတော့"

"သိုက်ကို မောင်ချစ်တယ်"

"ဟင် ..."

သိုက်မှ သူမလုံးဝ မထင်မှတ်မထားသည့် စကားကို ကြားလိုက်ရသဖြင့် အံ့သြမှုနှင့်အတူ လူက ထိတ်လန့်သွားရလေသည်။

မယုံနိုင်စရာပါပဲလားနော် ...

ဒီအသက် ဒီအရွယ်အထိ ဘယ်မိန်းမတစ်ယောက်ကိုမှ စိတ်မဝင်စားပါဆိုသော လူက သိုက်ကို ချစ်ပါသည်ဆိုပါလား ...





အိုကွယ် ...

သိုက် သိုက် ဘယ်လိုမှမထင်တဲ့ အဖြစ်တွေပါလား ... သိုက်ကို ဦးမေအောင်က ချစ်သည်တဲ့ ...

ဒီစကား သိုက် ဘယ်လိုအင်အားနှင့် ယုံကြည်ရမှာတဲ့လဲ ...

သိုက်ဆိုသည့် သူမကို ရတနာဒီပကို ခေါ်ဖို့ပင် မကြည်ဖြူ မလိုလားသည့်လူက အခု သိုက်ကို ချစ်သည်ဆိုပါလား ...

ဒါဟာ အိပ်မက် သိုက် အိပ်မက်မက်နေတော့ မဖြစ်နိုင်ပါ ...

အတွေးနှင့် သိုက်သည် ဦးမေအောင်ထံမှ သူမ ကြားရသည့် စကားများကို မယုံကြည်သလိုမျိုး သူမ လက်ဖမိုးလေးကို လက်လေးနှင့် ဆွဲအဆိတ်–

"အား ..."

နာကျင်မှုကို သိုက်သည် စိတ်ထဲမှာသာ ကျိတ်အောင့်သိုက်သည်။

ကြည့်စမ်း ...

ဒါ တကယ်ပဲလား ... ဒါဖြင့် သူ သိုက်ကို တကယ်ပဲ ချစ်ရေးဆိုနေသည်ပေါ့။

"အို ..."



www.burmeseclassic.com

www.burmeseclassic.com



သိုက်တစ်ယောက် နှုတ်မှသာ တအိုအိုနှင့် ဆိုညည်း
လိုက်ပါတော့သည်။

အဘယ်ကြောင့်ဆိုသော် ...

ဦးမေအောင်သည် သိုက်ကိုယ်လေးအား သူနှင့်ရင်ခွ
အပ်မတတ် ဆွဲဖက်ထားသည်မှာ သိုက်အသက်ရှူလို့
မရနိုင်တော့ပြီ ဖြစ်သည်။

"တကယ်ပါ သိုက်၊ မောင် သိုက်ကို တကယ်
တာပါ၊ သိုက်နဲ့မောင် ဆုံတွေ့မှုအချိန်က မကြာသေးဘူ
ပေမယ့် သိုက်ကိုချစ်တဲ့ မောင့်ရင်ထဲက အချစ်ကတော့ ဘ
အရာနဲ့မှ နှိုင်းယှဉ်ပြလို့ မရအောင် သိပ်ချစ်နေရတယ်ဆို
သိုက် ယုံပါ"

ယုံပါတဲ့ ...

သိုက် ဘာကို ယုံရမှာတဲ့လဲ ...

သူ့အချစ်ကို သိုက်က ယုံကြည်ပေးရမှာတဲ့လား
ဟင့်အင်း ... မဖြစ်နိုင်ပါ ... သိုက်ကို ချစ်ပါသည်ဆို
သူ့စကားကို သိုက်က အလွယ်တကူ ယုံကြည်ပေးရမည်
လား

"မောင့်ဘဝမှာ မင်းမရှိလို့ မဖြစ်ဘူး သိုက်၊ သိုက်
မောင် သိပ်ချစ်တယ်၊ မင်းသာ မောင့်အနားမှ မရှိရင် မော





ဘဝဟာလဲ ဘယ်လိုမှ ရပ်တည်လို့ရမှာ မဟုတ်ဘူး၊ ဒါကို
မင်း နားလည်ရမယ် သိုက်၊ မောင့်ကို မင်းနားလည်ပေးရမယ်"

အလို ... ဘုရားရေ ...

မိန်းကလေး တစ်ယောက်ကို ချစ်ရေးဆိုသည့် လူက
လည်း ခုပဲ ထရိုက်တော့မည့်ပုံစံ၊ ဒီလိုပုံစံနှင့် မိန်းကလေး
တစ်ယောက်ကို ချစ်ရေးဆိုရမည့်လို့ သူ့ကို ဘယ်သူကများ
သင်ထားခဲ့ပါလိမ့် ...

မုန်းလိုက်တာနော် ...

ဘယ်လိုလူ့ခွစာနဲ့ လာဆုံနေရတာပါလိမ့် ... ဒါကြောင့်
လည်း ဒီလူ လူပျိုကြီးဘဝ မကျွတ်ဘဲ ရှိနေတာဖြစ်မည်။
တကယ်ဆို ကိုယ်ချစ်ပါသည်ဆိုသော မိန်းကလေး တစ်
ယောက်ကို နူးနူးညံ့ညံ့ ညင်ညင်သာသာနှင့် ချိုကြည်သည့်
စကားများကို တစ်ဖက်လူ နားဝင်အောင် ပြောရမည်ဆိုတာ
ကိုတော့ သူသိသင့်ပါသည်။

အခုတော့ သိုက်အား ချစ်ပါသည် ပြောနေသည့် သူ့
ပုံစံက လူကရှုတည်တည်ကြီးနှင့် သူ့ကိုမှ သူမဘက်က ချစ်
ခွင့်ဖြေ မပေးရသေးခင် သူ့သဘော သူ့ဆန္ဒ တစ်ခုတည်းနှင့်
သိုက်အား သူပိုင်သည့် ချစ်သူရည်းစား တစ်ယောက်လို ပိုင်
စိုးပိုင်နင်း ပွေ့ဖက်ထားသည့်ကတော့ သိပ်ကိုလွန်လွန်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုပါရင် အတွေ့အကြုံမရှိသည့် အပျိုစင်လေး သိုက်ခမျာ သူ့အပြုအမူကြောင့် ဘယ်လောက်ရှက်နေရှာမည် လဲဆိုတာတော့ သူတွေးပေးဖို့ ကောင်းပါသည်။

ခုတော့ သူမဘက်ကို ထိုသို့ တွေးပေးဖို့ နေနေသာသာ သိုက်ကိုပင် သူ့ချစ်စကား ပြောနေပုံကြီးက သူ့ကို ပြန်မချစ် ရင်ဘဲ သိုက်အပေါ် စိတ်ဆိုးမာန်ဆိုး ဖြစ်မည့်ပုံ–

သိုက်မှာ သူလိုချင်တာ သူပိုင်ဆိုချင်တာကို တစ်ဖွတ် ထိုးဆန်ဆန် ပြုမူချင်သည့် ဦးမေအောင်ကို ယခင် နာကျည်းမှု ဖြင့် အမုန်းစိတ်ခံလေးနှင့် သူ့အား ကြည့်မရချင်တော့သည်မို့ နီရဲနေထွေးသော ဖူးဥစိုအိနေရသည့် နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းလေး စေ့လိုက်ရင်းက မျက်နှာထား တည်တည်တင်း တင်းလေးနှင့် သူ့ကိုလည်း မကြည့်တော့ပါဘဲ–

"ဦးမေအောင် ရှင်နော်၊ ဘယ်လိုဖြစ်နေတာလဲ၊ သိုက် ကို လွတ်ပါလို့ ပြောနေတယ် မဟုတ်ဘူးလား၊ ဘာလဲ ရှင်က ရှင့်အရိပ်မှာ လာခိုရတဲ့ သူဆိုပြီး သိုက်အပေါ် ဒီအခွင့်အရေး ယူလိုက်တာပေါ့လေ ဟုတ်လား"

"ဘာပြောတယ် သိုက်၊ မင်း ပြန်ပြောစမ်း၊ မောင့်ကို မင်း ... မင်း ... ဘာကြောင့် ဒီလိုပြောရတာလဲ၊ မင်းမောင့် အချစ်ကို အထင်သေးလှချည်းလားဟင် ... မောင်မင်းကို ချစ်





တာ အခွင့်အရေးယူတာ မဟုတ်ဘူး၊ မောင့်နှလုံးသားမှာ မြတ်မြတ်နိုးနိုး ဖြစ်ပေါ်လာတဲ့အချစ်၊ အဲဒီအချစ်ကို မင်း ဘာဖြစ်လို့ နားမလည်ရတာလဲ သိုက်၊ ပြောစမ်း မင်းဘာလို့ နားမလည်ရတာလဲ"

ဦးမေအောင်မှာ သူ့အချစ်ကို သိုက် ဒီလိုမျိုးထင်ရ ကောင်းလားဆိုကာ လူက မျက်နှာထား တည်တည်ကြီးနှင့် ရူးရူးရားရား ဖြစ်လာရပြီး၊ သူ့ရင်ခွင်ထဲမှ သိုက်ကိုယ်လေးကို ချင့်မရဲ အသည်းတယားယား မာနကြီးနှင့် ဖျစ်ညှစ်ပစ်လိုက် တော့ သိုက်ခမျာ ခြေဖျားလေးထောက်မိ သွားရသည်အထိ ကိုယ်လေး ကော့တက်သွားရလေသည်။

"အို ... ဦးမေအောင် ရှင် ... ရှင် ... ဘယ်လိုလုပ်လိုက် တာလဲ"

"အဟွန်း ... ဟွန်း ... ကျုပ်အချစ်ကို မယုံတဲ့ ခင်ဗျား လေးကို ယုံအောင် ကျုပ် ချစ်သက်သေပြမလို့ သိုက်"

မျက်နှာထား တည်တည်ကြီးနှင့် ခပ်တည်တည်ကြီးဆို လာသည့် ဦးမေအောင် စကားကြောင့် သိုက်ခမျာ မျက်နှာ လေး ဖြူဖျော့သွားရသည်အထိ ကြောက်စိတ်များ ဖြစ်သွားရ ပြီး–

"ရှင် ... ရှင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း ... ဘယ်လိုလဲ ဘာမှတောင် မလုပ်ရသေးဘူး၊ သိပ်ကြောက်နေပြီးလား"

အကြောစိမ်းလေးများ ယှက်ဖြာနေရသည့် လည်တိုင်ဝင်းဝင်းလေးကို ဦးမေအောင်သည် သူ့နှုတ်ခမ်းနှင့် ဖိကပ်ကာ ပြောတော့ သိုက် အသက်ရှူဖို့ပင် မေ့သွားရသည်။

"ချစ်တယ် သိုက်ရယ်၊ သိပ်ချစ်တယ် မင်း မောင့်ရင်ခွင် မောင့်အရိပ်အောက်ကနေပြီး ထွက်သွားဖို့ မောင် ဘယ်လိုမှ ခွင့်မပြုနိုင်ဘူး၊ မင်းကို ... မင်းကို မောင်အမြန်ဆုံး လက်ထပ်မယ်"

"အို ..."

သူ့ဘာသာသူ ချစ်စကားတွေပြော သူ့ဘာသာ ဆုံးဖြတ်ရုံသာမက၊ သိုက်ကို အမြန်ဆုံး လက်ထပ်ပါမည်ဆိုသော သူ့ထံမှ ပြတ်သားလွန်းသည့် စကားကြောင့် သိုက် နှုတ်ခမ်းလေး ဖွင့်ဟသွားရတဲ့ အံ့သြသွားရလေသည်။

အံ့သြမှုနှင့် သိုက်သည် ဦးမေအောင်ကိုအကြည့် ဦးမေအောင်သည်လည်း သိုက်အား တည်ငြိမ်လေးနက်စွာ ကြည့်လာလေသည်။

သိုက်ကို ကြည့်လာပါသည့် ဦးမေအောင်၏ အကြည့်ထဲတွင် သိုက်အပေါ် သူသည် လေးလေးနက်နက်နှင့် တစ်ခုံ





ဘရာကို ပြတ်သားစွာ ဆုံးဖြတ်ထားပြီးသည့် အသွင်-

ဦးမေအောင်၏ ထိုကဲ့သို့ ပြတ်သားလွန်းသည့် အသွင်ကြောင့် သိုက်ပင် ကြက်သီးလေးများ ဖြန်းဖြန်းထသွားရသည်။

"မောင် တကယ်ပြောတာ သိုက်၊ သိုက်ကို မောင်ပိုင်ဆိုင်ရမှ ဖြစ်မယ်၊ ဟုတ်တယ်၊ သိုက်ကို မောင် အမြန်ဆုံးပိုင်ဆိုင်ရမှ ဖြစ်မယ်၊ သိုက်ကို မောင် မခွဲနိုင်တော့ဘူး၊ သိပ်ချစ်တယ် သိုက်ရယ်"

"အို ..."

"ဦးမေအောင် ..."

"ရှင်နော် ..."

"အို ... အို ..."

အပျိုစင် နုနုထွေးထွေးလေး သိုက်မှာ ဦးမေအောင်အား ဒီထက်ပို၍ မဆိုနိုင်ပါတော့ ...

အကြောင်းမှာ ...

သိုက် ချစ်ရပါသော သူ့အကြည့်များက သူ့နှလုံးသွေးကြောအနှံ့ စီးဝင်နစ်မြော သွားရလေသောအခါ ဦးမေအောင်သည် သူ့၏အချစ်များ မျိုသိပ် ထိန်းသိမ်းနိုင်စွမ်း မရှိတော့သလိုမျိုး သူမလေးအပေါ် ချစ်ရပါသည့် သူ့အချစ်များမှာ



www.burmeseclassic.com

www.burmeseclassic.com



အရှိန်အဟုန်ကြီးစွာဖြင့် ပေါက်ကွဲသွားရသည်မှာ သိုက်သည် သူ့ရင်ခွင်ထဲတွင် ဘာစကားမှ မဆိုနိုင်အောင် မွတ်သိပ်လွန်းသည့် သူ့၏ချစ်အနမ်းများကြားတွင် မူးမူးမေ့မေ့ ဖြစ်သွားရသည် မဟုတ်ပါလား။

* * *

သိန်းမင်းစာပေ

အခန်း (၇)

ယခုတလော ရင်ဝယ် နေမထိ ထိုင်မသာ ခံရခက်ခက်နှင့် ဖြစ်နေရသူက ဦးမေအောင် ဖြစ်လေ၏။

မှန်သည်။

သူ ထိုသို့ ဖြစ်ရသည်က သိုက်ဆိုသော မိန်းမချောလေးကြောင့်ပင် ဖြစ်သည်။

သိုက်ကို သူသည် ချစ်စကားဆိုကာ လက်ထပ်ခွင့်တောင်းထားပြီးကတည်းက သိုက်သည် သူ့အား သိသိသာသာပင် ရှောင်ဖယ်နေသည်ကို ဦးမေအောင် သတိထားမိတော့ရင်မှာ မချင့်မရဲကြီး ဖြစ်ရလေတော့သည်။

အစကတော့ ဦးမေအောင်သည်လည်း သူမ၏ ရှောင်ဖယ်နေမှုများကို သတိမထားမိသေးပါ။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူ့ကို အရိပ်လေးမျှပင် အမြင်မခံဘဲ အနားကနေ လှစ်လှစ်ပါအောင် ရှောင်ဖယ်သွားတတ်သည့် သိုက်၏ အပြု အမူလေးများကို ဦးမေအောင် သတိထားမိလာတော့ သူ့ နှလုံးသားမှာ အခံရခက် လာရလေတော့သည်။

သူမလေး သူ့ကို ဘယ်လိုပုံစံ ဘယ်အချိုးမျိုးနဲ့ ရှောင် နေတာပါလိမ့် ...

သူ့မှာတော့ ချစ်သူမျက်နှာလေးကို မြင်ချင်တွေ့ချင် လွန်းလို့ အလုပ်ကို သွားသည့်အချိန်မှလွဲပြီး အိမ်တွင် မြဲနေ ရသလို... သူမအရိပ်လေးကို သူ မြင်ခွင့်မရခဲ့သည့်အဖြစ်...

တစ်မိုးအောက်ထဲမှာ ချစ်သူလေးနှင့်အတူ ရှိနေပါရက် နှင့် သူ တွေ့ချင်မြင်ချင်သည့် ချစ်သူမျက်နှာ... ချစ်သူ၏အရိပ် ကိုမြင်တွေ့ခွင့် မရသည့်အဖြစ်က... ဦးမေအောင်၏နှလုံးသား ကို နာကျင်စေရုံမျှမက အခံရလည်း ခက်စေရပါသည်။

ဒီအဖြစ်က သူ့အတွက် တစ်ရက်လည်း မဟုတ်၊ နှစ် ရက်လည်း မဟုတ်၊ ရက်လေးများ ဆက်လာသည့်အခါမှာ တော့ ဦးမေအောင်သည် သူမ၏ အသည်းယားဖွယ်ကောင်း သည့် အပြုအမူပေါ် သူ ဘယ်လိုမှဆက်၍ သည်းမခံနိုင်တော့ အောင် ဖြစ်လာရသည်။





လွန်ပြီ...

ဒါတော့ သူမလေး သိပ်ကို လွန်နေရပြီဖြစ်သည်။ သူ့မှာတော့ နှလုံးသားမှာ မြတ်နိုးနှင့်သည်းစွာ ချစ်ရပါသည့် ချစ်သူလေးကို မြင်ချင်တွေ့ချင်လွန်း၍ ခါတိုင်းလို အလုပ်ပြီး သည်နှင့် သူငယ်ချင်း အပေါင်းအသင်းများနှင့်ပင် လျှောက်မ သွားတော့ဘဲ သူမအရိပ်လေးကို မြင်ရနိုးနှင့် အလုပ်ပြီးနှင့် အိမ်သို့အရောက် ပြန်လာခဲ့သော်လည်း သူတွေ့ချင်မြင်ချင် သည့် ချစ်သူလေးကိုတော့ မမြင်မတွေ့ခဲ့ရပါ။

အမှတ်မထင်လို့ တွေ့ရပြန်တော့လည်း သိုက်သည် သူ့ကို မြင်သည်နှင့် ရှောင်ထွက်သွားတတ်သလို မရှောင်ပြန် ရင်လည်း သူမလေးသည် ဒေါ်ကြီးမှုံအနားသို့ အကြောင်းမရှိ အကြောင်းရှာကာ သွားရောက် တွယ်ကပ်နေတတ်သည်မို့ ဦးမေအောင်မှာ သူမလေးကိုကြည့်ကာ မချင့်မရဲနှင့် ချစ်အ သည်းယားယားကြီး ဖြစ်ရသည်ကိုတော့ ချစ်သူလေး သိမည် မထင်ပါ။

သူမလေးပုံစံက သူ့ကို ပို၍ ချစ်အသည်းယားအောင် လုပ်နေလွန်းသည်ဆိုတာ သိုက်ဆိုသည့် သူမလေး ကိုယ်တိုင် လည်း သိမည်မဟုတ်...

သူ့မှာသာ ချစ်သူလေး၏ ကလေးဆန်မှုနှင့်အတူ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုမစိုက်သလို မထီမဲ့မြင်ပြန်လေးနှင့် ရှောင်နေသည်ကို ကြည့်ကာ ရင်မှာပို၍ မြတ်နိုး စွဲလမ်းနေရတော့သည်။

ချစ်စကားသာပြောပြီး ချစ်သူလေးထံက ချစ်အဖြေကို သူ မတောင်းခဲ့ရသေးပါ။

ဦးမေအောင်သည် သိုက်ထံမှ ချစ်အဖြေကို တောင်းဖို့ ဆိုတာထက် ခု အနေအထားက သိုက်နှင့်ပင် မျက်နှာချင်းဆိုင် တွေ့ဖို့ မလွယ်တာကြောင့် သူမ၏ လုပ်ရပ်များကို သူ့ရင်မှာ ကသိကအောက်နှင့်ပင် လူက မကျေမနပ် ငြိမ်သက်နေရသည် တိုင် သူ့နှလုံးသားကတော့ မငြိမ်သက်နိုင်ပါ။

သိုက်အား သိပ်ချစ်ပါသည့်ဆိုသော စကားများက သူ့ နှလုံးခုန်သံနှင့်အတူ ရင်မှာ ရေရွတ်နေရသလို ချစ်သူလေးကို ချစ်ရသည့် သူ့အချစ်များကလည်း သူ့ရင်မှာ ဘယ်လိုမှ ဖုံးဖိ၍ မရပါ။

"သိုက်ရယ် မင်းလေးကို မောင် သိပ်ချစ်တယ်ဗျာ မောင့်အချစ်ကို မင်းလေး ဘာလို့များ ဥပေက္ခာပြုရက်တာလဲ ဆိုတာ မောင် စဉ်းစားလို့ မရပေမယ့် မင်းဟာ နှလုံးသားထဲမှာ မောင့်ရဲ့ သွေးစက်တွေနဲ့အတူ ဘယ်လိုမှ ခွဲလို့မရတဲ့ ချစ်သူဆိုတာ မင်းလေး သိမှဖြစ်မယ် သိုက်၊ မင်းမရှိတဲ့ မောင့်ဘဝဟာ ဘယ်လိုမှ ရှင်သန်ရပ်တည်လို့ရမှ မဟုတ်ဘူးဆို





တာ မောင့်ကိုယ်မောင်ပဲ သိတယ်၊ သိပ်ချစ်ရပါတယ် သိုက်ရယ်"

ချစ်သူလေးအကြောင်းကို ရင်မှာ တစိမ့်စိမ့်တွေးရင်းက ခံစားမှုတွေ ပိုလာရသော ဦးမေအောင်မှ တွေးရင်းနှင့်ပင် ချစ်သူ မျက်နှာလှလှလေးကို မြင်ချင်တွေ့ချင်လာရသည့်မို့ ဂျူတီပြီးသည့်နှင့် သူ့ချစ်သူလေးရှိရာ ရတနာဒီပသို့ အမြန်ပြန်လာခဲ့လိုက်သည်။

အပြန်လမ်းတွင် ဦးမေအောင်သည် ကားမောင်းရင်းက သိုက်နှင့် ပတ်သက်ကာ အတွေးများနှင့် ရှိလာခဲ့ရသည်။

မဖြစ်တော့...

ဒီတစ်ခါ သိုက် သူ့ကို ခါတိုင်းလို ရှောင်နေဦးမယ်ဆိုရင်ဖြင့် သူသည် သိုက်ကို ခါတိုင်းလို အလျှော့ပေးထား၍ မဖြစ်တော့ပါ။

သိုက်ကို ချစ်ရလွန်းသည့် စိတ်တစ်ခုတည်းနှင့် သူ သိုက်အပေါ် အလျှော့ပေး လိုက်လျှောခဲ့သမျှ သိုက်သည် ဒါကို အခွင့်ကောင်းယူကာ သူ့ကို ဂရုမစိုက် မထီမဲ့မြင်ပြန် လုပ်နေပုံကတော့ သူ့အချစ်စိတ်များကို သူမလေး ဒီထက်ပို၍ ရှင်သန်လာအောင် နှိုးဆွပေးနေတာနှင့် အတူတူဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက အရေးမကြီးပါ။

အရေးကြီးသည်က သိုက်သည် သူ့ကို အတွေ့မခံရှောင်ဖယ်နေသည့် ကိစ္စပင် ဖြစ်သည်။

တစ်အိမ်တည်းမှာ ချစ်သူနှင့်အတူ ရှိနေပါရက်နှင့် ချစ်သူမျက်နှာကို မမြင်တွေ့ရသောအခါ ဦးမေအောင်ရင်ထဲ တစ်စုံတရာ လှစ်ဟာနေသလိုမျိုး ရင်ဝယ် စပ်ဖျင်းဖျင်း ဝေဒနာကြီးက သူ့ရင်ကို ပူစပ်ပူလောင် ဖြစ်စေရသည့်အခါ ဦးမေအောင်သည် သိုက်နှင့် ပတ်သက်ကာ ရင်မှာ ခိုင်မာသည့် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်မိလေ၏။

ထိုကား... တခြားတော့ဖြစ်မည် မဟုတ်ပါပေ။ သိုက် သူ့ကို ခါတိုင်းလို ရှောင်နေလို့ကတော့ ဒီတစ်ခါတော့ဖြင့် သူသည်ဆက်၍ သည်းမခံတော့ဘဲ သိုက်ဆိုသည့် သူမ မဖြစ်ဖြစ်တဲ့နည်းနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ဒီလို ရင်ဆိုင်၍ သိုက်သည် သူ့ကို စိတ်ဆိုးချင်လည်း ဆိုးပါစေတော့... သူ မမှုတော့ပါ။

သိုက် သူ့ကို ဒီလို မထိမဲ့မြင် လုပ်နေတာထက်စာလျှင် သူမနှင့် မျက်နှာချင်းဆိုင်ကာ ပြတ်ပြတ်သားသား ရင်ဆိုင် လိုက်တာကမှ အကောင်းဆုံးဖြစ်မည်မို့ ဦးမေအောင်သည် သူ့ဆုံးဖြတ်ချက်ကို သူ ကျေနပ်ရသလိုမျိုး မျက်နှာချော





ကြီးမှာ အပြုံးတည်တည်ကြီးနှင့် ရှိနေရလေသည်။

ထိုဆုံးဖြတ်ချက်ကြောင့်လည်း ဦးမေအောင်သည် ခါတိုင်း အိမ်ပြန်လာစဉ်ကထက် ဒီနေ့မှာတော့ သူ၏ တိကျပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခုကြောင့် ရင်မှာပို၍ ကြည်လင်လန်းဆန်းကာ စိတ်မှာ ပေါ့ပါးနေရလေသည်။

မကြာလိုက် သူ မောင်းလာသည့်ကားက ရတနာဒီပ၏ ဆင်ဝင်အောက်တွင် ရပ်သွားရပြီးဖြစ်သည်။

ဦးမေအောင်သည် ပေါ့ပါးသွက်လက်သော ခြေလှမ်းတစ်စုံဖြင့် အိမ်ထဲသို့ ဝင်လာခဲ့လိုက်၏။

ရတနာဒီပသို့ ဝင်ပါပြီဆိုကတည်းက သူ၏အကြည့်များက သိုက်၏ အရိပ်လေးကို မျက်စိတဆုံး လိုက်ကြည့်နေပေမယ့် သူမြင်ချင်တွေ့ချင်ပါသည့် သူမလေးကိုကား မမြင်မတွေ့ရသေးပါ။

ဒေါ်ကြီးမှုံနှင့်အတူ သူမလေးများ ရှိလိမ့်နိုးနှင့် မီးဖိုခန်းထဲ ဝင်ကြည့်ပေမယ့် သိုက်ကိုကား မတွေ့ရသေးပါ။

ထို့အခါ...

သူ့ရင်ဝယ် ခံစားမှုတစ်မျိုးကြီး ဖြစ်သွားရလေသည်။

တွေ့ချင်သူကို မတွေ့ရလေ ပို၍ တွေ့ချင်ရလေမို့ ဦးမေအောင်သည် သိုက်အား ရတနာဒီပ၏ အောက်ထပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရှာသော်လည်း သူမလေးကို မမြင်မတွေ့ရသည်မို့ သူ၏ ခြေလှမ်းများက သူမအခန်းရှိရာ အပေါ်ထပ်ဆီသို့ ခြေလှမ်းကျဲကြီးများ တလွှားလွှားဖြင့် တက်လာခဲ့လိုက်သည်။

သူ ထင်သည့်အတိုင်းပင် သိုက်တစ်ယောက်က သူမအခန်းထဲတွင် ရှိနေရလေ၏။

ဦးမေအောင်မှာ စေ့ပိတ်ထားသည့် သိုက်အခန်းကိုကြည့်ပြီး အခန်းထဲတွင် သူမလေးရှိနေမှန်း သိလိုက်ပြီဖြစ်၏။

ကြည့်ရတာ သူမလေးမှာ သူ့အလုပ်က ပြန်လာမည့်အချိန်ကိုမှန်းပြီး သူ့ကိုရှောင်ကာ သူမ အခန်းထဲဝင်နေခြင်းပင် ဖြစ်သည်။

ဦးမေအောင်မှာ သိုက်အကြံကို ကြိုသိသလိုမျိုး သူမ၏ ကလေးဆန်ဆန် အပြုအမူအတွက် သူပြုံးမိသွားရကာ၊ သူ့ခြေလှမ်းများကလည်း အလိုလိုပင် သူမရှိရာ အခန်းရှေ့သို့ ရပ်မိလျက်သား ဖြစ်သွားရသည်။

"ဒေါက်...ဒေါက်...၊ သိုက်... သိုက်... တံခါးဖွင့်ပါဦး မောင်ပါ"

"ဟင်..."

တံခါးခေါက်သံနှင့်အတူ သူ့ကိုယ်သူ မောင်ပါလို့ပြောနေသည့် ဦးမေအောင်၏ အသံကြောင့် သူမအခန်းထဲတွင်





စာဖတ်နေသော သိုက်မှာ လက်ထဲတွင် ကိုင်ထားသည့်စာအုပ်ပင် အောက်သို့ လွတ်ကျသွားရသည့်အထိ လူက ထိတ်လန့်သွားရသည်။

ဦးမေအောင် သူ ဘာကိစ္စ သိုက်တံခါးကို လာခေါက်နေရတာပါလိမ့်

"ဒေါက်... ဒေါက်... သိုက်... မောင်ခေါ်တာ ကြားသား၊ တံခါးဖွင့်ပေးပါဦးကွာ"

"အို... ဒီလူတော့ သေတော့မှာပဲ"

သိုက်မှာ သူ့ကိုယ်သူ တမောင်တည်းမောင်နေသော ဦးမေအောင်ကြောင့် မျက်နှာရဲရဲလေးနှင့် စိတ်မှာ ညစ်ညူးရှုပ်ထွေးသွားရသလိုမျိုး မျက်ခုံးလှလှလေး အစုံမှာ ကုပ်ကွေးသွားရလေ၏။

ခက်တော့ခက်နေရပြီ ဖြစ်သည်။

ဦးမေအောင်ဆိုတာ အရာရာ ဘာကိုမှ ဂရုမစိုက်တတ်၊ သူလုပ်ချင်သည့်အလုပ်ကို ဘယ်လို အတားအဆီးရှိရှိ မဖြစ်ဖြစ်အောင် လုပ်တတ်သူ ဖြစ်တာမို့ သိုက်သည် ဦးမေအောင်၏ တစ်ဇွတ်ထိုးဆန်မှုကို သိထားသူပီပီ ဘယ်သူတွေကြားကြား ဘာကိုမှ ဂရုမစိုက်ဘဲ ရှိချေတော့မည်။

သူ့ကိုယ်သူ တမောင်တည်းမောင်ကာ သိုက်က အခန်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ခိုင်းနေဦးမည်မို့ သိုက်သည် ဒီအတိုင်းနေ၍ မဖြစ်တော့မည်အတူတူ သူမကိုယ်လေးကို အခန်းတံခါးနားသို့ တိုးကပ်သွားလိုက်ပြီး–

"ဘာကိစ္စရှိလို့လဲ ဦးမေအောင်..."

အခန်းတံခါးကို မဖွင့်ပေးပါဘဲ အထဲမှပြန်၍ မေးသော သိုက်စကားကြောင့် ဦးမေအောင်၏ မျက်နှာချောချောမှာ ပြုံးသွားရပြီး–

"သိုက်ကို မောင် စကားနည်းနည်း ပြောစရာရှိလို့ တံခါးဖွင့်ပါဦး သိုက်"

"ဘာပြောမှာလဲ သိုက်နဲ့ ရှင်ကြားမှ ဘာစကားမှ ပြောစရာ မရှိပါဘူး"

"အဟွန်း... အဲဒါက သိုက်ဘက်ကလေ မောင့်ဘက်ကတော့ သိုက်ကိုပြောစရာ စကားတွေ အများကြီးရှိတယ်ကဲပါ... မောင့်ကို တံခါး ခဏဖွင့်ပေးပါ"

"အို... ဖြစ်မလားရှင်..."

"ဟောဗျာ... ဘာလို့မဖြစ်ရမှာလဲ"

"ရှင်နော် ဒီမှာ သိုက်မအားဘူး၊ စာဖတ်နေတယ်"

"ရတယ်လေ၊ ဒါဆိုလဲ သိုက် တံခါးမဖွင့် မပေးချင်မောင် သိုက်အခန်းရှေ့မှာ ဒီလိုပဲ တံခါးခေါက် ခေါ်နေရတော့





မှာပေါ့"

"အို..."

သိုက်မှာ သေချင်လောက်အောင် စိတ်ညစ်သွားရသည်။

အကြောင်းမှာ...

ဦးမေအောင်သည် သူပြောသည့်အတိုင်း သူမ တံခါးမဖွင့်မချင်း အခန်းတံခါးကို ခေါက်နေဦးမည်ဖြစ်သည်ကို သိုက် သိနေသောကြောင့် ဖြစ်သည်။

သိုက်သည် သူ့ကို မကျေနပ်သော်လည်း တံခါးမဖွင့်၍ မဖြစ်တော့သည်မို့ အခန်းတံခါးကို ဖွင့်လိုက်ရလေတော့သည်။

"အဟွန်း...ဟွန်း...ထင်တော့ထင်ပါတယ်၊ သိုက် မောင့်ကို တံခါးဖွင့်ပေးမယ်ဆိုတာ..."

သူ့ကိုယ်သူ အထင်ကြီးလွန်းသော ဦးမေအောင်ကို သိုက်သည် မျက်စောင်းလေး ရွယ်လိုက်တော့ ဦးမေအောင်မှာ အပြုံးချောချောကြီးနှင့် သိုက်အား ချစ်မဝစွာ ကြည့်လာပြီး–

"ဟော... ဘာလို့မောင့်ကို မျက်စောင်းထိုးရတာလဲဗျာ"

"ပြောစရာရှိတယ်ဆိုတာ ဘာလဲ... ပြော..."

အခန်းဝတွင် သူမကိုယ်လေး ပိတ်ရပ်ရင်းက စူတူတူ မျက်နှာလေးနှင့် ကလေးတစ်ယောက်လို ပြောနေသော သိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဦးမေအောင် စိတ်လှုပ်ရှားမှုများဖြင့် မြတ်နိုးစွာ ငေးစို
ကြည့်လိုက်ပြီး–

"အပျွန်း…ပြောပါဦး၊ မောင့်ကို သိုက် ဘာလို့ရှော
နေရတယ်ဆိုတာ…"

"အို… သိုက် ဘယ်သူ့ကိုမှ မရှောင်ပါဘူး"

"တကယ်လားဗျာ…"

"ရှင်နော်… မယုံလဲ လူကို ဘာလို့လာမေးနေလဲ"

"မေးရတာပေါ့ဗျာ၊ ခင်ဗျားလေးက မောင့်ကို တမင်ရှော
ရှောင်နေသလားလို့"

သူမ သူ့ကို ရှောင်နေသည်ကို သူသည် သိနေသလို
ပြုံးလွန့်လွန့် မျက်နှာကြီးနှင့် သိုက်အား စူးစူးကြီးကြည့်က
ဆိုလာတော့ သိုက်မှ သူ့ရှေ့တွင် မနေတတ်အောင် ဖြစ်သွာ
ရလေသည်။

"ရှင်ပြောချင်တာ ဒါပဲလား"

"ဟာ… ဟိုတ်… ဟိုတ်… နေဦး"

သူပြောချင်တာ ပြောပြီးပြီလားဆိုသည့် သဘောနှ
သိုက်သည် သူမ အခန်းတံခါးကို ပြန်ပိတ်ရန်အလု
ဦးမေအောင်သည် ဟန့်တားသံနှင့်အတူ သူ့ကိုယ်ကြီးက
သူမ အခန်းထဲသို့ တိုးဝင်ရောက်ရှိသွားရပြီ ဖြစ်သည်။





"ဟင်… ရှင်…ဒါ ဘာလုပ်တာလဲ၊ ထွက်…ထွက်…
သိုက် အခန်းထဲက ရှင်အခု ထွက်သွားပေးပါ"

"သိုက်ရယ်…"

"အို…"

ရဲပနီမြန်းနေရသော မျက်နှာလေးနှင့် သူ့အား အခန်းထဲ
က တွင်တွင်နှင်ထုတ်နေသော သိုက်ကို ဦးမေအောင်သည်
ဘာမှမပြောတော့ဘဲ သူမ အခန်းတံခါးကို သူသည် နောက်
ပြန်လှည့် ပိတ်လိုက်ပြီးနောက် ရုတ်ခြည်းဆိုသလို သူ့အား
မှင်တက်သလို ကြည့်နေသည့် သိုက်ကိုယ်လေးကို သူ့ဘက်သို့
ဆွဲယူကာ သူမကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ သိမ်းကျုံးပွေ့
ငင်လိုက်လေသည်။

"သိုက်…"

ဦးမေအောင်မှာ စိတ်လှုပ်ရှားလွန်း၍ သူ့အသံပင် မမှန်
ချင်တော့ပါ။

"ဟင့်အင်း…ရှင်…ရှင်…သိုက်ကို မခေါ်နဲ့၊ သွား…
သွားပါ၊ သိုက်အခန်းထဲက ရှင် အခု ထွက်သွားပါ
ဦးမေအောင်"

အခန်းထဲတွင် သူနှင့်အတူ နှစ်ယောက်တည်း ရှိနေရ
ပါသောဆိုသော အသိကြောင့် သိုက်၏ ရင်ခုန်သံတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



မူမမှန်ချင့်တော့ပါ။

ထို့အတူ...

သိုက် စိတ်ထဲတွင်လည်း သူ့အပေါ် စိုးရိမ်မှု၊ ရှက်ရွံ့ကြောက်လန့်စိတ်များဖြင့် လူက ကတုန်ကယင် ဖြစ်နေလျက်–

"ချစ်တယ် သိုက်ရယ်၊ မင်း... မင်း မောင့်အပေါ်ကို ဘာလို့ ရှောင်နေရတာလဲ၊ မောင့်ဘဝမှာ မင်းမရှိလို့ မဖြစ်ဘူး မင်းကို မောင်သိပ်ချစ်တယ်၊ မောင့်ကို မင်း ပြန်ချစ်ပါ သိုက် မင်းမောင့်ကို ပြန်ချစ်ပါနော်"

လှိုက်ဖို တုန်ယင်စွာဖြင့် ဦးမေအောင်မှာ ပြောလဲပြော သိုက်ကိုယ်လေးကိုလည်း သူ့ရင်ခွင်ထဲက မလွှတ်တမ်း ထွေးဖက်ထားလေသည်။

"သိုက်... မင်းမောင့်ကို ချစ်တယ်နော်"

"အို... ဘာလဲ... မသိဘူး လွှတ်ပါ"

သိုက်မှာ ရှက်မျက်နှာရဲရဲလေးနှင့် သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်တော့ ဦးမေအောင်သည် သိုက် မျက်နှာလှလှလေးကို သူနှင့် မျက်နှာချင်းဆိုင် တည့်မတ်ယူကာ–

"အဟွန်း... ဟွန်း... ကျုပ်ချစ်တာကို ခင်ဗျားလေး မသိလို့ မရဘူး၊ သိရမယ် ပြောစမ်း မောင့်ကို မင်းချစ်လား





ဆိုတာ..."

"မချစ်ဘူး... လုံးဝ မချစ်ဘူး"

"အေး... မချစ်နဲ့... အဲဒါ မချစ်နဲ့ဦး"

"အမေ့..."

"အို... ရှင်နော်..."

ဦးမေအောင်မှာ သူ့အား မချစ်ရကောင်းလားဆိုကာ သိုက်ကိုယ်လေးအား သူ့ရင်ခွင်ထဲက တင်းတင်းကြီး ပွေ့ဖက်လျက် သူမ မျက်နှာလေးထက် အနမ်းမိုးများ ဖြိုင်ဖြိုင်ရွာသွန်းလိုက်သည်မှာ သိုက်တစ်ယောက် သူ့ရင်ခွင်ထဲကနေ ဘယ်လိုမှ ရုန်းထွက်လို့ မရတော့ပါ။

ထိုပုံစံအတိုင်း သူတို့နှစ်ဦး အချိန်လေးတွေ ကြာသွားရ၏။

"သိုက်..."

"ရှင်နော်"

"အဟွန်း... မောင့်ကို ကြည့်စမ်းပါဦး သိုက်"

ပြောလည်းပြောရင်းက ခေါင်းလေးငုံ့နေပါသည့် သိုက် မျက်နှာလေးကို ဦးမေအောင်သည် အတင်းပင် ဆွဲမော့ယူလိုက်သည်။

ထိုအခါ...



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းများ ပြည့်နေပါသည့် ရီဝေစူးရှနေသော ဦးမေအောင်၏အကြည့်နှင့် သိုက်၏ ရှက်ရွံ့နေရသော မျက်ဝန်းအကြည့်များ ဆုံဆည်းသွားရလေ၏။

ဦးမေအောင်မှာ ရှက်ရိပ်များ ဝေဖြာလျက် သူ့အား မဝံ့မရဲလေး ကြည့်နေရသော သိုက်၏ လှပနုထွေးသော မျက်နှာလေးကို မြတ်နိုးမဆုံး ငေးစိုက်ကြည့်လျက်က–

"သိုက်ကို မောင် ဘယ်လိုမှ လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး၊ သိုက်ကို မောင်သိပ်ချစ်တယ်၊ မောင့်ကို မင်းလေး အမြန်ဆုံး လက်ထပ်ခွင့်ပြုပါနော် သိုက်..."

အကြည့်စူးစူးကြီးများနှင့် ကြည့်ကာ ပြောလာသော ဦးမေအောင် စကားကြောင့် သိုက်သည် ခေါင်းလေးငုံ့ဆင်း သွားရလေသည်။

သူမ၏ ထိုပုံစံလေးကို ဦးမေအောင်မှာ မချင့်မရဲ ဖြစ် သွားရ၏။

"ပြောလေ သိုက်၊ မောင့်ကို မင်းလေး လက်ထပ်ပါ့ မယ်ဆိုတာ..."

အားမလို အားမရဟန်ဖြင့် သိုက်ကိုယ်လေးကို တင်းခနဲ ဖျစ်ညှစ်ရင်းက ဆိုလိုက်ပါသည့် ဦးမေအောင် စကားကြောင့် သိုက်ထံမှ မျက်စောင်းလှလှလေးက သူ့ထံသို့ ဖျတ်ခနဲ ရောက်





ရှိလာပြီး–

"သိုက်ကို ရှင်မေးတဲ့ မေးခွန်းတွေက အဆင့်ကျော် ခနေလွန်းဘူးလား ဦးမေအောင်"

"ဗျာ..."

"ဟွန့်... ရှင့်ကို ဘယ်သူက ချစ်တယ်ပြောလို့၊ လက် ထပ်ခွင့် တောင်းနေရတာလဲ"

တည့်တည့်ပြောမှ သဘောပေါက်ရတော့သည် ဦးမေအောင်မှာ သိုက် ဘာကိုဆိုလိုသည်ကို ယခုမှ သဘော ပေါက်သွားသလိုမျိုး သူ၏သွားစွယ် ဖွေးဖွေးလေးများ ပေါ် အောင် ပြုံးလိုက်ပြီး–

"အဟွန်း... ဟွန်း... အေးကွာ၊ မောင့်ကို သိုက် အပြစ် ပြောလဲ ခံရမှာပဲ၊ သိုက်ကို ချစ်တဲ့အချစ်တွေ မောင့်ရင်မှာ မဆံ့နိုင်တော့လို့ အခုလို အဆင့်တွေကျော်ပြီး သိုက်ကို မေး မိသွားရတာပါ၊ ကဲ... ပြောပါဦး ဟော့ဒီ ကောင်မလေး သိုက် က မောင့်ကို ချစ်လားဆိုတာ..."

သိုက် နဖူးဝင်းဝင်းလေးထက် ဦးမေအောင်သည် အနမ်း တစ်ချက် ရောက်ရှိသွားရင်းက မေးလိုက်တော့ သိုက်သည် သူ့ကိုမကြည့်ဘဲ အကြည့်လေးများ လွှဲသွားကာ–

"ဘယ်သူက ချစ်တယ် ပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်... ဒါဖြင့် ခင်ဗျားလေးက မောင့်ကို မချစ်ဘူးပေါ့ ဟုတ်လား၊ ကောင်းပြီလေ ရိုးရိုးချစ် အဖြေတောင်းတာကို တောင်းလို့မရတဲ့ မိန်းကလေးကို နောက်မှတ်သွားအောင် မောင် လုပ်ပြရသေးတာပေါ့"

"ဦးမေအောင် ရှင်နော်..."

"ဘာလဲ..."

"ရှင့်ကို မုန်းတယ်"

"ဘာ... ဘာပြောတယ်၊ မောင့်ကို ချစ်တယ် ဟုတ်လား"

ရယ်ရွှယ်ရိပ်များ သန်းနေသော ချစ်မျက်ဝန်းများဖြင့် သိုက် မျက်နှာလေးအား မလွှတ်တမ်း စိုက်ကြည့်ကာ မျက်နှာအတည်ပေါက်ကြီးနှင့် နောက်နေသော ဦးမေအောင်ကြောင့် သိုက်သည် နှုတ်ခမ်းလေး စူးသွားရပြီး–

"မုန်းတယ်... မုန်းတယ်၊ ရှင်ကြီးကို မုန်းတယ်လို့ ပြောတာသိလား"

"ဗျာ..."

"ဘယ်လို မောင့်ကိုချစ်တယ် ချစ်တယ် ဟုတ်လား ဟား... ဟား... ပျော်လိုက်တာဗျာ၊ သိုက်က မောင့်ကိုချစ်ပြီတဲ့ ငါကွ အဟွန်း... ဟွန်း... ဟွန်း..."





"အို..."

လူကြည့်တော့ တည်တည်ကြီးနှင့် အစအနောက်သန်ကာ သိုက်စကားကို အတည်ပေါက်ကြီးနှင့် ပြန်နောက်နေသော ဦးမေအောင်ကို သိုက်သည် အရှုံးပေးရပါတော့မည်။

အရှုံးမပေးလို့ကလည်း မဖြစ်တော့ပါ။

အကြောင်းမှာ...

သိုက်သည် သူမ နှလုံးသားလေးကို သူမဆက်၍ ညာနိုင်စွမ်း မရှိတော့သောကြောင့် ဖြစ်သည်။

မှန်သည်။

သူမဘဝတွင် တစ်သက်လုံး ဘယ်ယောကျ်ားတစ်ယောက်နှင့်မှ ရင်မခုန် ရင်မတုန်ခဲ့သော သိုက်မှာ ယခုတော့ဖြင့် ယောကျ်ားပီသကာ တည်ကြည်ခန့်ညားသော လူချောလူခန့်ကြီး ဦးမေအောင်ကြောင့် သူမ ရင်ခုန်သံတွေ အကြိမ်ကြိမ်များယွင်းလျက် မြန်ဆန်နေတတ်ပြီ ဖြစ်သည်။

ဝန်ခံရမည်ဆိုလျှင် သိုက်သည်လည်း ရတနာဒီပ၏ အရှင်သခင် ဦးမေအောင်ကို စတွေ့ကတည်းက သူမရင်မှာ ပထမဦးဆုံး ဖူးပွင့်လာရသည့် မေတ္တာပန်းဖြင့် နှလုံးသားမှာ နက်ရှိုင်းစွာ ချစ်မိနေခဲ့ရပြီ ဖြစ်သည်။

ထိုအချစ်စိတ် တစ်ခုကြောင့်လည်း သိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



ဦးမေအောင်ကို စိတ်ချမ်းသာစေချင်သည်မို့ သူမ ရင်ထဲက ချစ်မေတ္တာပန်းလေးကို ဆွတ်ခူးရန် ဦးမေအောင်အား ပြောမို့ သူ့မျက်နှာချောချောကြီး မော့အကြည့်–

"ခင်ဗျားလေးက လူကို ဘာကြည့်တာလဲ၊ ပြောလေဗျာ မောင့်ကို ချစ်လားဆိုတာ…"

သိုက် ကိုယ်လေးကို သူ၏မြဲမြံသော လက်အစုံဖြင့် မလွှတ်တမ်း ထွေးဖက်ရင်းက သိုက် မျက်နှာလေးကို ချစ် မြတ်နိုးရပါသော မျက်ဝန်းအစုံဖြင့် ငေးစိုက်ကြည့်ရင်းက မေးလိုက်တော့ သိုက်မှာ ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့သွားရကာ–

"မောင်…"

"ဗျာ…"

တိုးတိတ် ညင်သာသော ချိုသာကြည်မွေ့သည့် ခေါ်သံ လေးက သူ့နားထဲမှ တစ်ဆင့် သူ၏နှလုံးအိမ်ထဲသို့တိုင် စီးဝင် သွားရလေသည်။

"သိုက်…သိုက်…မောင့်ကို ဘယ်လိုခေါ်လိုက်တယ်၊ ပြန်ခေါ်ပါဦး သိုက်၊ မောင့်ကို မောင်လို ပြန်ခေါ်ပါဦး"

"မောင်ရယ်…"

"ဟာ… သိုက်… သိုက်ရယ်"

ဦးမေအောင်မှာ ချစ်သူလေးထံမှာ သူကြားချင်သည့်





စကားကို ကြားလိုက်ရပြီမို့ သူ့ရင်မှာ ဘယ်လောက်ထိ ပျော်ရွှင် ကြည်နူးသွားရသည် မသိပါ။

ရင်ဝယ်ကြည်နူးမှု အရှိန်အဟုန်ဖြင့် သိုက်အား မြတ်နိုး ခြင်း… ကြင်နာခြင်း… ချစ်ခြင်းများစွာတို့ဖြင့် ပီတိများ ဖြာ ဆလျက် သိုက် ပါးပြင်နုနုလေးထက်သို့ သူ့ထံမှ နူးညံ့ညင်သာ သည့် အနမ်းပန်းတစ်ပွင့်က ဖျတ်ခနဲ ရောက်ရှိသွားရကာ သိုက် မှာ ရှက်ပြုံးလေးဖြင့် သူ့ရင်ခွင်ထဲ သူမကိုယ်လေး ဖျတ်ခနဲ တိုးဝင်လာလေ၏။

"မောင်ရယ်…"

"သိုက်ရယ်… ချစ်ရယ်ဗျာ…"

ပျော်ရွှင်မှုများ စီးဝင်နေရပါသော ချစ်သံစဉ်နွေးနွေး ဖြင့် ဆိုညည်းရင်း ချစ်သူကိုယ်လေးကို သူ့ရင်ခွင်မှာ တင်းတင်း လေး ပွေ့ဖက်ထားမိသည်ဆိုရင်ပဲ သူတို့နှစ်ဦး၏ ရင်ထဲ ကြည်နူးခြင်း ပီတိအဟုန်ဖြင့် လွှမ်းခြုံသွားရလေတော့သည်။

သြော်… အချစ်သည် အရာရာကို ကြည်နူး ပျော်ရွှင်ခြင်း များ ဖြစ်စေရသည်က အမှန်ပင် ဖြစ်လေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ချစ်မိကြပြီဆိုတော့လည်း နှစ်ဦးသား မိုးမမြင်လေမမြင် အချစ်သည်းနေကြသူ နှစ်ဦးမှာ ဦးမေအောင်နှင့် သိုက်တို့ နှစ်ဦးပင် ဖြစ်လေသည်။

အချစ်ဆိုတာကို ယခုမှ ခံစားနားလည်ကြသူ ချစ်သူ နှစ်ဦးဖြစ်သည့် ဦးမေအောင်နှင့် သိုက်သည် တစ်ယောက်ကို တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင် နှစ်ဦးသား မခွဲနိုင်မခွာရက် ရှိနေရလေ၏။

ယခုလည်း သိပ်ချစ်ကြသည့် ချစ်သူနှစ်ဦးမှာ ရတနာဒီပ၏ ပန်းဥယျာဉ်ကြီးထဲတွင် တစ်ဦးရင်ခွင်ကို တစ်ဦးခိုလှုံရင်းက ကြင်နာမှု၊ ချစ်ခြင်းများစွာနှင့် ချစ်စကားများ ပြောလို့ မဆုံးနိုင်အောင် ရှိနေရသည်။





"မောင်..."

"ဗျာ..."

"အဟင်း... သိုက်လေ မောင် အဲလိုထူးရင် သိပ်အသည်းယားတာပဲ သိလား"

"အလိုဗျာ... အသည်းယားတယ်ဆိုပြီး မောင့်ကို နမ်းတော့ မနမ်းလိုက်ပါနဲ့နော်"

"ဟာ... မောင်နော်... မောင်"

"အဟွန်း... ဟွန်း... ဟွန်း..."

ချစ်ခြင်းများစွာ စီးဝင်နေရပါသော မျက်ဝန်းအစုံနှင့် သိုက်၏မျက်နှာ နုနုထွေးထွေးကို မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်ရင်းက ဆိုလိုက်ပါသည့် ချစ်သူ ကိုလှချောကြီး၏ စကားကြောင့် သိုက်မှာ ရှက်သွေးလေးများ ဖြာဝေသွားရတော့ ဦးမေအောင်တစ်ယောက် ချစ်သူ မိန်းမချောလေးကို ကြည့်ကာ ရင်မှာကြင်နာ မြတ်နိုးခြင်းများစွာနှင့် ကြည်မွေ့စွာ ရယ်မောလိုက်မိလေသည်။

"မောင့်ကို သိုက် ပြောရဦးမယ် သိလား"

"အင်း... ပြောစေဗျာ၊ မောင့်ချစ်သူလေးပြောတဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှ ဒီမောင် အကုန်နားထောင်မယ် ဟုတ်လား"

"မောင်နော်... မနောက်နဲ့"

"ဟောဗျာ... ဘယ်ကလာ မောင်က နောက်ရမှာလဲ ဒီစကား မောင် တကယ်ပြောနေတာ၊ မောင့်ချစ်သူလေးအသံ ဟော့ဒီက မောင့်ချစ်သူလေး မျက်နှာကို ဒီမောင်က ဖြစ်နိုင် ရင် နာရီစက္ကန့်နဲ့အမျှ ကြားချင်မြင်ချင်နေတဲ့သူဆိုတာ ခင်ဗျား လေး မသိဘူးလား"

"ဟွန်း... ပိုလိုက်တာ"

ပိုရန်ကောဟူသည့် သိုက်ထံမှ ချစ်မျက်စောင်း လှလှ လေးတစ်ခုက ဦးမေအောင်ထံသို့ ရောက်ရှိလာတော့ ဦးမေအောင်၏ နှလုံးသားလေးက တသိမ့်သိမ့်တုန်သွားရ ကာ–

"ဟော့... ကောင်မလေးနော် မင်းလေး မောင့်ကို သိပ် ပြီး အသည်းယားအောင် မလုပ်နဲ့ဗျာ၊ ဒီမောင်က စိတ်မထိန်း နိုင်ရင် အားလုံး ခက်ကုန်လိမ့်မယ် သိရဲ့လား"

"ဟင်... မောင်နော်..."

"မောင်နော် လုပ်မနေနဲ့၊ ပြော... မောင့်ကိုချစ်လား





တာ..."

"ဘာပြောရမှာလဲ"

"ကြည့်... မင်းလေး သိပ်ဆိုးပါလား၊ မောင့်ကို ချစ် လားလို့ မေးနေတယ်လေ"

"မောင်သိရက်နဲ့..."

"မောင်က ဘာကိုသိရမှာလဲ..."

"မောင့်ကို ချစ်တာကိုလေ"

"ဘယ်လို..."

"တော်ပြီကွာ၊ မောင်သိရက်နဲ့ သက်သက် လူလည်လုပ် တယ် သွား..."

"အဟွန်း... ဟွန်း... သွားတော့ မသွားပါရစေနဲ့ဦး၊ မောင့်ချစ်သူလေးနားမှာ ဒီမောင် နေချင်တာကိုလည်း သိုက် သိရက်နဲ့"

ပြောပြောဆိုဆို ဦးမေအောင်သည် သိုက် ကိုယ်နွေးနွေး အိအိလေးကို သူ့ရင်ခွင်ထဲသို့ ဖျတ်ခနဲ ဆွဲသွင်းလိုက်လေ၏။

"ဖယ်ပါ၊ ခုမှ ပိုမနေပါနဲ့နော်၊ ချစ်တဲ့လူက သိုက်ကို တကယ်တမ်း ရတနာဒီပမှာ ခေါ်ထားဖို့ကိုတော့ မငဲ့ရဲခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား”

“ကြည့်စမ်း၊ မင်းလေးက ဒါကို မကျေနပ် ဖြစ်နေတာကို၊ အဟွန်း... မောင်က ခင်ဗျားလေးကို ရတနာဒီပမှာ ခေါ်ထားဖို့ မဝံ့မရဲဖြစ်နေတာ မဟုတ်ဘူးဗျာ၊ မှန်တာပြောရရင် ခင်ဗျားလေးကို ရတနာဒီပမှာ ခေါ်ထားဖို့ မောင့်ဆုံးဖြတ်ပြီးသားပါ၊ ဒါပေမဲ့ မောင့်စိတ်ထဲမှာ ခင်ဗျားလေးဟာ ခေါ်တင်မမရဲ့ သမီးဆိုတဲ့အတွေးက ရှိနေတော့”

“ဘာလဲ...မောင်က မေမေ့ကို...”

“ဟော့... ဟော့... ကိုယ်ထင်ရာ ကိုယ်တွေးပြီး မောင့်ကို စိတ်ဆိုးဖို့တော့ ခင်ဗျားလေး မစဉ်းစားနဲ့နော်၊ မောင်ပြောတာက...”

“အို...တော်ပါပြီ၊ တော်ပါပြီ မောင့်ရဲ့သဘောထားအမှန်ကို သိုက် သိပါပြီ၊ မောင်က သိုက်ရဲ့မေမေကို ကြည်မှ မကြည်ဖြူဘဲကို...”

“ဟာ... ဟိတ်... သိုက် မောင်ပြောတာ ဆုံးအောင် နားထောင်ဦးလေကွယ်”

“အို... ဘာမှနားထောင်စရာ မလိုတော့ဘူး၊ ဖယ်–





သွတ်... မေမေမရှိတော့တာတောင် မေမေ့အပေါ် မကြည်ဖြူနိုင်တဲ့ ရှင့်ကို သိုက် ဘာဆက်ချစ်နေစရာလိုတော့လဲ”

သူ့ရင်ခွင်ထဲမှ ခပ်ဆတ်ဆတ်လေး ရုန်းထွက်ကာ သူ့အား ဆက်မချစ်နိုင်တော့ပါဟု ဆိုလာသူ သိုက်ကို ဦးမေအောင်သည် မျက်ခုံးထူထူကြီး အတွန့်ချိုးလျက် ရင်မှာ အခံရခက်ရသလိုမျိုး အံကို တင်းတင်းကြိတ်ကာ စိုက်ကြည့်လိုက်ပြီး–

“မင်း ပြောချင်တာတွေကို ပြောလို့ပြီးပြီလား၊ သိုက် ပြောပြီးရင်လဲ မောင်ပြောတာကို မင်း နားထောင်ပါဦး”

သိုက်သည် စကားမဆို၊ နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ရင်းက သူမ၏ မျက်နှာလှလှလေးကို တခြားသို့ ဆတ်ခနဲ လွှဲပစ်လိုက်တော့ ဦးမေအောင်သည် ရင်မှာ ဆစ်ခနဲ နာကျင်သွားရ၏။

သို့ပေမယ့်...

ရှိစေဦးဆိုသည့် စိတ်အတွေးနှင့် သိုက်၏အပြုအမူအတွက် နာကျင်ရမှုကို ဦးမေအောင်သည် ရင်မှာ မျိုသိပ်သွားလိုက်ရင်းက–

“အစကတော့ မောင်လဲ ဖေဖေနဲ့ ပတ်သက်ပြီး သိုက်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ အထင်လွဲမိခဲ့ပေမယ့် တကယ်တမ်း ပြန်တွေးကြည့်တော့ သိုက်မေမေမှာ ဘာအပြစ်မှ မရှိဘူးဆိုတာ သိလာတယ်လေ၊ မောင့်ရဲ့ အထင်လွဲမှုတွေအတွက် သိုက် မေမေ အပေါ်မှာ မောင်ပြန်ပြီး အားနာရလေပါပဲ၊ အဲဒီအတွက် မောင် စိတ်ထဲမှာ သိုက် မေမေ့အပေါ်မှာ အမြဲ တောင်းပန်နေမိတယ် ပြီးတော့ သိုက်ရဲ့ မေမေ့အပေါ်မှာ မောင့်ရဲ့ အထင်လွဲမှုတွေ အတွက် ဆတက်ထမ်းပိုး ပေးဆပ်ချစ်သွားဖို့ကိုလဲ မောင် ဆုံး ဖြတ်ခဲ့မိတယ်"

"ဩော်... ကောင်းလိုက်တဲ့အကြံ၊ ရှင်က သိုက်ကိုချစ်တာ၊ မေမေ့အပေါ် အထင်လွဲမှုတွေအတွက် ပေးဆပ်ချင်လို့ ချစ်ခဲ့တာပေါ့လေ ဟုတ်လား"

"ဟာ... ရှုပ်ကုန်ပြီကွာ၊ ရှင်းခါမှ အားလုံး ပိုရှုပ်ကုန်ပြီ၊ မောင်ပြောတာ သိုက်ကို အဲလို သဘောမျိုးပြောတာ မဟုတ်ဘူး၊ မောင်သိုက်ကို သိပ်ချစ်တယ်၊ ချစ်လွန်းလို့လဲ မောင့်ရဲ့ အချစ်တွေနဲ့ သိုက်ကို ဆထက်တိုးပြီး ယုယ ကြင်နာသွားမယ် ပြောနေတာ၊ သိုက်မောင့်ကို နားလည်ပါကွာ"

"မသိဘူး..., မသိဘူး၊ တော်ပြီ ရှင့်ကို ကျွန်မ မချစ်





တော့ဘူး"

ပြောပြီး သိုက်သည် သူ့ရင်ခွင်ထဲမှ ဆတ်ခနဲ ရုန်းထွက်လိုက်တော့ ဦးမေအောင်သည် သိုက်ကိုယ်လေးကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ပြီး–

"ပြန်ပြောစမ်း သိုက်၊ မင်းမောင့်ကို ဘာပြောလိုက်တယ်ဆိုတာ..."

"ရှင်ကြီးကို ကျွန်မ မချစ်တော့ဘူးလို့ပြောတာ၊ သိပြီးလား"

"အေး... သိပြီ... သိပြီ၊ ယောကျ်ားတစ်ယောက်ကို ခုချစ်ပါတယ်၊ ခုမချစ်ပါဘူး၊ အမျိုးမျိုးပြောတတ်တဲ့ မင်းလို မိန်းမကို ကျုပ်ကလဲ သိသွားအောင်လို့ ဟော့ဒီလို..."

"အမေ့..."

"ဟင်... ရှင်..."

"အို..."

သူ့ကို မချစ်တော့ပါဟု ပြောရအောင်လားဆိုကာ ရင်မှာ မချင့်မရဲဟန်ကြီးနှင့် ခံရခက်ကာ ချစ်ဒေါသတွေ အစွမ်းကုန် ပေါက်ကွဲသွားရပါသော ဦးမေအောင်မှာ နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



အစုံကို တင်းတင်းစေ့ပိတ်ရင်းက သိုက်ကိုယ်လေးကို သူနှင့် ရင်ချင်းဆွဲကပ်လျက် တင်းတင်းကြီး ပွေ့ဖက်လာကာ သူ့အနမ်းများကလည်း သိုက် မျက်နှာလေးထက်သို့ လှိုက်လှိုက်လှဲလှဲ ကျရောက်လာတော့သည်။

"ပြောစမ်း မောင့်ကို မင်းချစ်လား၊ မချစ်ဘူးလား ဆိုတာ"

"မချစ်ဘူး"

သိုက် အဖြေစကားကြောင့် သူ့ရင်နာသွားရ၏။

"သိုက်..."

"မခေါ်နဲ့..."

"အဟွန်း... မင်း သိပ်ခေါင်းမာပါလား သိုက်၊ အေး... ဒီလောက် ခေါင်းမာတဲ့မိန်းမ လာစမ်း"

"ဦးမေအောင် ရှင်နော်..."

"အို... အို..."

သူ့ရင်ခွင်ထဲက ရုန်းထွက်ရန် ကြိုးစားနေသော သိုက်ကို ဦးမေအောင်သည် ဘယ်လိုမှ ရုန်းထွက်ခွင့်မပေးပါဘဲ သူမကို ဒီလောက် ခေါင်းမာရပါ့မလားဆိုကာ ချစ်အသည်းယားယား





နှင့် သိမ်းကျုံး ဆွဲပွေ့ယူရင်း–

"မင်းမောင့်ကို ကြည့်စမ်းပါ သိုက်၊ မောင့်ဘဝမှာ မောင့်နှလုံးသားမှာ မိန်းမတစ်ယောက်ကို ရင်မှာ ပထမဦးဆုံး ဖြစ်ပေါ်လာရတဲ့အချစ်နဲ့ မြတ်မြတ်နိုးနိုး ချစ်မိတာ မင်းတစ်ယောက်ပဲ ရှိတယ်၊ ဒါနဲ့တောင်မှ မောင့်အချစ်ကို မင်းဘာလို့ နားမလည်နိုင်ရတာလဲ၊ မောင့်ကိုရော ဘာကြောင့် မချစ်ရတာလဲ၊ မင်းကိုမောင် ဘယ်လိုမှ အဆုံးရှုံးမခံနိုင်ဘူး သိုက်၊ မင်းကို မောင်သိပ်ချစ်တယ်"

မြဲမြဲလွန်းသည့် သူ့လက်များကြားက သိုက်သည် ဦးမေအောင်မျက်နှာကို ကြည့်လိုက်တော့ သူ့မျက်ဝန်းများထဲတွင် သိုက်အား လက်လွှတ် ဆုံးရှုံးလိုက်ရမှာကို စိုးထိတ်သည့် အရိပ်များကို မြင်လိုက်ရတော့ သိုက် သူ့အတွက် စိတ်မကောင်း ဖြစ်သွားရသည်။

တစ်ဆက်တည်း သိုက် သိလိုက်သည်က ဦးမေအောင်သည် သိုက်အား သူ့၏နှလုံးသားတွင် နက်ရှိုင်း ထိုးဖောက်မတတ် သိပ်ချစ်လွန်းသည်ကိုလည်း သိုက်သည် ယုံကြည်လိုက်ရပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုယုံကြည်စိတ်ကြောင့်လည်း သိုက်သည် သူမ အားကိုး တွယ်တာ ချစ်ရပါသည့် မောင့်ရင်ခွင်ကျယ်ကြီးထဲ သူမကိုယ် လေး တိုးဝင်းလျက် ချစ်ခြင်းများ ပြည့်တည်နေရပါသည် မောင့်ရင်ခွင်မှာ နားခိုလိုက်သောအခါ မောင်သည် သိုက်ကိုယ် လေးကို ယုယစွာ ထွေးပွေ့လျက် အလုတရားများ ပြည့်နေရ ပါသော သိုက် မျက်နှာလေးကို အထပ်ထပ် အခါခါ နမ်းရှိုက် နေမိတော့သည်။

"သိုက်ရယ်..."

"မောင်... မောင်ရယ်..."

တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ထွေးဖက်ရင်းက ချစ် သံစဉ်နွေးနွေးလေးများက ချစ်သူနှစ်ဦးကြား ပျော်ရွှင် ကြည်နူး မှုဖြင့် စီးဝင်သွားရသည်။

"မောင်..."

"ဗျာ..."

"သိုက်ကို သိပ်ချစ်တာပဲလားဟင်..."

"အဟွန်း...နောက်တစ်ခါ မောင့်ကို အဲလိုမေးရင် မင်း လေးကို ဒဏ်ခတ်ရလိမ့်မယ် သိလား"





ချစ်ကြည်နူးဟန် အပြုံးချောချောကြီးနှင့် သိုက် နှုတ် လှလှလေးကို ခပ်ဖွဖွဆွဲရင်းက ချစ်ရိပ် ချစ်ဝန်းများ ပြည့်နေရ ပါသည့် အကြည့်များဖြင့် ဦးမေအောင်သည် သိုက်အား ကြည့် ကာ ပြောလိုက်လေသည်။

ထိုအခါ...

သိုက်သည် မောင့်မျက်နှာချောချောကြီးကို ရှက်ရိပ်များ မွှန်းနေရပါသည့် မျက်ဝန်း ပြာလဲ့လဲ့လေးနှင့် ကြည့်လာရင်း–

"ဖြေပါ မောင်၊ သိုက် မေးတာကို မောင်ဖြေပါ"

သိုက်မှ သူမ သိချင်သည့် စကားကိုသာ မောင့်အား မေးလိုက်လေသည်။

"ရော်... ဒီကောင်မလေး တော်တော်ဆိုးပါလား၊ ဒီနေ့ ဒီစကားမှ မောင်မဖြေရင် မဖြစ်တော့ဘူးနဲ့တူတယ် ဟုတ် လား"

ကလေးတစ်ယောက်လို သိုက်အား ချစ်စနိုး ကျီစယ် ဟန်နှင့် ပြုံးလျက် စိုက်ကြည့်ကာ ဆိုလာပါသော မောင့်ကို သိုက်သည်လည်း အပြုံးလှလှလေးနှင့် ကြည့်လိုက်ပြီးနောက် မောင့်ရင်ခွင်ကျယ်ကြီးထဲတွင် သူမ မျက်နှာလေးအပ်လိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်၊ သိုက် သိရမှဖြစ်မယ်"

သိုက်အသံလေးက တိုးလျလျ–

"အဟွန်း… ကောင်းပြီလေ၊ ခင်ဗျားစာ ဒီလောက်သိချင်မှတော့လဲ ပြောရမှာပေါ့၊ ဒါပေမဲ့ မောင့်အချစ်က ပါးစပ်နဲ့ပြောရုံ မလုံလောက်ဘူး၊ သိုက်ကို မောင်ဘယ်လောက်ချစ်လဲဆိုတာ၊ ဟောဒီလို လက်တွေ့ပြမှလဲ ဖြစ်မယ်"

"အို… မောင်…"

"ဟင့်အင်း…"

"မောင်နော်…"

ရှက်လန့်တကြားသံလေးနှင့် သိုက်သည် မောင့်အား ဘယ်လိုပင် ဟန့်တားပါစေ၊ မောင် ကိုလူချောကြီးကတော့ ဂရုမစိုက်ပါတော့–

သူ့အချစ်ကို မသိရကောင်းလားဆိုမည့် စိတ်အတွေးနှင့် ချစ်သူ မိန်းမချောအား မချင့်မရဲကြီး ဖြစ်ရသည့်အဆုံး ဦးမေအောင်၏ မျက်နှာက သိုက် မျက်နှာလှလှလေးထက် ငိုက်ခနဲ ကျသွားကာ သိုက်၏ ပါးပြင်လေးမှာ သူ့အနမ်းများဖြင့် နွေးထွေးသွားစေရသည်။





"ကဲ… မောင်ချစ်တာ သိပြီလား"

"သွား…"

ပန်းသွေးရောင် သန်းနေသော ရှက်မျက်နှာလေးနှင့် သိုက်သည် မောင့်ကိုယ်ကြီးကို သူမလက်လေးအစုံနှင့် တွန်းထုတ်လိုက်တော့၊ မောင်ဆိုသည့် လူပါးက သိုက်ကိုယ်လေးကို သူ့လက်အစုံနှင့် တင်းတင်းကြီး ပွေ့ဖက်ထားရင်း သိုက်အား ခပ်ပြုံးပြုံး စိုက်ကြည့်လာပြီး–

"ဟောဗျာ၊ ဘာလို့ မောင့်ကို တွန်းထုတ်နေရတာလဲ၊ မင်းလေးပဲ မောင့်အချစ်ကို မယုံဘူးဆိုတာကို…"

"ဘယ်သူပြောလဲ မယုံဘူးလို့…"

"ဒါဖြင့် ယုံတယ်ပေါ့"

"အင်း…"

သိုက်မှာ ရှက်ပြုံးလှလှလေးနှင့် ခေါင်းညိတ်ပြလိုက်လေသည်။

ဦးမေအောင်မှာ ချစ်သော မိန်းမချောကို မြတ်နိုးခြင်းများစွာနှင့် ငေးစိုက်ကြည့်ရင်းက–

"ကောင်မလေးကွာ၊ မောင်ချစ်တာ သိရက်နဲ့ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



မေးရတာလဲ”

“ချစ်လို့...”

“ဘာ... ဘယ်လို့...”

“ချစ်လို့... ချစ်လို့... ဟော့ဒီက မောင် လူဆိုးကြီးက သိပ်ချစ်လို့ သိပြီးလား”

“အဟွန်း... သိပြီး... သိပြီး၊ မောင်ကလဲ ဟော့ဒီ ကောင်မလေးကို ချစ်တယ်၊ ချစ်တယ် သိပ်ချစ်တယ်၊ ဟော့ ဒီလို ချစ်တယ်”

“မောင်...”

“အို...”

အပြစ်ကင်းစင်သည့် ကလေးတစ်ယောက်လို သူ့အား ချစ်စဖွယ်ဆိုနေသည့် ချစ်သူလေးကြောင့် ဦးမေအောင်သည် ရင်မှာ သူ၏အချစ်များ ဆက်လက်ချုပ်ထိန်းနိုင်စွမ်း မရှိတော့ သလို သိုက် သူသည် ရင်ခွင်ထဲ ပွေ့ဖက်ထားလိုက်သည်မှာ ဒီတစ်ခါတော့ဖြင့် သိုက်သည် ဘယ်လိုမှ မလွတ်ပါတော့–

မြင်မြင်ချင်းပင် ချစ်မိသွားရပါသော သူ၏အချစ်များ





သည် သိုက်အပေါ် အရှိန်အဟုန် ကြီးမားစွာဖြင့် ပေါက်ကွဲသွားရသည်မှာ သိုက်သည် မောင့်အား စကားပြောခွင့်ပင် မရှိပါတော့–

မြတ်နိုးခြင်း ကြင်နာယုယ ချစ်ခြင်းများစွာဖြင့် ရှိနေရပါသော ချစ်လူဆိုး မောင့်ရင်ခွင်ထဲတွင် သိုက်သည်လည်း ရှက်ပြုံးလှလှလေးနှင့် ရင်ခုန်သံများ မြန်ဆန်စွာ မောင်၏ ချစ်အနမ်းများကို ကြည်ဖြူ ကျေနပ်စွာ ခံယူနေမိတာကလည်း မောင့်ကို သိပ်ချစ်ရသောကြောင့် ဖြစ်ပါသည်။

တကယ်တော့ အချစ်သည် အရာရာကို ဆန်းကြယ်မှုများ ဖြစ်ရံမက ကြည်နူး ပျော်ရွှင်ခြင်းများကိုလည်း အချစ်ကပင် ဖြစ်တည်စေရသည်ကိုတော့ ဦးမေအောင်ရော သိုက်ပါ နားလည်လိုက်ရလေတော့သည် မဟုတ်ပါလား။

**ပျော်ရွှင်မှု ရသများဖြင့်**
**ပြည့်စုံနိုင်ကြပါစေ**
**စာချစ်သူများရဲ့**



www.burmeseclassic.com